http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပထမပြန်စာမေးပွဲ

# ပထမငယ်တန်း

## ပုစ္ဆာ + အဖြေစုံ

၂၀၀၉ – ခုနှစ်

( ပြည်နယ်နှင့်တိုင်း – ၁၇ )

အရှင်တိလောကာဘိဝံသ (အင်းစိန်)

ပထမအကြိမ်

| သာသနာ | ကောဇာ | ခရစ်နှစ် |
| --- | --- | --- |
| ၂၅၅၃ | ၁၃၇၁ | ၂၀၀၉ |

ပထမငယ်တန်း (၂၀၀၉)-ခုနှစ် ပုစ္ဆာ + အဖြေစုံ

http://www.dhammadownload.com

ဤစာအုပ်၌-

ပထမငယ်တန်းဆိုင်ရာ-

၁။ ပြဌာန်းချက်များ

၂။ ပြဌာန်းကျမ်းစာများ

၃။ ပုစ္ဆာထုတ် စည်းမျဉ်းများ

၄။ ဘာသာစုံ မေးခွန်းများ

၅။ ဘာသာစုံ အဖြေများ

စသည်စသည်ဖြင့် ပို့ချသူ, သင်ယူသူများ နည်းရလောက်အောင် ဝေဝေဆာဆာ တင်ပြထားသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ
၂၀၀၄-ခုနှစ် ထုတ်ပြန်အပ်သော
ပြဌာန်းချက်အသစ်များဖြင့် တင်ပြထားပါသည်။

**ဖြန့်ချိရေး**

စာပေထိန်းသိမ်းရေးအဖွဲ့ သိမ်ကျောင်းဆောင်၊ ရွာမပရိယတ္တိစာသင်တိုက်၊
သံမဏိစက်ရုံလမ်း၊ ရွာမ၊ အင်းစိန်။ ဖုန်း ၀၁- ၆၄၀၀၇၅၊ ၆၄၆၄၆၄၊ လိုင်းခွဲ- ၂၁၅။

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပထမပြန်စာမေးပွဲ

# ပထမငယ်တန်း

## ပုစ္ဆာ + အဖြေစုံ

၂၀၀၉-ခုနှစ်

(ပြည်နယ်နှင့် တိုင်း-၁၇)

## အရှင်တိလောကာဘိဝံသ (အင်းစိန်)

ပထမအကြိမ်

| သာသနာ | ကောဇာ | ခရစ်နှစ် |
|---|---|---|
| ၂၅၅၃ | ၁၃၇၁ | ၂၀၀၉ |

http://www.dhammadownload.com

# ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း

ပထမအကြိမ်

၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ

အုပ်ရေ

၂၀၀၀

သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊ ပုံနှိပ်တိုက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင် မှ မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)ဖြင့် ရိုက်နှိပ်ခွင့်ပြု၍ အမှတ်-၁၈၊ သင်္ဃဟာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဦးအုန်းဇော် (မြ-၀၂၆၇၂) နဝရတ်ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

ဖြန့်ချိရေး

စာပေထိန်းသိမ်းရေးအဖွဲ့ ၊ သိမ်ကျောင်းဆောင်၊

ရွာမပရိယတ္တိစာသင်တိုက်၊ သံမဏိစက်ရုံလမ်း၊ ရွာမ၊ အင်းစိန်။

ဖုန်း ၀၁- ၆၄၀၀၇၅၊ ၆၄၆၄၆၄၊ လိုင်းခွဲ- ၂၁၅။

တန်ဖိုး - ၁၀၀၀ ကျပ်

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | က မှ ဂ အထိ |
| ၂။ | စာမိတ်ဆက် | ဃ မှ င အထိ |
| ၃။ | ပထမပြန်စာမေးပွဲ သတ်မှတ်ချက်များ | စ |
| ၄။ | ပထမငယ်တန်း ပြဋ္ဌာန်းကျမ်းစာများ | ဆ မှ ဇ အထိ |
| ၅။ | ပထမငယ်တန်း ပုစ္ဆာထုတ်စည်းမျဉ်း | ဈ မှ ဍ အထိ |
| ၆။ | ထုတ်ဝေပြီးကျမ်းစာ | ဌ |
| ၇။ | ပဏာမ | ဍ |
| ၈။ | ဝိနယ (ဘိက္ခုပါတိမောက်)ဘာသာ | ၁ မှ ၃၆ အထိ |
| ၉။ | ဓမ္မပဒဘာသာ | ၃၇ မှ ၇၄ အထိ |
| ၁၀။ | ကစ္စည်းသဒ္ဒါကြီးဘာသာ | ၇၄ မှ ၁၁၁ အထိ |
| ၁၁ | အဘိဓမ္မတ္ထသင်္ဂဟဘာသာ | ၁၁၁ မှ ၁၄၃ အထိ |
| ၁၂။ | မာတိကာစာတုကထာဘာသာ | ၁၄၄ မှ ၁၈၃ အထိ |
| ၁၃။ | ဘာသာပြန်ဘာသာ | ၁၈၃ မှ ၁၉၈ အထိ |

http://www.dhammadownload.com

http://www.dhammadownload.com

# နိဒါန်းအမှာ

## စာသင်နည်းစနစ်

မြန်မာနိုင်ငံ၏ ပိဋကတ်သင်နည်းစနစ်ကို -

၁။ စာကြီးပေါက်သင်နည်း-

၂။ စာမေးပွဲစနစ်သင်နည်း- ဟု နှစ်မျိုးနှစ်စား တွေ့ရသည်။

ရှေးခေတ်က စာချ, စာသင်ပုဂ္ဂိုလ်တို့သည် များသောအားဖြင့် စာမေးပွဲကို အခြေမခံဘဲ ကျမ်းဂန်တတ်မြောက်မှု, ကျမ်းဂန်ပေါက်ရောက်မှုကို ပဓာနထား၍ သင်ကြား လေ့လာကြသည်၊ သင်ကြားလေ့လာမှု ပြည့်စုံသောအခါ ထက်မြက်ထူးချွန်သော အချို့ပုဂ္ဂိုလ်တို့ အာဗာနည် ရွေးချယ်ပွဲ-

၁။ နှုတ်ဖြေ,

၂။ ရေးဖြေ

စာမေးပွဲဝင်ရောက် ဖြေဆိုသူများလည်း ရှိခဲ့သည်၊ ပုဂံခေတ်မှ **ဦးကျည်မွေ့**-သည် ရေဝတ်ခါလုပ် စဉ်းစားခန်း နှုတ်ဖြေစာမေးပွဲ ဝင်ရောက်ဖြေဆိုပြီး ပညာရှင်ဘွဲ့ရရှိခဲ့သည်၊ ကုန်းဘောင်ခေတ်မှ **တျော်အောင်စံထား** ဆရာတော် နှင့် ဆရာတော် **ဦးမုစ်**-စသော ပုဂ္ဂိုလ်ကျော်များကိုလည်း စာမေးပွဲဖြင့် ဖော်ထုတ်ပေးခဲ့သည်။

အင်္ဂလိပ် အစိုးရခေတ်လောက်မှစ၍ ယနေ့တိုင်အောင် များသောအားဖြင့် စာမေးပွဲကို အခြေခံ၍ ပိဋကတ်သင်ကြားမှု ပြုလာကြသည်၊ စာမေးပွဲစနစ်ဖြင့် ပိဋကတ်သင်ကြားရာ၌ အခြေခံလုံလောက်စွာဖြင့် ပြဒ္ဒာန်းချက်များကို ပြည့်စုံအောင် လေ့လာသင်ကြားသူများသည် များသောအားဖြင့် ထူးချွန်သူများဖြစ်ကြသည်။

၁။ မစိုးရိမ်ဆရာတော် ဦးသူရိယ၊

၂။ တိပိဋကရေ မင်းကွန်း အရှင်ဝိစိတ္တသာရာဘိဝံသ-စသည်တို့သည် စာမေးပွဲဖြင့် ထူးချွန်သူများဖြစ်ကြသည်။

အခြေခံလည်း မလုံလောက်၊ ပြဒ္ဒာန်းချက်လည်း မပြည့်စုံ၊ ကောက်နုတ်ချက်ဖြင့် ဖြတ်လမ်းလိုက်သူများမှာ စာမေးပွဲအောင်သော်လည်း ထူးချွန်သူများ မဖြစ်ကြ။

http://www.dhammadownload.com

## ပုစ္ဆာအဖြေစုံကျမ်း

စာမေးပွဲ အောင်မြင်ရန်နှင့် ဂုဏ်ထူးပန်းကို ပန်ဆင်လိုသူများအတွက် ဤအဖြေစုံများကို စီစဉ်ထားခြင်း ဖြစ်ပါသည်။

ဤအဖြေစုံစာအုပ်များသည် -

၁။ လမ်းညွှန်ကောင်း စွယ်စုံပညာရှင်တစ်ဦး သင့်အနားတွင် အမြဲတမ်း ရှိနေသလိုလည်း ဖြစ်နေပါလိမ့်မည်။

၂။ ပုစ္ဆာအဘော်ကြံဆနည်းကိုလည်း ပေးပါလိမ့်မည်။

၃။ ဖြေနည်း, တင်ပြနည်းကိုလည်း ညွှန်ပြပေးပါလိမ့်မည်။

၄။ မေးခွန်းဟောင်း ရှာဖွေစုဆောင်းရခြင်း ဒုက္ခမှလည်း ကင်းဝေးအောင် ကူညီပါလိမ့်မည်။

၅။ မိမိဉာဏ်မမီသော ပုစ္ဆာအဖြေများကို ဖြေရှင်းပေးမည့် ပညာရှင်များ မိမိအနားတွင် အမြဲတမ်းရှိနေသလိုလည်း ဖြစ်ပါလိမ့်မည်။

ဤသို့ စသည် စသည်ဖြင့် သင်၏ လိုအပ်ချက်များကို လမ်းညွှန်ပေးပါလိမ့်မည်။

## အဖြေစုံ ပမာဏ

တိုင်းနှင့်ပြည်နယ် အသီးသီးမှ ပထမပြန်ပုစ္ဆာများကို တစ်စုတစ်ဝေးတည်း စုစည်းတင်ပြထားပါသည်၊ ယခု ခရစ်နှစ် ၂၀၀၉-ခုနှစ်တွင် တိုင်း ၈-တိုင်း။ ပြည်နယ် ၉-ခု၊ အထူးအောင် ၁-ခု ပေါင်း ၁၈-တို့၏ ပုစ္ဆာနှင့် အဖြေများ စုစည်းတင်ပြထားပါသည်။

## ပုစ္ဆာလိုအပ်ချက်

ယခု ၂၀၀၉-ခုနှစ် ပထမငယ်တန်းပုစ္ဆာများအနက်-

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဓမ္မပဒပုစ္ဆာရှာဖွေ၍ မရခြင်းကြောင့် ပုစ္ဆာနှင့် အဖြေ မတင်ပြနိုင်သည်ကို သည်းခံ ခွင့်လွှတ်ကြဘို့ရန် မေတ္တာရပ်ခံပါသည်။

## စီစဉ်ထားပုံ

ဤအဖြေစုံစာအုပ်၌ ဘာသာရပ်ကို မူတည်၍ စီစဉ်ပါသည်၊ ဥပမာ-

၁။ ဝိနယဘာသာအတွက် တိုင်းနှင့် ပြည်နယ်အစုံ၊

၂။ ဓမ္မပဒဘာသာအတွက် တိုင်းနှင့် ပြည်နယ်အစုံ၊

၃။ သဒ္ဒါဘာသာအတွက် တိုင်းနှင့် ပြည်နယ်အစုံ၊ စသည်ဖြင့် ဘာသာရပ်တစ်ခုချင်း၏

အဖြေများကို တိုင်းနှင့် ပြည်နယ်အစုံအဖြစ် စီစဉ်တင်ပြထားပါသည်၊ တိုင်းနှင့် ပြည်နယ် အစဉ်များကို အက္ခရာအစဉ်ဖြင့် ဖော်ပြထားပါသည်၊ ဥပမာ–

ကချင်၊ ကယား။ ကရင်၊ ချင်း။ စစ်ကိုင်း။ တနင်္သာရီ၊ ပဲခူး (အနောက်)၊ ပဲခူး (အရှေ့)၊ မကွေး။ မန္တလေး။ မွန်၊ ရန်ကုန်၊ ရခိုင်၊ ရှမ်း(တောင်, မြောက်, ရှေ့)၊ ဧရာဝတီ၊ အထူးအောင်–တို့ဖြစ်သည်။

## ကျေးဇူးစကား

ဤပြည်ထောင်စုမြန်မာနိုင်ငံ ပထမငယ်တန်း ပုစ္ဆာအဖြေစုံစာအုပ်ကို သာသနာ့တာဝန်များ ကျောင်းတိုက်တာဝန်များစသည်ဖြင့် မအားမလပ်သည့်ကြားမှ ဝိုင်းဝန်းကူညီပေးကြသော ရွာမပရိယတ္တိစာသင်တိုက်မှ စာချဂဏဝါစက သာသနဓဇ ဓမ္မာစရိယ–ဖြစ်သည့်–

**ဦးဝိမလာစာရာဘိဝံသ**(စာချနာယက) က– ဝိနည်း, သဒ္ဒါ, အဘိဓမ္မတ္ထသင်္ဂဟ, တိကမာတိကာ ဒုကမာတိကာနှင့် ဓာတုကထာဘာသာတို့ကို ကူညီကာ ဖြေဆိုပေးပါသည်။

ဓမ္မပဒဘာသာဆိုင်ရာများကို ဖြေဆိုပေး, ကွန်ပျူတာစာစီ, စာရိုက်ပေးသော–

**မကုသလဝတီ** (သာသနဓဇ ဓမ္မာစရိယ၊ ဝိနယဝိဒူ) သကျဓိတာစာသင်တိုက်၊ စစ်ကိုင်းမြို့ –တို့၏ အကူအညီကိုလည်း ယူရပါသည်။

အပြင်အဆင်မှစ၍ မိမိစိတ်တိုင်းကျဖြစ်အောင် လိုအပ်သမျှအားလုံးကို စိတ်ရှည် လက်ရှည်နှင့် ကြိုးကြိုးစားစား ကွန်ပျူတာ စာစီ, စာရိုက်ပေးသော–

**အရှင်ပညိန္ဒိတ** (ဓာနနာယက) မဟာသတိပဋ္ဌာန်ကျောင်း၊ တောင်ဥက္ကလာပ၊ ရန်ကုန်။

**အရှင်နန္ဒမာလာ** (ငါန်းငွမ်)တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အချိန်မီရန် အလောတကြီး စီစဉ်ရခြင်း, ဆရာတော်ကိုယ်တိုင် အချိန်ယူ၍ ပြန်လည် မစီစစ်နိုင်ခြင်း စသည်တို့ကြောင့် ချွတ်ယွင်းချက်, လစ်ဟင်းချက်များ များစွာပါရှိနိုင်ပါသည်။

**အပြစ်တင်ဝေဖန်ခြင်း, တဲ့ရဲ့ရွှတ်ချခြင်း, အကြံပြုခြင်း စသည်စသည်ဖြင့် ဓည်သည့် အကူအညီမျိုးမဆို ကျေးဇူးတင်စွာဖြင့် လက်ခံကြိုဆိုပါသည်။**

တန်ဆောင်မုန်းလဆန်း ၅–ရက်၊ ၁၃၇၁–ခု၊
၂၂– ၁၀– ၂၀၀၉။

အရှင်တိလောကာဘိဝံသ (အင်းစိန်)
ရွာမပရိယတ္တိစာသင်တိုက်။

# စာမိတ်ဆက်

ဤပြပထမပြန်စားမေးပွဲ ပုစ္ဆာ+ အဖြေစုံ စာအုပ်များကို ရေးသားဖြေဆိုသည့် အနန္တကျေးဇူးရှင် ဆရာတော်သည် သာသနာပြုလုပ်ငန်းများစွာကို ဆောင်ရွက်နေရသူ ဖြစ်ပါသည်။

ကျောင်းတိုက်တာဝန်, ဒကာ+ ဒကာမတို့ ကုသိုလ်အများတိုးပွါးရေးတာဝန်, စာသင်ပေး ရသောတာဝန်, စာချနာယကများမှအစ ကျောင်းတိုက်ရှိစာသင်သား သံဃာအဆုံး အားလုံးတို့ကို လမ်းညွှန်မှုပေးရသည့်တာဝန်, နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် တာဝန်, ယမိုက်+ ပဋ္ဌာန်းသင်တန်းပို့ချ သင်တန်းပေးရသောတာဝန်, တရားစခန်းဖွင့်လှစ် တရား ပြသဟောပြောရသော တာဝန်, စာပေ ရေးသားကျမ်းပြုရသောတာဝန် – စသည်ဖြင့် တာဝန်များ ပြားလှပေသည်။

ထိုတာဝန်များထမ်းဆောင်ရင်း ဤပြပထမပြန်စာမေးပွဲ ပုစ္ဆာ+ အဖြေစုံစာအုပ်များကို ရေးသား ဖြေဆိုရခြင်း ဖြစ်ပေသည်၊ အချိန်တိုအတွင်း စာအုပ်ဖြစ်အောင် စီစဉ်ရသည့် အတွက် အထူးကြိုး စား အားထုတ်ရပေသည်၊ အချိန်မီ စာချ, စာသင် အရှင်မြတ်များတို့၏ လက်ဝယ်ရောက်ရှိရေးသည် အရေးကြီးလှပေသည်။

စာအုပ်ဖြစ်မြောက်ရေးအတွက် တပည့်များကလည်း မိမိတို့နိုင်သည့်ဘက်မှ ဆရာတော်၏ ပါရမီကို ကူညီဆောင်ရွက်ပေးကြရပါသည်၊ မေးခွန်းစုပေးသူကပေး, အဖြေကို ကူညီရှာပေးသူ ကပေး, လက်ရေးဖြင့် နောက်ကလိုက်ရေးသူကရေး, ကွန်ပျူတာစာစီသူကစီ, စာမူခွင့်ပြုချက် ယူသူကယူ, ပုံနှိပ်တိုက်ပို့ပေးသူကပို့ စသည်ဖြင့် အလျင်အမြန်ဆောင်ရွက်ပေးကြရပေသည်။

ပုစ္ဆာဟောင်းတို့၏ အဖြေကို လေ့လာရသည့်အခါ စာချ, စာသင်လေ့လာသူများအဖို့ စာမေးပွဲ အတွက် များစွာအထောက်အကူဖြစ်ပေလိမ့်မည် – ဟု ယုံကြည်မိပါသည်၊ ကျမ်းပြု ဆရာတော်၏ အချိန်များစွာယူ၍ စုစည်းပေးမှုသည် စာချ, စာသင်အရှင်မြတ်များအတွက် ဟင်းလျာစုံဖြင့် အဆင်သင့်ပြင်ဆင်ထားသည့် ဆွမ်းပွဲ(ထမင်းပွဲ)ကြီးပမာ အလွန်ပင်ကောင်းမွန်လှပေသည်။

လေ့လာရသည့်အခါ ပုစ္ဆာ၏ သဘောသဘာဝ အတိမ်အနက်, အယူအဆ, အတွေ့အကြုံ ကောင်းများ များစွာရရှိပြီး စာမေးပွဲဖြေဆိုရသည့်အခါ အထူးပင် အထောက်အကူ ဖြစ်ပေလိမ့်မည် ဟု ယုံကြည်ပါသည်၊ စာမေးပွဲသတ်မှတ်ချက် ပြဋ္ဌာန်းကျမ်းစာ စည်းမျဉ်း စည်းကမ်း ဘာသာရပ် စသည်တို့ကို တစ်စုတစ်ဝေးတည်းတွေ့ရှိရသဖြင့် အလွယ်တကူ လေ့လာခွင့်ရရှိကြမှာ ဖြစ်ပါသည်။

http://www.dhammadownload.com



ပြည်နယ်နှင့်တိုင်း အထူးအောင် ၁၈–ခုတို့၏ ပုစ္ဆာအဖြေများကို တစ်စုတစ်ဝေးတည်း တွေ့ရှိရသဖြင့် အချိန်တိုအတွင်း စာရှုသူတို့ လိုအပ်ချက်များကို ဤစာအုပ်က တာဝန်ယူ ဖြည့်စွက်ပေးပါလိမ့်မည်။

စာမေးပွဲသည် စာသင်သားတို့အတွက် ဘဝတိုက်ပွဲပင် မဟုတ်ပါလော၊ ထိုဘဝတိုက်ပွဲ ဆင်နွှဲနေချိန်ဝယ် စာမေးပွဲအောင်ပန်းကို ပန်ဆင်နိုင်ရေးသည် အဓိကလိုအပ်ချက်ပင် ဖြစ်ပါသည်၊ ထိုလိုအပ်ချက်ကို ဤပုစ္ဆာ+ အဖြေစုံစာအုပ်က တာဝန်ယူပေးပါလိမ့်မည်။

ပြည်နယ်နှင့်တိုင်း အထူးအောင် ၁၈–ခုလုံး၏ ပုစ္ဆာ+ အဖြေများကို ဘာသာတူရာ စုစည်းဖြေပြထားသည်ဖြစ်၍ တစ်ဘာသာကို ၁၈–ကြိမ် အတွေ့အကြုံရယူပြီးသား အတွေ့အကြုံရင့်ကျက်ပြီးသူများပီပီ အထက်တန်းကျကျ မျက်နှာပန်းလှလှ စာမေးပွဲအောင်ပန်းကို ဆင်မြန်းနိုင်ကြပါစေ–ဟု ဆုမွန်ချွေလျက် .....

အရှင်ဝိသိဋ္ဌ (စာကြည့်တိုက်မှူး)
ခေတ်မီ ပိဋကတ်စာကြည့်တိုက်
သိမ်ကျောင်းတော်
ရှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့
၂၂–၁၀–၂၀၀၈၊ ကြာသပတေးနေ့။

http://www.dhammadownload.com



## ပထမပြန်စာမေးပွဲနှင့် ပတ်သက်၍ သတ်မှတ်ချက်များ

၁။ မေးခွန်းလွှာတိုင်း ၃–နာရီ မေးခွန်းဖြစ်သည်၊ မွန်းတည့် ၁၂–နာရီမှ ညနေ ၃–နာရီ အထိ ဖြေခွင့်ရှိသည်။

၂။ အတန်းအလိုက်မေးမည့် မေးခွန်းအရေအတွက်နှင့် ဖြေဆိုရမည့် မေးခွန်းအရေအတွက်မှာ ဘာသာရပ်တိုင်းအတွက် ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်သည်။

| အတန်း | မေးမည့်မေးခွန်း | ဖြေဆိုရမည့် မေးခွန်း |
|---|---|---|
| ပထမငယ်တန်း | ၆– ပုစ္ဆာ | ၆– ပုစ္ဆာ |
| ပထမလတ်တန်း | ၈– ပုစ္ဆာ | ၈– ပုစ္ဆာ |
| ပထမကြီးတန်း | ၁၀– ပုစ္ဆာ | ၁၀– ပုစ္ဆာ |

၃။ တစ်ပုစ္ဆာလျှင် ၁၀–မှတ်စီ သတ်မှတ်၍ အောင်မှတ် ၄၀–ရာခိုင်နှုန်းဖြစ်သည်။ ဘာသာတိုင်း အောင်မှတ်ရမှ အတန်းအောင်အဖြစ် သတ်မှတ်ရမည်။

၄။ အောင်မြင်သူများထဲမှ အမှတ်များရာအလိုက် တစ်နိုင်ငံလုံး ပထမ၊ ဒုတိယ၊ တတိယ အဖြစ် ရွေးချယ်သတ်မှတ်မည်။

၅။ ပထမပြန် စာမေးပွဲကို ရဟန်း, သာမဏေ, သီလရှင်နှင့် လူဝတ်ကြောင် မည်သူမဆို ဝင်ခွင့်ရှိသည်။

၆။ အောက်အောက်အတန်းကို အောင်မြင်ပြီးမှသာ အထက်အထက် အတန်းများကို ဝင်ခွင့်ရှိသည်၊ အထက်အထက် အတန်းများကို အောင်မြင်ပြီးသူသည် အောက်အောက်အတန်းကို ဝင်ခွင့်မရှိစေရ။

၇။ ပထမငယ်တန်းသို့ ဝင်ခွင့်ရသော အငယ်ဆုံးအသက်မှာ ၁၃–နှစ်ဖြစ်သည်၊ စာဖြေသော အချိန်တွင် ၁၃–နှစ် တင်းတင်း ပြည့်ရမည်၊ ၁၃–နှစ် မပြည့်လျှင် ဝင်ခွင့်မပြု။

၈။ ပထမပြန် အထူးအောင်ရွေးချယ်ရေး စာမေးပွဲကို ရုံးသုံးမြန်မာဘာသာဖြင့်သာ ဖြေဆိုရမည်။

# ပြည်ထောင်စု မြန်မာနိုင်ငံတော်
# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
# ပထမပြန်စာမေးပွဲ ကျမ်းစာများ
# ပထမငယ်တန်း ပြဋ္ဌာန်းကျမ်းစာ

## ၁။ ဝိနယ (ဘိက္ခုပါတိမောက်)

(က) ဘိက္ခုပါတိမောက် ပါဠိ၊ အနက်၊ ကျမ်းရင်းအဓိပ္ပါယ်။
(ခ) ကင်္ခါ အဋ္ဌကထာ- (အစမှ ပါရာဇိကုဒ္ဒေသအဆုံးအထိ) အဓိပ္ပါယ်။

**လူနှင့်သီလရှင်များအတွက်-**

(က) ဓမ္မပဒပါဠိတော် (အစမှ ဗာလဝဂ်အဆုံးအထိ) ပါဠိ၊ အနက်၊ အဓိပ္ပါယ်။
(ခ) ဓမ္မပဒအဋ္ဌကထာ (အစမှ ဗာလဝဂ်အဆုံးအထိ) အဓိပ္ပါယ်။

## ၂။ ကစ္စည်းသဒ္ဒါကြီး

(က) ကစ္စည်းသဒ္ဒါကြီး-
သန္ဓိ၊ နာမ်၊ ကာရက၊ အာချာတ်၊ ကိတ် (၅) စောင် ပါဠိ၊ အနက်၊ ရုပ်တွက်၊ အဓိပ္ပါယ်။
(ခ) ရူပသိဒ္ဓိ (သန္ဓိ၊ နာမ် -၂- စောင်လာ ရုပ်တွက်၊ အဓိပ္ပါယ်နှင့်၊ နာမ်ဝိဂ္ဂဟ်း)။
(ဂ) ပုစ်စစ် (သန္ဓိ၊ နာမ်) နှင့် သုတ်စစ်။

## ၃။ အဘိဓမ္မတ္ထသင်္ဂဟ

(က) အဘိဓမ္မတ္ထသင်္ဂဟ-
စိတ်ပိုင်း မှ သမုစ္စည်းပိုင်း အထိ ၇-ပိုင်း။ ပါဠိ၊ အနက်၊ သရုပ်၊ အဓိပ္ပါယ်။
(ခ) ဋီကာကျော် (စိတ်၊ စေတသိက်၊ ပကိဏ်း ၃-ပိုင်း) အဓိပ္ပါယ်။

http://www.dhammadownload.com

## ၄။ တိကမာတိကာ အဘိဓမ္မဒုကမာတိကာနှင့် ဓာတုကထာ

(က) တိကမာတိကာ ပါဌ်၊ အနက်၊ အရကောက်၊ အဓိပ္ပါယ်။

(ခ) အဘိဓမ္မဒုကမာတိကာ ပါဌ်၊ အနက်၊ အရကောက်၊ အဓိပ္ပါယ်။

(ဂ) ဓာတုကထာ (အစ မှ ပဥ္စမနယအဆုံးအထိ) ပါဌ်၊ အနက်၊ အရကောက်၊ အဓိပ္ပါယ်။

## ၅။ ဘာသာပြန်

(က) ဧကနိပါတ အပဏ္ဏကဝဂ်အစမှ ကုရုင်္ဂဝဂ်အဆုံးထိ (ဇာတ်ပေါင်း- ၃၀)။

(ခ) ကုလာဝကဝဂ်အစမှ ကူဋဝဏိဇဝဂ် အနဘိရတိဇာတ်အဆုံးထိ (ဇာတ်ပေါင်း – ၃၅)။

(ဂ) ကူဋဝဏိဇဝဂ် မုဒုလက္ခဏဇာတ်မှ လိတ္တဝဂ် အဆုံးထိ (ဇာတ်ပေါင်း- ၃၅)။

(ဃ) ပရောသတဝဂ် အစမှ ဧကနိပါတ်အဆုံးထိ (ဇာတ်ပေါင်း- ၂၀) ၄-ပိုင်း ပိုင်း၍ ၁-ပိုင်းလျှင် သာမန်အားဖြင့် ၄-နှစ်စီလှည့်၍ မေးခွန်းထုတ်ရမည်။

http://www.dhammadownload.com



# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
# ပထမပြန်စာမေးပွဲ ပုစ္ဆာထုတ်စည်းမျဉ်း
# ပထမငယ်တန်း ပုစ္ဆာထုတ်စည်းမျဉ်း

## ၁။ ဝိနယ (ဘိက္ခုပါတိမောက်)
### မေးခွန်းလွှာ - ၁

(က) ဘိက္ခုပါတိမောက်-

| | |
|---|---|
| ပါဠိအာဂုံ | ၁-ပုစ္ဆာ၊ |
| အနက်ပေး | ၁-ပုစ္ဆာ၊ |
| ဘိက္ခုပါတိမောက် ကျမ်းရင်းအဓိပ္ပါယ် | ၂-ပုစ္ဆာ၊ |

(ခ) ကင်္ခါအဋ္ဌကထာ-

| | |
|---|---|
| ကျမ်းအစမှ ပါရာဇိကဒွေသအဆုံးအထိအဓိပ္ပါယ် | ၂-ပုစ္ဆာ၊ |

**လူနှင့်သီလရှင်များအတွက်-**

(က) ဓမ္မပဒပါဠိတော် (အစမှ ဗာလဝဂ်အဆုံးအထိ)-

| | |
|---|---|
| ပါဠိတော် | ၁-ပုစ္ဆာ၊ |
| အနက်ပေး | ၁-ပုစ္ဆာ၊ |
| ဓမ္မပဒပါဠိတော်အဓိပ္ပါယ် | ၂-ပုစ္ဆာ၊ |

(ခ) ဓမ္မပဒအဋ္ဌကထာ အဓိပ္ပါယ် ၂-ပုစ္ဆာ၊

## ၂။ ကစ္စည်းသဒ္ဒါကြီး
### မေးခွန်းလွှာ - ၂

(က) ကစ္စည်းသဒ္ဒါကြီး-

| | |
|---|---|
| ပါဠိအာဂုံ | ၁-ပုစ္ဆာ၊ |
| အနက်ပေး | ၁-ပုစ္ဆာ၊ |
| ရုပ်တွက် | ၁-ပုစ္ဆာ၊ |

(ပုဒ်ဖြတ်၊ ပုဒ်စပ်၊ ဓာတ်၊ ပစ္စည်း၊ ဝိဘတ်ခွဲခြင်းတို့ပါဝင်သည်)

http://www.dhammadownload.com

ကစ္စည်းကျမ်းရင်းအဓိပ္ပါယ် ၁-ပုဒ်။

(ခ) ရူပသိဒ္ဓိ-

သန္ဓိ၊ နာမ် ၂-စောင်မှ ရုပ်၊ အဓိပ္ပါယ်နှင့် နာမ်ဝိုက်ဏ်း ၁-ပုဒ်။

(ဂ) သန္ဓိ၊ နာမ်၊ ပုဒ်စစ်၊ သုတ်စစ် ၁-ပုဒ်။

## ၃။ အဘိဓမ္မတ္ထသင်္ဂဟ

### မေးခွန်းလွှာ - ၃

(က) အဘိဓမ္မတ္ထသင်္ဂဟ-

ပါဠိအာဂုံ ၁-ပုဒ်။

အနက်ပေး ၁-ပုဒ်။

သရုပ် ၁-ပုဒ်။

ကျမ်းရင်းအဓိပ္ပါယ် ၁-ပုဒ်။

(ခ) ဋီကာကျော် အောက်သုံးပိုင်း အဓိပ္ပါယ် ၂-ပုဒ်။

## ၄။ တိကမာတိကာ အဘိဓမ္မဒုကမာတိကာနှင့် ဓာတုကထာ

### မေးခွန်းလွှာ - ၄

(က) တိကမာတိကာ ၂-ပုဒ်။

(ခ) အဘိဓမ္မဒုကမာတိကာ ၂-ပုဒ်။

(ဂ) ဓာတုကထာအစမှ ပဉ္စမနယအဆုံးအထိ ၂-ပုဒ်။

(ပါဠိ၊ အနက်၊ အရကောက်၊ အဓိပ္ပါယ်များကို သင့်လျော်သလို မေးနိုင်သည်။ ပါဠိ၊ အနက်ကို မေးရာ၌ ၁-ပုဒ်ထက် မပိုရ)

## ၅။ ဘာသာပြန် ဇာတ်အဋ္ဌကထာ

### မေးခွန်းလွှာ - ၅

ပါဠိကို မြန်မာပြန်ဆိုစေခြင်း ၂-ပုဒ်။

မြန်မာကို ပါဠိပြန်ဆိုစေခြင်း ၂-ပုဒ်။

http://www.dhammadownload.com



# ပဏာမ

**လောကဂ္ဂပုဂ္ဂလဖိနံ့ စ သဗ္ဗေသံဃံ၊ နတွာ မမံ သုနယဒါနဂရုဝရေ တံ။**
**ခေဒံ ပဟာယ ပရမံ သုနယံ ဂရူနံ၊ နိဿာယ ဗျာကရဏမဂ္ဂနယံ ကရိဿံ။**

(၁၄–ဆုံးဖြတ်ဝဿန္တထိလကာဂါထာ)

**အဟံ**– ခန္ဓာပေါ်တွင် ပညတ်တင်လျှက် အစဉ်ပြောကြ တိလောက–ဟု နာမတွင်ခေါ် တပည့်တော်သည်၊ **သဗ္ဗေသံဃံ**– တရားရတနာ မြတ်သံဃာနှင့်တကွ ဖြစ်တော်မူသော၊ **လောကဂ္ဂပုဂ္ဂလဖိနံ့ စ**– လောကထွင်ဖူး ပုဂ္ဂိုလ်ထူးဖြစ်သည့် ငါးမာရ်အောင်မြင် ဘုရားရှင်ကိုလည်းကောင်း၊ **မမံ**–တိလောက–ဟု နာမတွင်ခေါ် တပည့်တော်အား၊ **သုနယဒါနဂရုဝရေ စ**– ယခုအခြေတိုင် ရောက်လေအောင် မိန့်ခြွေသွန်းလောင်း နည်းလမ်းကောင်းကို ငဲစောင်းစေတနာ ဖြူစင်စွာဖြင့် သေချာပေးတတ် ဆရာမြတ်တို့ကိုလည်းကောင်း၊ (နမာမိ– အနန္တဂုဏ် ကျေးဇူးဟုန်ကို အကုန်မြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား၊) **နတွာ**– ရှိခိုးပြီး၍၊ **ပရမံ**– သံဃာ့တာဝန်ကို အားသွန်ကြိုးပမ်း ထမ်းရွက်နေရခြင်းကြောင့် အလွန်အမင်းဖြစ်သော၊ **ခေဒံ**–ကိုယ်စိတ်မချမ်း ပင်ပန်းမှုကို၊ **ပဟာယ**– ငဲ့စောင်းစေတနာ ကရုဏာဖြင့် ပယ်ခွာပြီး၍၊ **ဂရူနံ**–ကျောက်ထီးတန္တု အလေးပြုအပ်သည့် ဆရာမြတ်တို့၏၊ **သုနယံ**– မတိမ်းမစောင်း နည်းလမ်းကောင်းကို၊ **နိဿာယ**– အမှီတကဲ သဟဲပြု၍၊ **ဗျာကရဏမဂ္ဂနယံ**– အဖြေလမ်းကြောင်း နည်းနာကောင်းကို၊ **ကရိဿံ**–ရေးသားတီထွင် ပြုစီရင်ပေအံ့။

**သောတာရာနံ ဟိတာဝဟာ၊ နယုပဒေသာ ဝိသဇ္ဇနာ အယံ။**
**နယံ ဂဟေတွာန တံ မမံ၊ ဂဏှထ ဇယဗုမ္ပံ စ သာဓဝေါ။**

(မဏ္ဍာဝုတ္တိ ဝေထာဇိဂါထာ)

**နယုပဒေသာ**– ဖြေပုံဖြေနည်းကိုညွှန်ပြတတ်သော၊ **အယံ ဝိသဇ္ဇနာ**– ဤပထမငယ်တန်းအဖြေစုံကျမ်းသည်၊ **သောတာရာနံ**–အောင်ပန်းကိုမှင် စာပွဲဝင်သည့် စာသင်သားတို့၏၊ **ဟိတာဝဟာ**–အကျိုးစီးပွါးကို ဆောင်တတ်ပေ၏၊ **စ**–တိုက်တွန်းလိုသည်ကား၊ **မမံ**–ငါ၏၊ **တံ နယံ**– ထိုဝိသဇ္ဇနာနည်းကို၊ **ဂဟေတွာန**– ယူကြကုန်၍၊ **သာဓဝေါ**– သူတော်ကောင်းဖြစ်ကုန်သော၊ **တုမှေ**–သင်စာသင်သားတို့သည်၊ **ဇယဗုမ္ပံ**– အောင်ပန်းကို၊ **ဂဏှထ**– လက်ရပိုင်ပိုင် ရယူနိုင်ကြပါစေကုန်သတည်း။

http://www.dhammadownload.com

## ထုတ်ဝေပြီးကျမ်းစာများ

### လက်ဆောင်ကျမ်းများ


၁။ မာတိကာ+ဓာတုကထာလက်ဆောင် — စာပေအမှတ်စဉ်– ၄
၂။ ယမကလက်ဆောင် (အောက် ၅–ကျမ်း) — စာပေအမှတ်စဉ်– ၇
၃။ ယမကလက်ဆောင် (အထက် ၅–ကျမ်း) — စာပေအမှတ်စဉ်– ၆
၄။ ပဋ္ဌာန်းလက်ဆောင် (ဖယား) — စာပေအမှတ်စဉ်– ၅
၅။ ပဋ္ဌာန်းလက်ဆောင် (ပိုချစဉ်) — စာပေအမှတ်စဉ်– ၁၀
၆။ အဘိဓမ္မာလက်ဆောင် — စာပေအမှတ်စဉ်– ၁၆
၇။ ဆန်းလက်ဆောင် — စာပေအမှတ်စဉ်– ၁၇
၈။ သဒ္ဒါလက်ဆောင် — စာပေအမှတ်စဉ်– ၁၈
၉။ သုတ်နက်လက်ဆောင် — စာပေအမှတ်စဉ်– ၂၃
၁၀။ သဒ္ဒါကြီးနိဿယလက်ဆောင် — စာပေအမှတ်စဉ်– ၂၄


### အဖြေစုံကျမ်းများ


၁၁။ အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း– ပုဏ္ဏာအဖြေစုံစာအုပ်များ (၁၉၉၉၊ ၂၀၀၀၊ ၂၀၀၁၊ ၂၀၀၂၊ ၂၀၀၃၊ ၂၀၀၄၊ ၂၀၀၅၊ ၂၀၀၆၊ ၂၀၀၇၊ ၂၀၀၈–ခုနှစ်)


### ဗဟုသုတစာအုပ်များ


၁၂။ ရှင်ပြုရဟန်းခံအကြောင်းသိကောင်းစရာ၊
၁၃။ ကိုးကွယ်မှုဆိုင်ရာအကြောင်း သိကောင်းစရာနှင့် စေတီ+ပုထိုး။ — စာပေအမှတ်စဉ်– ၂၆
၁၄။ ကိုးကွယ်မှုဆိုင်ရာသိစရာနှင့် ဗုဒ္ဓသာသနာ့သမိုင်း။
၁၅။ သမိုင်းတာဝန် ကျေပွန်စေ၊
၁၆။ လက်ရွေးစင် ပရိတ် + ဂါထာ + မန္တန်၊
၁၇။ ခရီးပန်းတိုင်နှင့်လက်ရွေးစင်ဆောင်းပါးများ အမှတ် ၂၈သည့်စသည့် စာအုပ်များကို–



ဖြန့်ချီရေး– စာပေထိန်းသိမ်းရေးအဖွဲ့ သိမ်ကျောင်းဆောင်၊
ရွာမပရိယတ္တိစာသင်တိုက်၊ သံမဏိစက်ရုံလမ်း။
ရွာမ၊ အင်းစိန်။
ဖုန်း ၀၁– ၆၄၀၀၇၅၊ ၆၄၆၄၆၄။ (လိုင်းခွဲ–၂၁၅)

http://www.dhammadownload.com


ဇာတ်ဝတ္ထုများကို အကျဉ်းချုပ်မြန်မာဘာသာဖြင့်
ရေးသားစေခြင်း ၁–ပုဒ်၊
ဇာတ်ဝတ္ထုများမှ ရယူအပ်သော သင်ခန်းစာများကို
ရေးသားစေခြင်း ၁–ပုဒ်၊

## အထွေထွေ

စတုတ္ထအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇–ပါးစုံညီ သတ္တမအစည်းအဝေး၏ ပညာရေးဆိုင်ရာ ဆုံးဖြတ်ချက် ၂–အရ ပထမပြန်အထူးအောင် စာမေးပွဲကို ရှုံးသုံးမြန်မာဘာသာဖြင့်သာ ဖြေဆိုရမည်။
စာမေးပွဲမေးခွန်းများသည် စာမေးပွဲဖြေဆိုချိန် ၃–နာရီ သတ်မှတ်ထားသဖြင့် ၃–နာရီအတွင်း ပြီးစီးအောင် ဖြေဆိုနိုင်မည့် မေးခွန်းမျိုး ဖြစ်ရမည်။
စာမေးပွဲမေးခွန်းထုတ်ရာ၌ မည်သည့်အတန်းကိုမဆို သုံးဆင့်ထက်မပိုသော မေးခွန်း ဖြစ်ရမည်။

http://www.dhammadownload.com

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ၁။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကချင်ပြည်နယ်)

## ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

## ၁၃၇၀-ခုနှစ်၊ တန်ခူးလဆန်း (၈) ရက်၊ (၂-၄-၂၀၀၉) ကြာသပတေးနေ့

၁။ မာတုဂါမ၏ အထံသို့ သွားရောက်၍ မိမိအလိုရှိသော ကာမဂုဏ်ဖြင့် လုပ်ကျွေးရန် တောင်းဆိုသော ရဟန်းအား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်ကို ပါဠိသက်သက် ရေးသားခဲ့ပါ။

၂။ ဆွေမျိုးမတော်သော ဒါယကာ/ဒါယိကာမများထံ သင်္ကန်းတောင်းမှုနှင့်ပတ်သက်၍ ဘုရားရှင် ပညတ်တော်မူထားသော သိက္ခာပုဒ်ကို အနက်ပေးပြခဲ့ပါ။

၃။ ရဟန်းတစ်ပါးကို မလိုမုန်းထားစိတ်ဖြင့် မဟုတ်မမှန် လုပ်ကြံစွပ်စွဲသော ရဟန်းအား သင့်ရောက်နိုင်သော အပြစ်တို့ကို သိက္ခာပုဒ်အမည်တို့နှင့် ယှဉ်တွဲဖြေဆိုခဲ့ပါ။

၄။ သံဃာဒိသိသ် ၁၃-ပါးတို့၌ (က) ပထမာပတ္တိကသိက္ခာပုဒ်၊ (ခ) ယာဝတတိယက သိက္ခာပုဒ်တို့ကို ခွဲခြားပြ၍၊ အပ်ကျည်မလုပ်သင့်သော အရာဝတ္ထုများကိုလည်း ထုတ်ပြခဲ့ပါ။

၅။ သဘာဂါပတ္တိယော စ န ဝိဇ္ဇန္တိ-၌ "သဘာဂါပတ္တိ"အပြားကို ရေတွက်ပြ၍၊ ယဿ သိယာ အာပတ္တိ-ဝယ် (က) ယဿ၊ (ခ) အာပတ္တိ အရတို့ကိုလည်း ကောက်ပြခဲ့ပါ။

၆။ အာပန္နော ဝိသုဒ္ဓါပေက္ခော-၌ "ဝိသုဒ္ဓိ"အရ ဖော်ပြ၍၊ အဘယ့်ကြောင့် "ဝိသုဒ္ဓိ"ဖြစ် သည်ကိုလည်း ရှင်းလင်း ဖြေဆိုခဲ့ပါ။

## ၁။ ကချင်ပြည်နယ် (အဖြေ)

## ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ (အတ္တကာမပါရိစရိယသိက္ခာပုဒ်ကို ပါဠိရေးလေ။)

http://www.dhammadownload.com


၂။ (အညာတကစိညတ္တိသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ ဒုဋ္ဌဒေါသသိက္ခာပုဒ်ဖြင့် သံဃာဒိသိသ်အာပတ်၊
အညဘာဂိယသိက္ခာပုဒ်ဖြင့် သံဃာဒိသိသ်အာပတ်၊
အမူလကသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်။

၄။ (က) သုက္ကဝိဿဋ္ဌိ၊ ကာယသံသဂ္ဂ၊ ဒုဋ္ဌုလ္လဝါစာ၊ အတ္တကာမပါရိစရိယ၊ သဉ္စရိတ္တ၊ ကုဋိကာရ၊ ဝိဟာရကာရ၊ ဒုဋ္ဌဒေါသ၊ အညဘာဂိယ- ပေါင်း ၉-ပုဒ်။
(ခ) သံဃဘေဒ၊ ဘေဒါနုဝတ္တက၊ ဒုဗ္ဗစ၊ ကုလဒူသက-ပေါင်း ၄-ပုဒ်။
**အရာဝတ္ထုများ-** နွားရိုးစသော အရိုး၊ ဆင်စွယ်၊ နွားချိုစသော ဦးချို။

၅။ ဝတ္ထုသဘာဂါပတ္တိ၊ အာပတ္တိသဘာဂါပတ္တိ။
(က) ထေရ, နဝ, မဇ္ဈိမဖြစ်သော ရဟန်း။
(ခ) အာပတ်သင့်ကြောင်း ၆-ပါးတွင် ၁-ပါးပါးကြောင့် သင့်သော အာပတ် ၇-ဖုံတွင် ၁-ဖုံဖုံ။

၆။ လှူဝတ်ကြောင်၊ ဥပါသကာ၊ အာရာမ်စောင့်၊ သာမဏေဘဝများကို ယူရမည်။
**ဝိသုဒ္ဓိဖြစ်ရပုံ-**
လှူဝတ်ကြောင်ဘဝ စသည်ဖြစ်လျှင် ဒါနစသည်ဖြင့် နတ်ပြည်လမ်း၊ ဈာန်စသည်ဖြင့် နိဗ္ဗာန်လမ်းကို ရောက်နိုင်သောကြောင့် ဝိသုဒ္ဓိဖြစ်ရသည်။

၂။ ပထမပြန်စာမေးပွဲ ကျင်းပရေးဇဟိုအဖွဲ့ခွဲ (ကယားပြည်နယ်)
ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ
၁၃၇၀-ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၈) ရက်၊ (၂-၄-၂၀၀၉) ကြာသပတေးနေ့

၁။ အစေလကဝဂ်လာ မာတုဂါမနှင့်သာ စပ်လျဥ်း၍ ပညတ်ထားသောသိက္ခာပုဒ်တို့ကို ပါဠိကုန်စင်အောင် ရေးပြခဲ့ပါ။

၂။ ရဟန်းတော်များ ဆွမ်းခံရာ၌ လိုက်နာထိုက်သော သေခိယသိက္ခာပုဒ်များ နှင့် ရပ်လျက်မစွန့်ကောင်းသောအရာများကို ပြသော သိက္ခာပုဒ်ကို အနက်မှန်ကန်စွာ ရေးပြခဲ့ပါ။

http://www.dhammadownload.com

၃။ ရဟန်းတော်များ မာတုဂါမနှင့်အတူ ကိုယ်လက်နှီးနှောခြင်းသို့ မရောက်သင့်သော အရာများကို ရေးပြ၍၊ သိုးမွေးအခင်းသစ်ကို ပြုလုပ်(ချုပ်လုပ်)လိုသော ရဟန်းတော်များ ပြုလုပ်ရမည့် သိုးမွေးအရောင်တို့ကိုလည်း ဗုဒ္ဓအလိုကျ ရေးပြခဲ့ပါ။

၄။ အောက်ပါရဟန်းတော်တို့အား သင့်ရောက်နိုင်သော အာပတ်များကို သိက္ခာပုဒ်အမည်ထောက်၍ ဆုံးဖြတ်ပြခဲ့ပါ။

(က) ဈာန်, မဂ်, ဖိုလ်တရားမရရှိဘဲ ရ,ဟန်ဆောင်၍ လိမ်ညာပြောဆိုသော ရဟန်း။

(ခ) ကွာရှင်းပြီးသောမိဘနှစ်ပါးအား ပြန်လည်ပေါင်းသင်းရန် အောင်သွယ်မှုပြုသော ရဟန်း။

(ဂ) ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမအား သင်္ကန်းဟောင်း ဖွပ်လျှော်ခိုင်းသော ရဟန်း။

(ဃ) ခဲဘွယ်, ဘောဇဉ်တို့ကို သိုမှီးသိမ်းဆည်း၍ စားသော ရဟန်း။

(င) နေလွဲသောအခါ ထင်ရှားရှိသောရဟန်းကို မပန်ကြားဘဲ ရွာတွင်းသို့ ဝင်သော ရဟန်း။

၅။ သဘာဂါပတ္တိယော စ န ဝိဇ္ဇန္တိ- ဌ သဘာဂါပတ္တိအပြားကို ရေး၍၊ အဖွဲ့ပေါ်သထော ပန္နရသော- ဌ ဥပေါသထအရ ယူသင့်သောဥပုသ်, ပယ်သင့်သောဥပုသ်တို့ကိုလည်း ကင်္ခါလာအတိုင်း ဖြေဆိုခဲ့ပါ။

၆။ ရဟန်းဖြစ်နိုင်ရန် လိုအပ်သော သမ္ပတ္တိအင်္ဂါများကိုလည်းကောင်း။ ပါရာဇိက ၂၄- ပါးတို့တွင် အနုလောမပါရာဇိကတို့ကိုလည်းကောင်း ကင်္ခါလာသည့်အတိုင်း ရေတွက်ဖော်ပြပါ။

## ၂။ ကယားပြည်နယ် (အဖြေ)

### ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ (ရဟောပဋိစ္ဆန္နသိက္ခာပုဒ်၊ ရဟောနိသဇ္ဇသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။)

၂။ သက္ကစ္စပဋိဂ္ဂဟဏ၊ ပတ္တသညီပဋိဂ္ဂဟဏ၊ သမသူပကပဋိဂ္ဂဟဏ၊ သမတိတ္တိကသိက္ခာပုဒ်များနှင့် ဌီတော ဥစ္စာရသိက္ခာပုဒ်ကို အနက်ရေးလေ။

http://www.dhammadownload.com

၃။ လက်ကိုင်ခြင်း။ ဆံပင်ကိုင်ခြင်း။ အခြား ကိုယ်အင်္ဂါတခုခုကို သုံးသပ်ခြင်း။
**ပြုလုပ်ရမည့် သိုးမွေးအရောင်-**
အနက်ရောင် သိုးမွေး ၂-ဖို၊ အဖြူရောင် သိုးမွေး သုံးခုမြောက်သော အဖို့၊ ကြောင်သော အရောင် သိုးမွေး လေးခုမြောက်သော အဖို့ တို့ဖြင့် ပြုလုပ်ရမည်။

၄။ (က) ဥတ္တရိမနုဿဓမ္မသိက္ခာပုဒ်ဖြင့် ပါရာဇိက၊
(ခ) သဉ္စရိတ္တသိက္ခာပုဒ်ဖြင့် သံဃာဒိသိသ်၊
(ဂ) ပုရာဏစီဝရသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်၊
(ဃ) သန္နိဓိကာရကသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊
(င) ဝိကာလဂါမပ္ပဝေသနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်။

၅။ **သဘာဂါပတ္တိ အပြား-** (ကချင် ၅-ရှ)
**ဥပေါသထ အရ**
**ယှသင့်သော ဥပုသ်-** ပန္နရသီဥပုသ်၊
**ပယ်သင့်သော ဥပုသ်-** စာတုဒ္ဒသီဥပုသ်၊ သာမဂ္ဂီဥပုသ်။

၆။ ရဟန်းလောင်း၏ ပြည့်စုံခြင်း ဝတ္ထုသမ္ပတ္တိ၊ ဉတ်၏ ပြည့်စုံခြင်း ဉတ္တိသမ္ပတ္တိ၊ ကမ္မဝါစာ၏ ပြည့်စုံခြင်း အနုဿာဝနသမ္ပတ္တိ၊ သိမ်၏ ပြည့်စုံခြင်း သီမာသမ္ပတ္တိ၊ ပရိသတ်ပြည့်စုံခြင်း ပရိသာသမ္ပတ္တိ။
**အနုလောမပါရာဇိက-**
အင်္ဂါဇာတ်ရှည်သော လမ္ဗီပုဂ္ဂိုလ်၊ ကျောက်ကုန်းပျော့သောပုဂ္ဂိုလ်၊ သူတစ်ပါး၏ အင်္ဂါဇာတ်ကို စုပ်သောပုဂ္ဂိုလ်၊ သူတစ်ပါး၏ အင်္ဂါဇာတ်၌ ရေး၍ထိုင်သောပုဂ္ဂိုလ်။

၃။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကရင်ပြည်နယ်)
ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ
၁၃၇၀-ပြည့်နှစ်၊ တန်ခူးလဆန်း (၈) ရက်၊ (၂-၄-၂၀၀၉) ကြာသပတေးနေ့

၁။ ဖိတ်အပ်သောဆွမ်းရှိသောရဟန်းအား ထင်ရှားရှိသောရဟန်းကို မပန်ကြားဘဲ ဖိတ်အပ်သောအိမ်မှ တစ်ပါးသောအိမ်တို့၌ လှည့်လည်မသွားရန် တားမြစ်သော သိက္ခာပုဒ်ကိုသာ ပါဠိသက်သက်ရေးခဲ့ပါ။

http://www.dhammadownload.com


၂။ ဆွေမျိုးမတော်စပ်သော ဒါယကာ ဒါယိကာမတို့၏ အထံ၌ သင်္ကန်းတောင်းရာအခါကို ပြဆိုသော သိက္ခာပုဒ်ကို အနက်မှန်စွာ ရေးပါ။

၃။ အောက်ပါတို့ကို ဘိက္ခုပါတိမောက်လာသည့်အတိုင်း ဖြေဆိုပါ။

(က) ရဟန်းတော်များ အကာဝ်မခံဘဲ သုံးဆောင်နိုင်သည့် ပစ္စည်းဝတ္ထု။

(ခ) မေ့ကျန်ခဲ့, ကျန်ရစ်ခဲ့သော သူတစ်ပါးပိုင်ပစ္စည်းတို့ကို ကောက်ယူသိမ်းဆည်း ပေးနိုင်ခွင့်ရှိသော နေရာအရပ်။

(ဂ) မြတ်စွာဘုရား၏ လက်သန်းထွာတော်ဖြင့် တိုင်းတာပြဆိုအပ်သော မြတ်စွာ ဘုရားရှင် သင်္ကန်းတော်၏ အလျားနှင့် အနံပမာဏ။

၄။ အောက်ပါရဟန်းတော်တို့အား သင့်ရောက်နိုင်သောအာပတ်တို့ကို သိက္ခာပုဒ်အမည်နှင့် တကွ ဖြေဆိုပါ။

(က) ချမ်းတရားတို့ကို မရဘဲလျက်, ငါချမ်းရနေသည်ဟု ဒကာ/ဒကာမတို့ကို ပြောဆို သော ရဟန်း။

(ခ) သစ်ပင်စိုက်ရန် မြေစစ်ဖြစ်သော (ဇာတပထဝီ)မြေကို သာမဏေအား တူးခိုင်း သော ရဟန်း။

(ဂ) သံဃာသို့ ညွတ်ပြီးသောသံဃာ့လာဘ်ကို မိမိအတွက် အလှူခံသော ရဟန်း။

(ဃ) ရယ်မြူးလို၍ ရဟန်းတစ်ပါး၏ သပိတ်ကို ဝှက်ထားသော ရဟန်း။

(င) မာတုဂါမဖြစ်သော ကျောင်းဒါယိကာမနှင့် တိုင်ပင်၍ ကျိုက်ထီးရိုးဘုရားသို့ ဘုရားဖူးအတူသွားသော ရဟန်း။

၅။ သံဃာဒိသေသ်သိက္ခာပုဒ်တို့တွင် ပဌမာပတ္တိကသိက္ခာပုဒ်တို့၏ အမည် နှင့် ယာဝ တတိယက သိက္ခာပုဒ်တို့၏ အမည်တို့ကို တိကျစွာ ရေတွက်ဖော်ပြပြီး တစ်နှစ်အတွင်း၌ ရရှိနိုင်သော ပကတိစာရိတ္တဖြစ်သော ပန္နရသီ, စာတုဒ္ဒသီ ဥပုသ်တို့ကို သချာမှု ဖြေဆိုပါ။

၆။ ကံ၏အစွမ်းဖြင့်ပြားသော သမ္မုတိသံဃာအပြားတို့ကို ဖော်ပြပြီး (ဥပသမ္ပန္န) ရဟန်း အဖြစ်ခံယူရာ၌ ပြည့်စုံရမည့် အင်္ဂါရပ်များကိုလည်း ကခါလာသည့်အတိုင်း ဖြေဆိုပါ။

၃။ ကရင်ပြည်နယ် (အဖြေ)

ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ (စာရိတ္တသိက္ခာပုဒ်ကို ပါဠိရေးလေ။)

http://www.dhammadownload.com

၂။ (အညာတကဝိညတ္တိသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ (က) ရေ, ဒန်ပူ။
(ခ) ကျောင်းတိုက် အာရာမ်အတွင်း။ မိမိ နေထိုင်ရာ အိမ်, ဇရပ်အတွင်း။
(ဂ) အလျား ၉-ထွာ၊ အနံ ၆-ထွာ။

၄။ (က) ဥတ္တရိမနုဿဓမ္မသိက္ခာပုဒ်ဖြင့် ပါရာဇိက၊
(ခ) ပထဝီခဏနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊
(ဂ) ပရိဏတသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်၊
(ဃ) အပနိဓာနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊
(င) သံဝိဓာနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်။

၅။ **ပဋ္ဌမာပတ္တိက, ယာဝတတိယက- (ကချင် ၄-ရှု)**
**ဉပုသ်သချာ-** ပန္နရသီ ၁၈-ဉပုသ်၊ စာတုဒ္ဒသီ ၆-ဉပုသ်။

၆။ စတုဝဂ္ဂသံဃာ၊ ပဉ္စဝဂ္ဂသံဃာ၊ ဒသဝဂ္ဂသံဃာ၊ ဝီသတိဝဂ္ဂသံဃာ၊ အတိရေကဝီသတိဝဂ္ဂသံဃာ။
**အင်္ဂါရပ်-** (ကယား ၆-ရှု)

၄။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ချင်းပြည်နယ်)
ပထမငယ်တန်း ။ ။ ဝိနယ (ဘိက္ခုပါတိမောက်) ဘာသာ
၁၃၇၀-ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၈) ရက်၊ (၂-၄-၂၀၀၉) ကြာသပတေးနေ့

၁။ ဘိက္ခုပါတိမောက် သံဃာဒိသေသ်လာ ကာယသံသဂ္ဂသိက္ခာပုဒ်ကို ပါဠိမှန်ကန်စွာ ရေးသားပြပါ။

၂။ ဘိက္ခုပါတိမောက် သုဒ္ဓပါစိတ်ဘောဇနဝဂ်လာ နောက်ဆုံးသိက္ခာပုဒ်ကို အနက်ပေးပြပါ။

၃။ ဘိက္ခုနီမနှင့်အတူ တိုင်ပင်၍ ခရီးသွားကောင်းရာ အခါကာလတို့ကို ဘိက္ခုပါတိမောက် သံဝိဓာနသိက္ခာပုဒ်နှင့် အညီ မြန်မာဘာသာဖြင့်သာ ဖြေဆိုပြပါ။

http://www.dhammadownload.com


၄။ အောက်ဖော်ပြပါ ရဟန်းတို့၌ သင့်ရောက်နိုင်သော အာပတ်အမည်တို့ကို သက်ဆိုင်ရာ သိက္ခာပုဒ်အမည်နှင့်တကွ ယှဉ်တွဲကာ ဖြေဆိုပြပါ။

(က) သမ္မုတိမရဘဲ ဘိက္ခုနီမတို့ကို ဆုံးမသော ရဟန်း။

(ခ) ဆွေမျိုးမတော်သော ဘိက္ခုနီမ၏ သင်္ကန်းကို ချုပ်ပေးသော ရဟန်း။

(ဂ) ဆိတ်ကွယ်ရာ အရပ်၌ ဘိက္ခုနီမနှင့် အတူ ထိုင်နေသော ရဟန်း။

(ဃ) မွန်းလွဲပိုင်း၌ ဆွမ်းဘုဉ်းပေးသော ရဟန်း။

(င) ရေကန်ထဲ၌ မြူးတူးပျော်ပါး ကစားသော ရဟန်း။

၅။ အဗဒ္ဓသိမ်သရုပ် ၃-မျိုးကို မှန်ကန်စွာ ရေးသားပြ၍၊ ကင်္ခါဝိတရဏီအဋ္ဌကထာကာရ၏ အစွမ်းဖြင့် ပြားသော ဥပုသ် ၃-မျိုးကိုလည်း မှန်ကန်စွာ ရေးသား ဖြေဆိုပြပါ။

၆။ လိင်္ဂတ္ထေနကပုဂ္ဂိုလ်၏ အဓိပ္ပါယ်ကို ကင်္ခါအဋ္ဌကထာအဖွင့်နှင့်အညီ ဖြေဆိုပြပါ။

## ၄။ ချင်းပြည်နယ် (အဖြေ)

### ပထမငယ်တန်း ။ ။ ဝိနယ (ဘိက္ခုပါတိမောက်) ဘာသာ

၁။ (ပါဠိရေးလေ)

၂။ (ဒုက္ကဋ်ပေါ်ကာသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ ကုန်သည်အပေါင်းနှင့် ခရီးသွားထိုက်ရာအခါ, လမ်းခရီးက ယုံမှားဖွယ်ရှိရာအခါ, ဘေးဘျမ်းရှိရာအခါတို့ ဖြစ်သည်။

၄။ (က) ဩဝါဒသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊

(ခ) စီဝရသိဗ္ဗနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊

(ဂ) ဩဝါဒဝဂ် ရဟောနိသဇ္ဇသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်။

(ဃ) ဝိကာလဘောဇနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်။

(င) ဟာသဓမ္မသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်။

၅။ ဂါမသိမ်၊ သတ္တဗ္ဘန္တရသိမ်၊ ဥဒကုက္ခေပသိမ်။

*ဆောင်- ဂါမ, သတ္တ၊ ဥဒက သုံး၀ အဗဒ္ဓ။*

http://www.dhammadownload.com


ဥပုသ် ၃-မျိုး-

သုဒ္ဓါဓိဋ္ဌာနဥပုသ်၊ ပါရိသုဒ္ဓိဥပုသ်၊ အဓိဋ္ဌာန်ဥပုသ်။

၆။ မိမိဘာသာ ရှင်, ရဟန်းပြုပြီး ရဟန်း ဝါကိုလည်း မရေတွက်, ကြီးစဉ်ငယ်လိုက် ရှင်, ရဟန်းတို့၏ ရှိခိုးမှုကိုလည်း မသာယာ၊ နေရာဖြင့်လည်း မတားမြစ်၊ ဥပုသ်ကံ စသည်၌လည်း မပါဝင် ယင်းသို့သော ပုဂ္ဂိုလ်မျိုးသည် မစင်ကြယ်သော စိတ်ရှိသဖြင့် အသွင်မျှကိုသာ ခိုးသောကြောင့် လိင်္ဂတ္ထေနက မည်၏။

၅။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (စစ်ကိုင်းတိုင်း)

ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁၃၇၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် (၁၃) ရက်၊ (၂၃-၃-၂၀၀၉) တနင်္လာနေ့

၁။ အောက်ပါ သိက္ခာပုဒ်တို့ကို ပါဠိသက်သက် ရေးခဲ့ပါ-

(က) ကောသိယဝဂ်လာ ဘိက္ခုနီမကို အလုပ်စေခိုင်းမှုနှင့် ပတ်သက်၍ ပညတ်သော သိက္ခာပုဒ်၊

(ခ) သပ္ပါဏကဝဂ်လာ "ဇာနံ" သဒ္ဒါပါသော သိက္ခာပုဒ်တို့တွင် နောက်ဆုံးသိက္ခာပုဒ်။

၂။ ဆိုဆုံးမခက်သော ဒုဗ္ဗစရဟန်းအား ရဟန်းကောင်းတို့က ပြောဆိုဆုံးမပုံပြ ပါဠိကို အနက်ပေးခဲ့ပါ။

၃။ အဇ္ဈာန်သွင်းရာ၌ လိုအပ်သော သံဃာအရေအတွက်နှင့် လျော့နည်းပါက ဖြစ်လာနိုင်သော အပြစ်တို့ကို ရေး၍ နိဿိဒိုင်အခင်း ပြုလုပ်လိုသောရဟန်း လိုက်နာရမည့် စည်းကမ်းတို့ကို ဖော်ပြခဲ့ပါ။

၄။ အောက်ပါ ရဟန်းတို့အား သင့်ရောက်နိုင်သော အာပတ်တို့ကို သိက္ခာပုဒ်အမည်နှင့်တကွ ဖြေဆိုခဲ့ပါ-

(က) မာတုဂါမနှင့် မတော်တဆ ထိမိသည်ကို သာယာသော ရဟန်း။

(ခ) မေးသည်ကို မဖြေဘဲ အခြားသောစကားကို ပြောဆိုသော ရဟန်း။

(ဂ) ဖနီးမောင်နံ နှစ်ဦးရှိသော တိုက်ခန်းသို့ ဝင်နေသော ရဟန်း။

(ဃ) သိက္ခာပုဒ်ကို ကဲ့ရဲ့သော ရဟန်း။

(င) စိမ်းသောမြက်ခင်းပြင်ဝယ် ကျင်ငယ်စွန့်သော ရဟန်း။

http://www.dhammadownload.com


၅။ သံဃော ဥပေါသထံ ကရေယျ– ၌ ဥပုသ်အပြားကို ဖြေဆို၍ ရင်းပါဠိတို့ဖြင့် ပြအပ်သော ဥပုသ်ကိုလည်း ဖြေဆိုပြီးလျှင်၊ အလဇ္ဇိလက္ခဏာတို့ကိုလည်း ဖော်ပြခဲ့ပါ။

၆။ မနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေယျ– ၌ မနုဿဝိဂ္ဂဟ အရ ကောက်ပြ၍ တုစ္ဆ မုသာ ဝိလပိတ္တ– ၌ တုစ္ဆ နှင့် မုသာ အထူးကိုလည်း ရေးသားခဲ့ပါ။

## ၅။ စစ်ကိုင်းတိုင်း (အဖြေ)

## ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ (က) ဝွေကလောမဓောဝိပနသိက္ခာပုဒ်
(ခ) ကဏ္ဍကသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။

၂။ (ထင်ရှားပြီ)

၃။ သံဃာအပါး ၂၀။
**အပြစ်** – အဗ္ဘာန်သွင်းမှု မအောင်မြင်ခြင်း။ ကာရကသံဃာများ ဒုက္ကဋ်အာပတ်သင့်ခြင်း။
**လိုက်နာရမည့် စည်းကမ်း**–
အခင်းပေါင်း၏ ထက်ဝန်းကျင် နံပါးတခုမှ ဘုရားရှင်၏ တထွာမျှလောက်သော အရပ်ကို ဖြတ်ယူရမည်။

၄။ (က) ကာယသံသဂ္ဂသိက္ခာပုဒ်ဖြင့် အာပတ်မသင့်။
(ခ) အညဝါဒကသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊
(ဂ) သဘောဇနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊
(ဃ) ဝိလေခနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊
(င) ဟရိတေ ဥစ္စာရသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်။

၅။ သံဃဥပုသ်၊ ဂဏဥပုသ်၊ ပုဂ္ဂလဥပုသ်။
**ပြသော ဥပုသ်**– သံဃဥပုသ်ကို ပြသည်။
**အလဇ္ဇီလက္ခဏာ**–
စေတနာနှင့်တကွ အာပတ်ကိုလွန်ကျူးခြင်း။ အာပတ်ကို ထင်စွာမပြုဘဲ ဖုံးထားခြင်း။ အဂတိလိုက်စားခြင်း။

http://www.dhammadownload.com

၆။ ကလလရေကြည်တည်ခါမှစ၍ အသက်ရှင်ဆဲ လူဇာတ်ရှိသူ၏ ခန္ဓာကိုယ်။

**တုစ္ဆံနှင့် မုသာ အထူး-**

သဒ္ဒါအနက်မှ ကင်းသောကြောင့် အချည်းအနှီးဖြစ်သော စကားသည် တုစ္ဆံ၊ လိမ်လည်လိုခြင်း ချွတ်ယွင်းဖောက်ပြန် မမှန်သော စကားသည် မုသာ၊ ဤသို့ထူးသည်။

၆။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (တနင်္သာရီတိုင်း)

ပထမငယ်တန်း။ ။ ဝိနည်းကျင့်ဝတ်ဘာသာ

၁၃၇၀-ပြည့်နှစ်၊ တန်ခူးလဆန်း (၈) ရက်၊ (၂-၄-၂၀၀၉) ကြာသပတေးနေ့

၁။ လက်ရှိသပိတ် ငါးဖွဲ့ မပြည့်သေးဘဲ သပိတ်သစ်အလှူခံသောရဟန်း၏ အပြစ်ရပုံပြသော သိက္ခာပုဒ်ကို ပါဠိသက်သက်ရေးခဲ့ပါ။

၂။ စိတ်မတူ အယူကွဲသဖြင့် ငြင်းပွဲဆင်နေသော ရဟန်းတို့၏ စကားကို ချောင်းနားထောင်သော ရဟန်းအား အပြစ်ရပုံပြသော သိက္ခာပုဒ်ကို မှန်ကန်စွာ အနက်ပေးပြခဲ့ပါ။

၃။ အာပတ်သင့်ခြင်း၏ အကြောင်းတို့ကို ပါဠိ + မြန်မာတွဲစပ်ဖော်ပြ၍၊ ပထမပါရာဇိကသိက္ခာပုဒ်ဖြင့် အာပတ်မသင့်နိုင်သော ပုဂ္ဂိုလ်တို့၏ စာရင်းကိုလည်း ရှာဖွေတင်ပြခဲ့ပါ။

၄။ ရဟန်းတော်များ စစ်တပ်၌ခိုနားစဉ် မသွားသင့်သော နယ်မြေများကို စိစစ်ပြ၍၊ နောက်ပြောင်လို၍သော်မှ ဝှက်မထားကောင်းသော ရဟန်းအသုံးအဆောင်တို့ကိုလည်း ဖော်ထုတ်ပြပါ။

၅။ အောက်ပါရဟန်း သာမဏေတို့၌ သင့်ရောက်သောအပြစ်ကို သိက္ခာပုဒ်ထောက်၍ တိကျစွာ ညွှန်ပြပါ။

(က) နေညိုညိုမှာ ထန်းရည်မျိုသော ရဟန်း။

(ခ) ဝေဆာဖူးပွင့်နေသော ပိတောက်ခက်ကို ချိုးဖျက်ခူးယူသော ရဟန်း။

(ဂ) ဘုရားပန်းအိုး၌ ပိုးလောက်ရှိမှန်းသိလျှက် သွန်လောင်းစေသော ရဟန်း။

(ဃ) ရွာအတွင်း၌သွားနေစဉ် အဝေးမှလာသော မိန်းမချောကို လေးတောင်ထက်မကမျှော်ကြည့်သော သာမဏေ၊

(င) ကဲ့ရဲ့လိုစိတ်ဖြင့် အခြားတစ်ပါး၏ သပိတ်ကို ကြည့်သော ရဟန်း။

၆။ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့အတွက် အရေးကြီးလှသော အကာပ်မြောက်ကြောင်း အင်္ဂါနှင့် အကပ်ပျက်ကြောင်း အင်္ဂါတို့ကို ပြည့်စုံစွာ ထုတ်ပြခဲ့ပါ။

## ၆။ တနင်္သာရီတိုင်း (အဖြေ)

## ပထမငယ်တန်း ။ ။ ဝိနည်းကျင့်ဝတ်ဘာသာ

၁။ (ဉီနပဥ္စဗန္ဓနသိက္ခာပုဒ်ကို ပါဠိရေးလေ။)

၂။ (ဥပဿုတိသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ အလဇ္ဇိတာ– အရှက်မရှိခြင်း။
အညာဏတာ–မသိခြင်း။
ကုက္ကုစ္စပကတတာ–ကုက္ကုစ္စ နှိပ်စက်ခံရခြင်း။
အကပ္ပိယေ ကပ္ပိယသညိတာ– မအပ်သည့်၌ အပ်သည်ဟု မှတ်ထင်ခြင်း။
ကပ္ပိယေ အကပ္ပိယသညိတာ– အပ်သည့်၌ မအပ်သည်ဟု မှတ်ထင်ခြင်း။
သတိသမ္မောသာ– သတိမေ့လျော့ခြင်း။
**အာပတ်မသင့်သော ပုဂ္ဂိုလ်–**
မသိသော ရဟန်း။ မသာယာသော ရဟန်း။ ရူးသော ရဟန်း။ စိတ်ပျံ့လွင့်သော ရဟန်း။ ဝေဒနာနှိပ်စက်ခံရသော ရဟန်း။ ပထမဆုံး လွန်ကျူးသော ရဟန်း။

၄။ စစ်ပွဲ၊ စစ်သည်အစု ရေတွက်ရာ ဌာန၊ စစ်ဆင်ရာ အရပ်၊ ဆင်တပ်–စသည်ကို ကြည့်ရှုရာအရပ်။
**ရဟန်း အသုံးအဆောင်–**
သပိတ်၊ သင်္ကန်း၊ နှီးသီဒိုင်၊ အပ်ဗူး၊ ခါးပန်းကြိုး။

၅။ (က) သုရာပါနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊
(ခ) ဘူတဂါမသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊
(ဂ) ဘူတဂါမဝဂ် သပ္ပါဏကသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊
(ဃ) ဩကိဠ္ဌစက္ကုသိက္ခာပုဒ်ဖြင့် ဒုက်အပြစ်၊
(င) ဥဇ္ဈာနသညီသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်။

http://www.dhammadownload.com

၆။ **အကာစ်မြောက်ကြောင်းအင်္ဂါ–**

၁။ ကပ်မည့်သူက ရှေးရှုဆောင်ခြင်း။

၂။ ရဟန်း၏ နစ်တောင့်ထွာ ဟတ္ထပါသ်အတွင်းရောက်ခြင်း။

၃။ အားအလယ်အလတ်ရှိသူ မြှောက်ချီနိုင်သော ဝတ္ထုဖြစ်ခြင်း။

၄။ ကိုယ်ဖြင့်ဖြစ်စေ ကိုယ်နှင့်စပ်သော ခွက်စသည်ဖြင့်ဖြစ်စေ ပစ်၍ဖြစ်စေ တစ်မျိုးမျိုးဖြင့် ကပ်သူက ပေးခြင်း။

၅။ ကိုယ်ဖြင့်ဖြစ်စေ ကိုယ်နှင့်စပ်သော ခွက်စသည်ဖြင့် ခံ၍ ထိ၍ဖြစ်စေ တစ်မျိုးမျိုးဖြင့် အကာစ်ခံရဟန်းက ခံယူခြင်း။

*ဆောင်– ရှေးရှုလည်းဆောင်၊ နစ်တောင်ထွာရောက်၊ မြှောက်နိုင်ဝတ္ထု၊ သုံးခုပေးခြင်း။ ခံခြင်းနစ်လျောက်၊ ကပ်ခံမြောက်၊ မှတ်လောက် အင်္ဂါငါးပါးတည်း။*

**အကာစ်ပျက်ကြောင်း အင်္ဂါ–**

၁။ ငဲ့ကွက်မှုမရှိဘဲ စွန့်ခြင်း။

၂။ သိက္ခာချခြင်း။

၃။ သူတစ်ပါးကို ပေးခြင်း။

၄။ လုယူခံရခြင်း။

၅။ သေခြင်း။

၆။ လိင်ပြောင်းခြင်းတို့ ဖြစ်သည်။

*ဆောင်– စွန့်, ချ, ပေး, လု၊ မစ္စု၊ လိင်ပြန်၊ ဤခြောက်တန်၊ ကပ်ခံပျက်ကြောင်းတည်း။*

*(ဘာဋီ)*

၇။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ပဲခူးတိုင်း/အနောက်ပိုင်း)
ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ
၁၃၇၀–ပြည့်နှစ်၊ တပေါင်းလဆုတ် (၁၃) ရက်၊ (၂၃–၃–၂၀၀၉) တနင်္လာနေ့

၁။ ငါးဖွဲ့မပြည့်သော အကြောင်းဖြင့် သပိတ်တောင်းသောရဟန်းအတွက် ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို ပါဠိရေးခဲ့ပါ။

၂။ ဖွယ်ဖွယ်ရာရာ မွန်မြတ်သော ဘောဇဉ်အဖြာဖြာတို့ကို ကျမ်းမာလျက် မိမိအကျိုး

http://www.dhammadownload.com


အတွက် တောင်းယူစားသောက်သောရဟန်းအား ပညတ်တော်မူသော သိက္ခာပုဒ်ကို အနက်ပေးခဲ့ပါ။

၃။ အလှူ့ရှင်မရှိသောကျောင်းကို ဆောက်လုပ်ရာ၌ လိုက်နာရမည့် အတိုင်းအထွာ ပမာဏ တို့ကို ဗုဒ္ဓ, မဇ္ဈိမပုရိသ, ပကတိပုရိသတို့၏ အတိုင်းအထွာတို့ဖြင့် အသီးသီးဖြေဆိုပြီးလျှင်၊ ဒုတိယအနိယတသိက္ခာပုဒ်၌ အဘယ်သို့သော နေရာအရပ်မျိုးဝယ် အဘယ်သို့ နေထိုင်မှုကို ပြုခြင်းကြောင့် အပြစ်သင့်ရသည်ကိုလည်း ဖြေဆိုခဲ့ပါ။

၄။ သင်္ကန်းကိုအလိုရှိသောရဟန်းသည် အမှုကြီးငယ်ပြုသောသူသို့ကပ်၍ သင်္ကန်းရရန် အဘယ်ကဲ့သို့ ပြုမူဆောင်ရွက်ရမည်ကို ပါတိမောက်ပါအတိုင်း မြန်မာစကားပြေဖြင့် ဖြေဆိုပြီးလျှင်၊ အသက် ၂၀-မပြည့်သေးသော လူငယ်လေးကို ပဉ္စင်းပြုပေးရာ၌ အပြစ် သင့်ရောက်ပုံတို့ကို အာဂမသာကေတို့ဖြင့် ပုဂ္ဂိုလ်အလိုက် အသီးသီးတွဲစပ်ဖြေဆိုခဲ့ပါ။

၅။ သိမ်အောင်မြင်မှု၌ အရေးပါသော နိမိတ္တသမ္ပတ္တိတို့တွင် ရုက္ခနိမိတ်အရ နိမိတ်လောက် သောသစ်ပင်ကို ကခ်ီအလိုကျ ကောက်ပြပြီး၊ "သာခုကံ သုကောမ" ဝါကျ၏ အဓိပ္ပါယ် ကို အကျယ်အားဖြင့် အများနားလည်အောင် ကခ်ီအလိုကျ ဖြေဆိုပြခဲ့ပါ။

၆။ "ယော ပန ဘိက္ခု ဂါမာ ဝါ အရညာ ဝါ"၌ ဂါမ, ဂါမူပစာရတို့တွင် ဂါမအပိုင်းအခြားကို ကခ်ီဆရာအလိုကျတိကျစွာ ကောက်ပြပြီး၊ မနုဿဝိဂ္ဂဟသိက္ခာပုဒ်၌ သတ်ဖြတ်ခြင်းကို ပြုနိုင်သော ပယောဂသရုပ်နှင့် ဒုတိယမြောက် ပယောဂ၏ အဓိပ္ပါယ်ကို ကခ်ီနှင့်အညီ ဖြေဆိုခဲ့ပါ။

## ၇။ ပဲခူးတိုင်း/အနောက်ပိုင်း (အဖြေ)

ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ (ဦးနပဉ္စဗန္ဓနသိက္ခာပုဒ်ကို ပါဠိရေးလေ။)

၂။ (ပဏီတဘောဇနသိက္ခာပုဒ်ကို အနက်ရေးလေ။)

| | | |
|---|---|---|
| ၃။ | ဗုဒ္ဓ- | အလျား ၁၂-ထွာ၊ အနံ ၇-ထွာ၊ |
| | မဇ္ဈိမပုရိသ- | အလျား ၃၆-ထွာ၊ အနံ ၂၁-ထွာ၊ |
| | ပကတိပုရိသ- | အလျား ၅၄-ထွာ၊ အနံ ၃၁-ထွာနှင့် ၆-လက်သစ်။ |

http://www.dhammadownload.com


**အပြစ်သင့်ခြင်း–**

အကာအကွယ်လည်း မရှိ၊ မေထုန်မှုကို ပြုနိုင်လောက်သော နေရာလည်း မဟုတ်၊ ရှုန်းရင်းသော မေထုန်နှင့်စပ်သော စကားတို့ဖြင့် ယုတ်ယုတ်မာမာ ပြောဆိုနိုင်လောက်သော နားကွယ်ရာ၌ မာတုဂါမနှင့်အတူ တစ်ယောက်ချင်း ထိုင်ခြင်းကြောင့် အပြစ်သင့်သည်။

၄။ သင်္ကန်းအလိုရှိကြောင်း ပြော၍ ၂–ကြိမ်၊ ၃–ကြိမ်အထိ တောင်းရ၊ သတိပေးရမည်၊ ယင်းသို့ မရလျှင် ၄–ကြိမ်, ၅–ကြိမ်, ၆–ကြိမ်တိုင်အောင် မည်သည့် စကားမျှ မပြောဘဲ သင်္ကန်းကို ရည်မှန်း၍ ရပ်ရုံသာ ရပ်ရမည်၊ ယင်းသို့ မရလျှင် အလှူရှင်ထံ ကိုယ်တိုင် သွား၍ဖြစ်စေ, တမန်လွှတ်၍ဖြစ်စေ သင်္ကန်းဖိုး ပြန်တောင်းရန် ပြောရမည်။

**အပြစ်သင့်ရောက်ပုံ–**

သော စ ပုဂ္ဂလော အနုပသမ္ပန္နော–ကိုထောက်၍ ရဟန်းလောင်း ရဟန်းမဖြစ်။

တေ စ ဘိက္ခူ ဂါရယှာ–ကိုထောက်၍ ဥပဇ္ဈာယ်ရဟန်းမှတစ်ပါး ကျန် ကာရကသံဃာများ ဒုက္ကဋ်အာပတ်သင့်သည်။

ဣဒံ တသ္မိံ ပါစိတ္တိယံ–ကိုထောက်၍ ဥပဇ္ဈာယ်ရဟန်း ပါစိတ်အာပတ်သင့်သည်။

၅။ အသက်ရှင်နေဆဲဖြစ်ခြင်း။ အတွင်း၌ အနှစ်ရှိခြင်း။ မြေပြင်ပေါ်၌ တည်ခြင်း။ အနည်းဆုံး အမြင့် လက် ၈–သစ်ရှိခြင်း။ အနည်းဆုံး လုံးပတ် သီဟိုဠ်ကညစ်ရိုးပမာဏရှိခြင်း ဤလက္ခဏာများနှင့် ပြည့်စုံသော သစ်ပင်သည် နိမိတ်လောက်သော သစ်ပင်ဖြစ် သည်။

**သာရက် သုဏောမ အဓိပ္ပါယ်–**

ပါတိမောက်ကို အလိုရှိသည်ကို ပြု၍ နှလုံးသွင်း၍ သောတဒွါရအစွမ်းဖြင့် စိတ်အားလုံး ဖြင့် ကောင်းစွာ ဆောင်ထားခြင်းကို သာရက် သုဏောမ–ဟုခေါ်သည်။

၆။ ခြံစည်းရိုးမရှိလျှင် အစွန်ဆုံးအိမ်မှ အားအလယ်အလတ်ရှိသူ၏ ခဲတစ်ကျအတွင်း, ခြံစည်းရိုးရှိလျှင် ခြံစည်းရိုးအတွင်း သည် ဂါမ။

**ပယောဂသရုပ်–**

သာဟတ္ထိက၊ နိဿဂ္ဂိယ၊ အာဏတ္တိက၊ ထာဝရပယောဂ၊ ဝိဇ္ဇာမယ၊ ဣဒ္ဓိမယ။

**နိဿဂ္ဂိယအဓိပ္ပါယ်–**

အဝေး၌တည်သူကို သေစေလိုသဖြင့် ကိုယ်ဖြင့်ဖြစ်စေ ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့် ဖြစ်စေ မြှား, လှံစသည်ကို ပစ်လွှတ်ခြင်း။

၈။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ပဲခူးတိုင်း အရှေ့ပိုင်း)
ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ
၁၃၇၀-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၃) ရက်၊ (၂၃-၃-၂၀၀၉) တနင်္လာနေ့

၁။ တောနေရဟန်းများအား အထူးအခွင့်အရေးပေး၍ မြတ်စွာဘုရား ပညတ်တော်မူအပ်သော (သာသက်) သိက္ခာပုဒ်ကို ပါဠိရေးပါ။

၂။ သင်္ကန်းအသစ်ရရှိသော ရဟန်းအား လိုက်နာဆောင်ရွက်ဖွယ်ကို ပြဆိုသည့် (ဒုဗ္ဗဏ္ဏကရဏ) သိက္ခာပုဒ်ပါဠိတော်ကို အနက်ရေးခဲ့ပါ။

၃။ ဥပုသ်ကံ ပြုရာ၌ ပါတိမောက်ကိုပြဆိုမည့်ရဟန်း သံဃာတော်များအား ကြိုတင်အသိပေးလျှောက်ထားသော (ဉတ်) ပါဠိကို မြန်မာစကားပြေရေး၍ သာသနာတော်၌ ကျန်းမာရေးအတွက် အသုံးပြုရမည့် ဆေးပစ္စည်းများကိုလည်း ပါဠိ+မြန်မာ နှစ်ဘာသာဖြင့် ယှဉ်တွဲ ဖော်ပြခဲ့ပါ။

၄။ အောက်ပါရဟန်းတို့အား သင့်ရောက်သော အပြစ်ကို သိက္ခာပုဒ်အမည်နှင့်တကွ ဖြေဆိုခဲ့ပါ။
(က) နေ့သမီး ညဖနီးလုပ် မွေးစားသော ရဟန်း။
(ခ) ညီညွတ်သောသံဃာကို ကွဲပြားအောင်အားထုတ်သော ရဟန်း။
(ဂ) သံဃိကလာဘ်ကို မိမိသို့ ရည်ညွှန်းသော ရဟန်း။
(ဃ) ရေ၌ မြူးတူးကစားသော ရဟန်း။
(င) ဆွမ်းလုံးပေသော လက်ဖြင့် သောက်ရေခွက်ကို ကိုင်သော ရဟန်း။

၅။ "ဝိနည်းမှာသိမ် သဒ္ဒါမှာလိင်" ဟူသော ဆိုရိုးစကားနှင့်အညီ သိမ်ကောင်းတစ်လုံးဖြစ်ရန် ပြည့်စုံရမည့် အင်္ဂါများကို ရေး၍ သုဏာတု မေ ဘန္တေ သံဃော-၌ သံဃော-အရ ယူရမည့် သံဃာကိုလည်း ဖြေဆိုခဲ့ပါ။

၆။ ပထမ ပါရာဇိကသိက္ခာပုဒ်၏ နိဒါန်း, ပုဂ္ဂိုလ်, ဝတ္ထုတို့ကို ဖြေဆို၍ လူသတ်မိသော်လည်း ပါရာဇိကမကျသည့် ပုဂ္ဂိုလ်များကိုလည်း ထုတ်ဆောင်ပြခဲ့ပါ။

http://www.dhammadownload.com

၈။ ပဲခူးတိုင်း/ အရှေ့ပိုင်း (အဖြေ)

ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ (ပါဠိရေးလေ)

၂။ (အနက်ရေးလေ)

၃။ အရှင်ဘုရားတို့ သံဃာတော်သည် တပည့်တော်၏ စကားကို နားစိုက်တော်မူပါ၊ ယနေ့ ပန္နရသီဥပုသ်နေ့ ဖြစ်ပါသည်၊ သံဃာတော်၏ ဥပုသ်ကံသည် သင့်လျော်သောအခါ ရှိပါလျှင် သံဃာတော်သည် ဥပုသ်ပြုချိန်တန်ပါပြီ၊ ပါတိမောက်ပြချိန် တန်ပါပြီ။

**ဆေးပစ္စည်းများ–**

သပ္ပိ– ထောပတ်၊ နဝနီတ– ဆီဦး။ တေလ– ဆီ၊ မဓု– ပျားရည်၊ ဖာဏိတ– တင်လဲ။

၄။ (က) မေထုနဓမ္မသိက္ခာပုဒ်ဖြင့် ပါရာဇိက၊
(ခ) သံဃဘေဒသိက္ခာပုဒ်ဖြင့် သံဃာဒိသိသ်၊
(ဂ) ပရိဏတသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်၊
(ဃ) ဟာသဓမ္မသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊
(င) သာမိသသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်။

၅။ အတိခုဒ္ဒကစသော သိမ်ပျက် ၁၁– လုံး မဟုတ်ခြင်း။ သမ္မုတ္တိ ၃– ပါးနှင့်ယှဉ်ခြင်း။ နိမိတ်တစ်ခုနှင့် နိမိတ်တစ်ခု ဆက်စပ်၍ သမုတ်ထားခြင်း။

**ယူရမည့် သံဃာ–** သမ္မုတိသံဃာ။

၆။ **နိဒါန်း–** ဝေသာလီ၊

**ပုဂ္ဂိုလ်–** အရှင်သုဒိန်၊

**ဝတ္ထု–** မေထုန်လွန်ကျူးခြင်း။

**ပါရာဇိက မကျသည့် ပုဂ္ဂိုလ်–**

သေစေလိုသော စေတနာမရှိဘဲ သတ်မိသော ရဟန်း။ မသိ၍ သတ်မိသော ရဟန်း။ သူတစ်ပါးကို သေစေလိုမှု မရှိဘဲ သတ်မိသော ရဟန်း။ ရူးသော ရဟန်း စသည်တို့ ဖြစ်သည်။

http://www.dhammadownload.com


## ၉။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (မကွေးတိုင်း)
## ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ
## ၁၃၇၀-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၃) ရက်၊ (၂၃-၃-၂၀၀၉) တနင်္လာနေ့

၁။ အလှူရှင်ဒါယကာရှိ၍ "မဟာဝိဟာရ" ကျောင်းတော်ကြီး ဆောက်လုပ်သောရဟန်း၏ ကျောင်းနေရာ သတ်မှတ်ရန် လိုက်နာရမည့်ကျင့်ဝတ် ပြဆိုသော သိက္ခာပုဒ်ကို ပါဠိ သက်သက်ရေးသားခဲ့ပါ။

၂။ သင်္ကန်းလုယက်ခံသောရဟန်းအား ဆွေမျိုးမတော်သော ဒါယကာ, ဒါယိကာမတို့က သင်္ကန်းတို့ဖြင့် ပင့်ဖိတ်အပ်သော် အလှူခံပုံပြ သိက္ခာပဒကို အနက်ပေးခဲ့ပါ။

၃။ ဘိက္ခုနီမနှင့် တိုင်ပင်၍ အတူခရီးသွားကောင်းရာ အခါတို့ကို ပါဠိ+ မြန်မာ နှစ်ဘာသာဖြင့် ဖြေဆို၍၊ ရဟန်းတော်များအကပ်မခံဘဲ သုံးဆောင်ကောင်းသော ဝတ္ထုပစ္စည်းများကိုလည်း သိက္ခာပုဒ်ထောက်၍ ဖြေဆိုခဲ့ပါ။

၄။ အောက်ပါရဟန်းတို့အား သင့်ရောက်သောအာပတ်တို့ကို သိက္ခာပုဒ်အမည်နှင့်ယှဉ်တွဲ ဖော်ပြခဲ့ပါ။
(က) မည်းနက်သော သိုးမွေးအခင်းကို ပြုလုပ်သောရဟန်း။
(ခ) ရဟန်းတစ်ပါးကို ခြောက်လှန့်သော ရဟန်း။
(ဂ) ရဟန်းတစ်ပါးကို အမူလကသံဃာဒိသေသ်ဖြင့် စွပ်စွဲသောရဟန်း။
(ဃ) မြို့တွင်း၌ အသံကျယ်စွာ ပြောသော ရဟန်း။
(င) စိမ်းစိုသော မြက်ပင်ပေါ်၌ တံထွေးထွေးသော ရဟန်း။

၅။ ဝဋ္ဋနီယပုဂ္ဂိုလ် (၂၁)ယောက်၌ သာသနာပတိတ္ထိများ ပါသင့်/မပါသင့် အကြောင်းသွင်း ဖြေဆို၍၊ "ပါတိမောက္ခံ ဥဒ္ဒိသေယျ" ပါဌ်ဖြင့် ယူသင့်သောဥပုသ်/မယူသင့်သောဥပုသ် တို့ကိုလည်း ကာဠ်အလိုကျ ဖြေဆိုခဲ့ပါ။

၆။ တတိယပါရာဇိကသိက္ခာပုဒ်၌ "မနုဿဝိဂ္ဂဟ" အရကို ကာဠ်လာသည့်အတိုင်း ဖြေဆို၍၊ ထိုသိက္ခာပုဒ်၌လာသော အာဏတ္တိက (၆) ပါး ကိုလည်း ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

၉။ မကွေးတိုင်း (အဖြေ)

ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ (ဝိဟာရကာရသိက္ခာပုဒ်ကို ပါဠိရေးလေ။)

၂။ (တတုတ္ထရိသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ **အတူစရီးသွားကောင်းရာ အခါ-** (ချင်း ၃-ရှု)
ဒုန္တပေါကာသိက္ခာပုဒ်ကို ထောက်၍ ရေနှင့် ဒန်ပူ ဖြစ်ပါသည်။

၄။ (က) သုဒ္ဓကာဠကသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်၊
(ခ) ဘိသာပနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊
(ဂ) အမူလကသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊
(ဃ) ဥဇ္ဈတ္တိကသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်၊
(င) ဟရိတေ ဥစ္စာရသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်။

၅။ ဂဟဋ္ဌသဒ္ဓိဖြင့် တိတ္ထိတို့ကိုလည်း သိမ်းယူအပ်သောကြောင့် (လူတို့၌ တိတ္ထိတို့ကိုလည်း သိမ်းယူရသောကြောင့်) ဝဇ္ဇနီယပုဂ္ဂိုလ် ၂၁-ယောက်၌ သာသနာပတိတ္ထိများ ပါသင့်သည်။

**ယူသင့်သော ဥပုသ်-** သုတ္တုဒ္ဒေသဥပုသ်၊
**မယူသင့်သော ဥပုသ်-** ပါရိသုဒ္ဓိဥပုသ်၊ အဓိဋ္ဌာန်ဥပုသ်။

၆။ **မနုဿဝိဂ္ဂဟ အရ-** (စစ်ကိုင်း ၆-ရှု)
**အာဏတ္တိက ၆-ပါး-**
ဝတ္ထု၊ ကာလ, ဩကာသ, အာဝုဓ, ဣရိယာပထ, ကြိယာဝိသေသ။

၁၀။ ပထမပြန်စာမေးပွဲ ကျင်းပရေးဖဟိုအဖွဲ့ ခွဲ (မန္တလေးတိုင်း)

ပထမငယ်တန်း ။ ။ဘိက္ခုပါတိမောက်ဘာသာ

၁၃၇၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် (၁၃) ရက်၊ (၂၃-၃-၂၀၀၉) တနင်္လာနေ့

၁။ သံဃာသင်းကွဲအောင် လုံ့လပြုသောရဟန်း၏ နောက်လိုက်နောက်ပါ ရဟန်းများက ရဟန်းကောင်းများအား ပြောဆိုပုံပြ စကားရပ်ကိုသာ ပါဠိမှန်ကန်စွာ ရေးပြခဲ့ပါ။

http://www.dhammadownload.com


၂။ နိဿဂ္ဂီပါစိတ်လာ "ပရမ"သဒ္ဒါပါသော သိက္ခာပုဒ်တို့တွင် တတိယမြောက်သိက္ခာပုဒ်ကိုသာ အနက်မှန်ကန်စွာ ပေးပြခဲ့ပါ။

၃။ သမ္မုတိမရဘဲ နေဝင်ချိန်၌ ဘိက္ခုနီမကျောင်းသို့ သွား၍ ဘိက္ခုနီမတို့အား ဩဝါဒပေးသောရဟန်းအား သင့်ရောက်နိုင်သည့် အပြစ်တို့ကို သိက္ခာပုဒ်ထောက်၍ ဖြေဆိုပြီးလျှင်၊ နှစ်ညဥ့်သုံးညဥ့် စစ်တပ်အတွင်း၌ နေသောရဟန်း သွားရောက်မကြည့်ရှုသင့်သော အရာများကိုလည်း မြန်မာဘာသာဖြင့် ဖြေဆိုခဲ့ပါ။

၄။ အောက်ပါရဟန်းတို့အား သင့်ရောက်သည့်အာပတ်တို့ကို သိက္ခာပုဒ်အမည်နှင့်တကွ ယှဥ်တွဲဖြေဆိုခဲ့ပါ။

(က) လှူဒါန်းမည့်ဒါယကာရှိသည့် ကျောင်းတော်ကြီးကို ပိုးရွခြပုံးများရှိရာနေရာ၌ ဆောက်လုပ်စေသောရဟန်း။

(ခ) သင်္ကန်း,သပိတ် ရောင်းဝယ်သော ရဟန်း။

(ဂ) ဆွမ်းစားစဉ် "တော်ပြီ"ဟု တားမြစ်ပြီးပါလျက် အရက်တကွဲဖြစ်စေရန် စိတ်အကြံဖြင့် ဖွတ်အတင်း ဆွမ်းထည့်ပေးသော ရဟန်း။

(ဃ) ဖိတ်မန့်ဖျားနာ မရှိပါဘဲ သဒ္ဒါပွားများ ဥစ္စာရှားသူထံမှ ခဲဘွယ်ဘောဇဉ် ခံယူဘုဉ်းပေးသော ရဟန်း။

(င) သတိမထားဘဲ ဆွမ်းစားသော ရဟန်း။

၅။ ပါတိမောက်သည် သီလ,ဂန္ထဟု နှစ်ပါးရှိရာ ဂန္ထပါတိမောက်အပြားကို အဓိပ္ပါယ်နှင့်တကွ ဖော်ပြ၍ ပါတိမောက်ပြရာဝယ် သုတသဒ္ဒါဖြင့် သိမ်းနိုင်ခွင့်ရှိပုံနှင့် သိမ်းနိုင်ခွင့် မရှိပုံကိုလည်း ခွဲခြားဖြေဆိုခဲ့ပါ။

၆။ အနပညတ်အပြားကို သိက္ခာပုဒ်ပုံစံများနှင့်တကွ ထုတ်ပြ၍ စတုတ္ထပါရာဇိကာ၏ နိဒါန်း, ပုဂ္ဂိုလ်,ဝတ္ထုနှင့် အနပညတ်တို့ကိုလည်း တိကျစွာ ညွှန်ပြခဲ့ပါ။

## ၁၀။ မန္တလေးတိုင်း (အဖြေ)

## ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ (ထင်ရှားပြီ)

http://www.dhammadownload.com


၂။ (သာသက်သိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ ဩဝါဒသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ် ၁-ချက်၊
အတ္ထင်္ဂတသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ် ၁-ချက်၊
ဘိက္ခုနုပဿယသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ် ၁-ချက်၊ ပေါင်း ၃-ချက်။
**မကြည့်ရှုသင့်သော အရာများ-** (တနင်္သာရီ ၄-၅)

၄။ (က) ဝိဟာရကာရသိက္ခာပုဒ်ဖြင့် သံဃာဒိသိသ်၊
(ခ) သပိတ်, သင်္ကန်းကို ရွှေငွေဖြင့် ရောင်းဝယ်လျှင်-
ရူပိယသံဝေါဟာရသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်၊
ကပ္ပိယဘဏ္ဍာအချင်းချင်း ရောင်းဝယ်လျှင်-
ကယဝိက္ကယသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်၊
(ဂ) ဒုတိယပဝါရဏာသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊
(ဃ) တတိယပါဋိဒေသနီသိက္ခာပုဒ်ဖြင့် ပါဋိဒေသနီ၊
(င) ပဏ္ဍသညီသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်။

၅။ သုဏာတု မေ ဘန္တေ သံဃော-စသော ဥဒ္ဒေသ ၅-ပါးဖြင့် ပိုင်ခြားအပ်သော ပါတိမောက်သည် ဘိက္ခုပါတိမောက်၊
သုဏာတု မေ အယျေ သံဃော-စသော ဥဒ္ဒေသ ၄-ပါးဖြင့် ပိုင်ခြားအပ်သော ပါတိမောက်သည် ဘိက္ခုနီပါတိမောက်။
**သိမ်းနိုင်ခွင့်ရှိပုံ-**
အဝသေသံ သုတေန သာဝေတဗ္ဗံ-ဟု ဟောတော်မူသောကြောင့် ပါရာဇိကုဒ္ဒေသ စသည်တို့ ရွတ်ပြစဉ် မပြီးဆုံးမီ အန္တရာယ်ကျရောက်လျှင် ရွတ်ပြဆဲဥဒ္ဒေသနှင့်တကွ ကြွင်းပါတိမောက်ကို သုတသဒ္ဒါဖြင့် သိမ်းနိုင်သည်။
**သိမ်းနိုင်ခွင့် မရှိပုံ-**
နိဒါနုဒ္ဒေသ မပြီးဆုံးသေးလျှင် သုတသဒ္ဒါဖြင့် မသိမ်းနိုင်။

၆။ အာပတ္တိကရ အနုပညတ်- အညဝါဒကသိက္ခာပုဒ်၌ ဝိဟေသကေ-ဟူသော အနုပညတ်မျိုးဖြစ်သည်၊

http://www.dhammadownload.com


အနာပတ္တိကရအနုပညတ်- သုက္ကဝိသဋ္ဌိသိက္ခာပုဒ်၌ အညတြ သုပိနန္တာ-ဟူသော အနုပညတ်မျိုးဖြစ်သည်၊
အာပတ္တိဥပတ္ထမ္ဘကရအနုပညတ်- အဒိန္နာဒါနသိက္ခာပုဒ်၌ ဂါမာ ဝါ အရညာ ဝါ- ဟူသော အနုပညတ်မျိုးဖြစ်သည်။

| | |
|---|---|
| နိဒါန်း- | ဝေသာလီပြည်၊ |
| ပုဂ္ဂိုလ်- | ဝဂ္ဂုမုဒါမြစ်ကမ်းနေ ရဟန်းများ။ |
| ဝတ္ထု- | ဥတ္တရိမနုဿဓမ္မကို ပြောဆိုခြင်း။ |
| အနုပညတ်- | အညတြ အဓိမာနာ။ |

## ၁၁။ ပထမပြန်စာမေးပွဲ ကျောင်းပရေးဗဟိုအဖွဲ့ခွဲ (မွန်ပြည်နယ်)
## ပထမငယ်တန်း။ ။ဘိက္ခုပါတိမောက်ဘာသာ
## ၁၃၇၀-ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၈) ရက်၊ (၂-၄-၂၀၀၉) ကြာသပတေးနေ့

၁။ သကသညာစိတ်ဖြင့် ပေးအပ်ပြီးသော မိမိသင်္ကန်းကို ပြန်လုယူသောရဟန်းအား အာပတ်သင့်ရောက်ပုံပြ သိက္ခာပုဒ်ကို ပါဠိသက်သက် ရေးသားခဲ့ပါ။

၂။ သိလျက် ဘိက္ခုနီမတို့ စီမံအပ်သောဆွမ်းကို ဘုဉ်းပေးသောရဟန်းအား အာပတ်သင့်ရောက်ပုံပြသိက္ခာပုဒ်ကို အနက်ပေးခဲ့ပါ။

၃။ နိဿဂ္ဂိပါစိတ္တိယလာ သမ္ဘုတိသဒ္ဒါပါသော သိက္ခာပုဒ်တို့ကို "သိက္ခာပုဒ်အမည်မျှသာ" ဖော်ပြရေးသား၍ ဆွေမျိုးမဟုတ်သောအလှူရှင်ထံ သင်္ကန်းအလှူခံနိုင်သောအခါတို့ကိုလည်း ပါဠိ+ မြန်မာနစ်ဘာသာ ယှဉ်တွဲဖြေဆိုခဲ့ပါ။

၄။ ဘိက္ခုသုဒ္ဓပါစိတ္တိယလာ ရဟန်းတော်များ (က) ဘိက္ခုနီမတို့နှင့် တိုင်ပင်၍ ခရီးအတူ မသွားကောင်းသောအခါ၊ (ခ) ရယ်ရွှင်လိုသဖြင့် ဖက်၍မထားကောင်းသောရဟန်းတို့၏ ပရိက္ခရာတို့ကို မြန်မာဘာသာဖြင့် ဖြေဆိုရေးသားခဲ့ပါ။

၅။ အာပတ်သင့်ကြောင်း အင်္ဂါ ၆-ပါးတို့ကို မြန်မာဘာသာဖြင့် ရေးသား၍၊ စတုတ္ထ ပါရာဇိက သိက္ခာပုဒ်၌ တတော အပရေန သမယေန -ဟု ဆိုထားသဖြင့် ဥတ္တရိမနုဿဓမ္မကို ပြောဆိုသောရဟန်းအား ဝန်ခံမှသာလျှင် ပါရာဇိက ကျပါသလော? အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

http://www.dhammadownload.com


၆။ ဖော်ပြပါ ရဟန်းတို့အား သင့်ရောက်သော အာပတ်တို့ကို သိက္ခာပုဒ်အမည်နှင့်တကွ ဆုံးဖြတ်ခဲ့ပါ။

(က) ရဟန်းတစ်ပါးကို အမူလကပါရာဇိကအာပတ်ဖြင့် စွပ်စွဲသော ရဟန်း။

(ခ) ဆွေမျိုးမဟုတ်သော ဘိက္ခုနီမထံ သင်္ကန်းခံယူသော ရဟန်း။

(ဂ) မိမိအနီးအရပ်၌ ထားအပ်သောရွှေငွေတို့ကို သာယာသော ရဟန်း။

(ဃ) ကျန်းမာရေးကောင်းမွန်သော ဘိက္ခုနီမကို ဆိုဆုံးမသော ရဟန်း။

(င) သိလျက် ရဟန်း၏ ဒုဋ္ဌုလ္လအာပတ်ကို ဖုံးလွှမ်းသော ရဟန်း။

## ၁၁။ မွန်ပြည်နယ် (အဖြေ)

### ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ (စီဝရအစ္ဆိန္နသိက္ခာပုဒ်ကို ပါဠိရေးလေ။)

၂။ (ဘိက္ခုနိပရိပါစိတသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ ဥဒေါသိတ၊ ဆဗ္ဗဿ၊ သာသင်္ကသိက္ခာပုဒ်။

**သင်္ကန်းအလှူခံနိုင်သောအခါ–**

အစ္ဆိန္နစီဝရ– သင်္ကန်းအလုခံရရာအခါ၊ နဋ္ဌစီဝရ– သင်္ကန်းပျောက်ပျက်ရာအခါ။

၄။ (က) ခရီးရှည်သွားရာအခါ၊ လှေစီးရာအခါ။

(ခ) (တနသ်ာရီ ၄–ရှု)

၅။ **အာပတ်သင့်ကြောင်း ၆–ပါး–** (တနသ်ာရီ ၃–ရှု)

တတော အပရေန သမယေန–ဟူသော စကားသည် အာပတ်ဝန်ခံရာအခါကို ပြသော စကားဖြစ်သည်၊ အမှန်မှာ ပြောဆိုဆဲခဏ၌သာ ပါရာဇိကကျသည်၊ ထို့ကြောင့် ဝန်ခံမှ ပါရာဇိကကျသည် မဟုတ်ပါ။

၆။ (က) ဒုဋ္ဌဒေါသသိက္ခာပုဒ်ဖြင့် သံဃာဒိသိသ်၊

(ခ) စီဝရပဋိဂ္ဂဟဏသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်၊

(ဂ) ရူပိယသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်၊

(ဃ) ဘိက္ခုနုပဿယသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊

မှတ်ချက်– ဘိက္ခုနီကျောင်း သွား၍ ဆုံးမသည်ကို ရည်ရွယ်သည်။
(င) ဒုဗ္ဗလ္လသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်။

၁၂။ ပထမပြန်စာမေးပွဲ ကျင်းပရေးဖဟိုအဖွဲ့ခွဲ (ရန်ကုန်တိုင်း)
ပထမငယ်တန်း။ ။ဘိက္ခုပါတိမောက်ဘာသာ
၁၃၇၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် (၁၃) ရက်၊ (၂၃-၃-၂၀၀၉) တနင်္လာနေ့

၁။ ရာဂစိတ်ဖြင့် မာတုဂါမကို မေထုန်နှင့် ဆိုင်သောစကားတို့ဖြင့် ပြောဆိုသောရဟန်းအား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်ကို ပါဠိရေးပါ။

၂။ ဆွေမျိုးမတော်သောဒါယကာ, ဒါယိကာမတို့က သက်နှုန်းဖြင့် ပင့်ဖိတ်ထားသော်လည်း လိုတာထက်ပို၍ မတောင်းရဟု ပညတ်တော်မူခဲ့သောသိက္ခာပုဒ်ကို အနက်ယောဇနာပါ။

၃။ ရဟန်းတစ်ပါးသည် ရယ်မြူးလိုသောသဘောဖြင့် ဖုက်မထားကောင်းသော ရဟန်း တစ်ပါး၏ အသုံးအဆောင်ပစ္စည်းများကို သိက္ခာပုဒ်ထောက်၍ ပါဠိ+ မြန်မာတွဲစပ်ပြီးလျှင်၊ ဘုရားရှင်၏ သက်နှုန်းပမာဏကိုလည်း စာဖြေရှင်၏အထွာဖြင့် တိုင်းတာပြပါ။

၄။ ဖော်ပြပါ ရဟန်းတော်တို့အား သင့်ရောက်သောအာပတ်တို့ကို သိက္ခာပုဒ်အမည်နှင့်တကွ တွဲစပ် ဖော်ပြပါ။
(က) မဟုတ်မမှန် မင်္ဂဖိုလ်ဈာန်ကို ဝါကြွားပြောဆိုသော ရဟန်း။
(ခ) ရာဂစိတ်ဖြင့် မိန်းကလေး၏လက်ကို ကိုင်သော ရဟန်း။
(ဂ) ပိုးချည်ဖြင့် ရောနှောသောအခင်းကို ပြုလုပ်သော ရဟန်း။
(ဃ) မြေကို သာမဏေအား တူးခိုင်းသော ရဟန်း။
(င) ကျန်းမာလျက် စိမ်းစိုသော မြက်ဖင်ရှိရာအရပ်၌ ကျင်ငယ်စွန့်သော ရဟန်း။

၅။ ဝဇ္ဇနီယပုဂ္ဂိုလ်များပါဝင်လျက် ကံပြုပါက သင့်ရောက်နိုင်သောအာပတ်တို့ကို ပုဂ္ဂိုလ် အားလျှော်စွာ ခွဲခြားပြဆို၍၊ မြတ်ဗုဒ္ဓပြသောပါတိမောက်နှင့် သာဝကတို့ပြသော ပါတိ မောက်ကို ဖော်ပြပြီးလျှင်၊ ဤ၌ အလိုရှိအပ်သော ပါတိမောက်ကိုလည်း ညွှန်ပြပါ။

၆။ ကိံ သံဃဿ ပုဗ္ဗကိစ္စံ–၌ ပုဗ္ဗကိစ္စအရတွင် မဖြစ်မနေပြုရမည့် ပုဗ္ဗကိစ္စများကိုသာ ရေတွက်ပြ၍၊ ပါရာဇိကော ဟောတိ အသံဝါသော–၌ သံဝါသ အရကိုလည်း အကြောင်း နှင့်တကွ ကောက်ပြပါ။

http://www.dhammadownload.com

## ၁၂။ ရန်ကုန်တိုင်း (အဖြေ)

### ပထမငယ်တန်း။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ (ဒုဗ္ဗလ္လဝါစာသိက္ခာပုဒ်ကို ပါဠိရေးလေ။)

၂။ (တတုတ္ထရိသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ ပတ္တ–သပိတ်၊ စီဝရ–သင်္ကန်း။ နိသီဒန–နိသီဒိုင်၊ သူစိဃရ– အပ်ဖူး။ ကာယဗန္ဓန–ခါးပန်းကြိုး။

**သင်္ကန်းပမာဏ–**

အလျား အထွာ ၄၀–နှင့် ၆–လက်သစ်၊ အနံ ၂၇–ထွာ။

၄။ (က) ဥတ္တရိမနုဿဓမ္မသိက္ခာပုဒ်ဖြင့် ပါရာဇိက၊

(ခ) ကာယသံသဂ္ဂသိက္ခာပုဒ်ဖြင့် သံဃာဒိသိသ်၊

(ဂ) ကောသိယမိဿကသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်၊

(ဃ) ပထဝီခဏနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊

(င) ဟာရိတေ ဥစ္စာရသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်။

၅။ ဥက္ကိဋ္ဌကပုဂ္ဂိုလ် ၃–ယောက်နှင့် ဥပုသ်ပြုလျှင် သုဒ္ဓပါစိတ်၊ ကျန်ပုဂ္ဂိုလ်များနှင့် ပြုလျှင် ဒုက္ကဋ်။

**မြတ်ဗုဒ္ဓပြသော ပါတိမောက်–** ဩဝါဒပါတိမောက်၊

**သာဝကတို့ပြသော ပါတိမောက်–** အာဏာပါတိမောက်။

**အလိုရှိအပ်သောပါတိမောက်–** အာဏာပါတိမောက်။

၆။ တံမြက်လှည်းခြင်း။ ဆီမီးညှိထွန်းခြင်း။

သောက်ရေ, သုံးရေတည်ထားခြင်း။ နေရာခင်းခြင်း။

**သံဝါသ အရ–**

ပကတတ်ရဟန်းတို့ အတူပေါင်းသင်းနေထိုင်ရာဖြစ်သောကြောင့် ကေကမ္မ၊ ကေုဒ္ဒေသ၊ သမသိက္ခာ–ဟူသော အစီအရင် ၃–ပါးသည် သံဝါသမည်၏။

http://www.dhammadownload.com



၁၃။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရခိုင်ပြည်နယ်)

ပထမငယ်တန်း။ ။ဘိက္ခုပါတိမောက်ဘာသာ

၁၃၇၀-ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၈) ရက်၊ (၂-၄-၂၀၀၉) ကြာသပတေးနေ့

၁။ ရဟန်းမိန်းမနှင့် နှစ်ဦးသဘောတူတိုင်ပင်၍ အခွန့်ရှည်သော ခရီးကိုသွားသောရဟန်းအား အပြစ်သင့်ရောက်ပုံပြသိက္ခာပုဒ်ကို ပါဠိသက်သက် ရေးပြခဲ့ပါ။

၂။ ဆွေမျိုးမတော်စပ်သော ဒါယကာ, ဒါယိကာမတို့အထံမှ တောင်းယူသင့်ရာအခါမဟုတ်ဘဲ သင်္ကန်းတောင်းယူသောရဟန်းအား အပြစ်သင့်ပုံပြ သိက္ခာပုဒ်ကို အနက်ပေးပြခဲ့ပါ။

၃။ ဆောက်လုပ်သူ ဒါယကာရှိ၍ မိမိအတွက် ကျောင်းဆောက်လုပ်လိုသောရဟန်း ဆောင်ရန်, ရှောင်ရန်ကျင့်ဝတ်များကို ဖော်ပြ၍ အာဝသထပိဏ္ဍနှင့် ပရမ္ပရဘောဇနဟုခေါ်ဆိုရပုံကိုလည်း ကျမ်းရင်းလာအတိုင်း ဖြေဆိုပါ။

၄။ အောက်ပါရဟန်း/သာမဏေတို့အား အာပတ်သင့်/မသင့် သိက္ခာပုဒ်ထောက်ဆ၍ ဖြေဆိုပါ။

(က) ဆွေမျိုးမတော်သောရဟန်းမအား သိုးမွေးဖွပ်လျှော်ခိုင်းသော ရဟန်း။

(ခ) ရဟန်းတစ်ပါးကို အမျက်ထွက်၍ သံဃိကကျောင်းမှ နှင်ထုတ်သော ရဟန်း။

(ဂ) ခဲဖွယ်ဘောဇဉ်များကို သိုမှီး၍ သုံးဆောင်သော ရဟန်း။

(ဃ) ထင်ရှားရှိသော မထေရ်ကြီးကို မပန်ကြားဘဲ ညနေ ရွာတွင်းသို့ဝင်သောရဟန်း။

(င) မြို့ရွာအတွင်း၌ စကားကိုကျယ်လောင်စွာ မပြောဆိုသော သာမဏေ။

၅။ သင့်ရောက်နေသောအာပတ်ကို ထင်စွာမပြုလျှင် အပြစ်ရှိ/မရှိ ဖြေဆို၍ ရဟန်းတော်တစ်ပါးဖြစ်ဖို့ရန်လိုအပ်သော အင်္ဂါရပ်တို့ကိုလည်း ကင်္ခါအဋ္ဌကထာလာအတိုင်း ဖြေဆိုခဲ့ပါ။

၆။ သာသနာတော်အတွင်း၌ ရဟန်းမပြုလုပ်ထိုက်သောပုဂ္ဂိုလ်များကို ဖြေဆို၍ အညတြ အဓိမာနာ-ဝယ် အဓိမာန အရကိုလည်း ဖော်ပြခဲ့ပါ။

၁၃။ ရခိုင်ပြည်နယ် (အဖြေ)

ပထမငယ်တန်း။ ။ ဘိက္ခုပါတိမောက်ဘာသာ

http://www.dhammadownload.com



၁။ (ဩဝါဒဝဂ် သံဝိဓာနသိက္ခာပုဒ်ကို ပါဠိရေးလေ။)

၂။ (အညာတကဝိညတ္တိသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ **ဆောင်ရန်ကျင့်ဝတ်–** ကျောင်းနေရာကို ညွှန်ပြမည့် သမ္ဘုတိရ ရဟန်းများကို ပင် ဆောင်ရမည်။

**ရှောင်ရန်ကျင့်ဝတ်–**

ပိုးရှိ ခြပုန်းစသော ဘေးရန်လည်းရှိသော၊ ၂–ကောင်ကပ်လှည်း, ၄–ကောင်ကပ်လှည်း တို့ဖြင့် လှည့်ပတ်လောက်ရာ ဥပစာလည်း မရှိသော နေရာ၌ မဆောက်ရ။

**အာဝသထပိဏ္ဍ–** တည်းခိုရာဇရပ်စသည်၌ ဝတ်တည်အပ်သော ဆွမ်း။

**ပရမ္ပရဘောဇန–** နောက်နောက်ပင့်ဖိတ်သူ ဒါယကာ၏ ဆွမ်းကို စားခြင်း။

၄။ (က) ဧဠကလောမဓောဝါပနသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်သင့်သည်။

(ခ) နိက္ခမနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်သင့်သည်။

(ဂ) သန္နိဓိကာရကသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်သင့်သည်။

(ဃ) ဝိကာလဂါမပ္ပဝေသနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်သင့်သည်။

(င) ဥဇ္ဈာပနကသိက္ခာပုဒ်ဖြင့် ဒုက်အပြစ်မသင့်။

၅။ ထင်စွာမပြုလျှင် သမ္ပဇာနမုသာဝါဒဒုက္ကဋ်သင့်သည်။

**လိုအပ်သော အင်္ဂါရပ်–** (ကယား ၆–၅)

၆။ ပဏ္ဏတ်၊ ထေယျသံဝါသက၊ တိတ္ထိယပက္ကန္တက၊ တိရစ္ဆာန်၊ မာတုဃာတက၊ ပိတုဃာ တက၊ အရဟန္တဃာတက၊ ဘိက္ခုနီဒူသက၊ သံဃဘေဒက၊ လောဟိတုပ္ပါဒက၊ ဥဘတော ဗျဉ္ဇနကပုဂ္ဂိုလ်။

**အဓိမာန အရ–** မရောက်မရသော ဈာန်မဂ်ဖိုလ်ကို ရောက်ပြီ ရပြီဟု မှတ်ထင်ခြင်း။

၁၄။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ ခွဲ (ရှမ်းပြည်နယ်/တောင်ပိုင်း)

ပထမငယ်တန်း။ ။ဘိက္ခုပါတိမောက်ဘာသာ

၁၃၇၀–ခုနှစ်၊ တန်ခူးလဆန်း (၈) ရက်၊ (၂–၄–၂၀၀၉) ကြာသပတေးနေ့

၁။ ရဟန်းညွှန်ပြသော ကပ္ပိယကာရကကိုသိ၍ ရဟန်းထံ ပြန်လည်ချဉ်းကပ်ပြီး တမန်က ပြောဆိုပုံပြ စကားရပ်နှင့် သုတ္တဝိညတ္တိသိက္ခာပုဒ်တို့ကို ပါဠိရေးခဲ့ပါ။

http://www.dhammadownload.com


၂။ ကမ္မပဋိဗာဟနသိက္ခာပုဒ်နှင့် အပ်ကျည်(အပ်ဗူး)နှင့် စပ်လျဉ်း၍ ပညတ်အပ်သော သိက္ခာပုဒ်တို့ကို အနက်ရေးခဲ့ပါ။

၃။ ပမာဏိကာ ကာရေတဗ္ဗာဝယ် ကုဋိ၏ပမာဏကို ပကတိပုရိသ အလိုအားဖြင့် ဖော်ပြ၍ ရဟော ပဋိစ္ဆန္နေ-ဝယ် ပဋိစ္ဆန္န ဖြစ်ပုံကိုလည်း ရှင်းပြပါ။

၄။ . အကာလစီဝရ သိက္ခာပုဒ်ဝယ် အကာလစီဝရ၏ အဓိပ္ပါယ်ကို ဖော်ပြ၍ ဖျားနာသော ရဟန်းအား ၇-ရက်ထား၍ သုံးဆောင်ကောင်းသော ဆေးတို့ကိုလည်း ဖော်ပြပါ။

၅။ ဗိဠာလသင်္ခလိကဆန္ဒပါရိသုဒ္ဓိမည်ပုံကို ရေးပြ၍ ခိုးခြင်း ၂၅-ပါးတို့၌ ပရိကပ္ပါဝဟာရ ခိုးခြင်းတွင်ပါဝင်သော ဩကာသပရိကပ္ပ ခိုးပုံ-ခိုးနည်း, အာပတ်သင့်ပုံ-သင့်နည်း တို့ကိုလည်း ကစ်ရှင်အလိုကျ ရှင်းပြခဲ့ပါ။

၆။ အောက်ပါရဟန်းတို့၌ သင့်ရောက်သော အပြစ်တို့ကို သိက္ခာပုဒ်အမည်များနှင့်တကွ ဆုံးဖြတ်ခဲ့ပါ။

(က) ဦးခေါင်းပေါ်တင်၍ သယ်ဆောင်လာသော သူတပါးဘဏ္ဍာကို ထေယျစိတ္တဖြင့် ပုခုံးပေါ်သို့ချသော ရဟန်း။

(ခ) နှိုးနှောလိုသောစိတ်ဖြင့် ကလေးမ၏ ဦးခေါင်း၌ရှိသောပန်းကို ကိုင်သော ရဟန်း။

(ဂ) အညာတိကဘိက္ခုနီမအား သင်္ကန်းဟောင်းကို လျှော်ဖွတ်, ထုရိုက်စေသော ရဟန်း။

(ဃ) ကျန်းမာပါလျက် အားဖြစ်စေရန် "ထောပတ်ဆွမ်းကို ပေးပါ" ဟု တောင်းစားသော ရဟန်း။

(င) ဆွမ်းလုပ်ကို ခံတွင်းသို့ ပစ်သွင်းစားသော ရဟန်း။

## ၁၄။ ရှမ်းပြည်နယ်/တောင်ပိုင်း (အဖြေ)

## ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ (ထင်ရှားပြီ)

၂။ (ကမ္မပဋိဗာဟနသိက္ခာပုဒ်နှင့် သူစိယရသိက္ခာပုဒ်တို့ကို အနက်ရေးလေ။)

http://www.dhammadownload.com


၃။ အလျား ၅၄-ထွာ၊ အနံ ၃၁-ထွာနှင့် ၆-လက်သစ်။
**ပဋိစ္ဆန္န ဖြစ်ပုံ-**
နံရံစသည် ဖုံးကွယ်ထားသဖြင့် မျက်စိကွယ်ရာဖြစ်သော နေရာ။

၄။ သင်္ကန်းကာလမှတစ်ပါး ကထိန်မခင်းလျှင် ၁၁၊ ကထိန်ခင်းလျှင် ၇-လအတွင်း ဖြစ်ပေါ် လာသမျှ သင်္ကန်းလျာအဝတ်သည် အကာလစီဝရ။
**သုံးဆောင်ကောင်းသော ဆေး-** (ပါချုပ်အရှေ့ ၃-၅)

၅။ ကြောင်လှောင် သံကွင်းဆက်၌ ပထမကွင်းသည် ဒုတိယကွင်းနှင့်ဆက်၍ တတိယ ကွင်းနှင့် မဆက်သကဲ့သို့ ဆန္ဒပါရိသုဒ္ဓိပေးရာ၌လည်း ပထမရဟန်းပေးလိုက်သော ဆန္ဒ ပါရိသုဒ္ဓိသည် လက်ခံလာသော ဒုတိယရဟန်းနှင့်သာ စပ်၍ တဆင့်ယူသွားသော တတိယရဟန်းနှင့် မဆက်စပ်ပါ၊ ဤသို့ တဆင့်ပေး ဆန္ဒပါရိသုဒ္ဓိသည် ကြောင်လှောင် သံကွင်းဆက်နှင့် တူသောကြောင့် ဗိဠာလသင်္ခလိကဆန္ဒပါရိသုဒ္ဓိမည်၏။
**ခိုးပုံ, ခိုးနည်း အာပတ်သင့်ပုံ, သင့်နည်း-**
သူတစ်ပါး၏ ပရိက္ခာရ်စသည်သို့ ဝင်ပြီး လိုချင်ဖွယ် ပစ္စည်းတခုခုကို တွေ့သည့်အခါ အခန်းတံခါးပေါက် ဆင်ဝင်စမုခ် စသည်ဖြင့် ပိုင်းခြား၍ ဤနေရာအတွင်း ငါကို မြင်လျှင် ကြည့်ရှုလိုသဖြင့် ယူလာသည်လည်းသူကဲ့သို့ ပြန်ပေးမည်၊ မမြင်လျှင် ယူသွားမည်ဟု ခိုးရာ အရပ်ကို ကြံဆ၍ ဘဏ္ဍာကို ခိုးယူရာ၌ ကြံဆသောအပိုင်းအခြားကို လွန်ကာမျှ ဖြစ်လျှင် ခိုးခြင်းအထမြောက်၍ ပါရာဇိကအာပတ်သင့်သည်။

၆။ (က) အဒိန္နာဒါနသိက္ခာပုဒ်ဖြင့် ပါရာဇိက၊
(ခ) ကာယသံသဂ္ဂသိက္ခာပုဒ်ဖြင့် ထုလ္လစ္စည်း။
(ဂ) ပုရာဏစီဝရသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်၊
(ဃ) ပဏီတဘောဇနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊
(င) ဝိလ္လျာကွေ့ပကသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်။

၁၅။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်/မြောက်ပိုင်း)
ပထမငယ်တန်း ။ ။ဘိက္ခုပါတိမောက်ဘာသာ
၁၃၇၀-ပြည့်နှစ်၊ တန်ခူးလဆန်း (၈) ရက်၊ (၂-၄-၂၀၀၉) ကြာသပတေးနေ့

http://www.dhammadownload.com


၁။ " ပါရာဇိကလေးပါးတို့တွင် တစ်ပါးပင်ကျသော်လည်း သုံးပါးကျန်နေသေးသဖြင့် ရဟန်းကောင်းပင် ဖြစ်နေသေး၏" ဟူသော အယူအဆသည် မှန်, မမှန် ပြဆိုသော စကားရပ်ကို ပါဠိရေးခဲ့ပါ။

၂။ "မေထုန်ကို မှီဝဲသဖြင့် နတ်ရွာ, နိဗ္ဗာန်, ဈာန်, မဂ်, ဖိုလ်တို့၏ အန္တရာယ်ကို မဖြစ်စေနိုင်" ဟု ပြောဆိုသော သာမဏေအား ရဟန်းကောင်းတို့၏ နှင်ထုတ်ဆိုဆုံးမပုံပြ ပါဠိကို အနက်ပေးခဲ့ပါ။

၃။ ကုဋိကာရသိက္ခာပုဒ်နှင့် ဝိဟာရကာရသိက္ခာပုဒ်တို့၏ တူညီသောအချက်, မတူညီသော အချက်တို့ကို ဖြေဆို၍၊ အကာလသက်န်းကို အလိုရှိသောရဟန်း ပြုလုပ်ဆောင်ရွက် ရမည့်တာဝန် ဝတ္တရားများကိုလည်း မှန်ကန်စွာ ဖြေဆိုပါ။

၄။ ဝေယျာဝစ္စပြုသူထံမှ သက်န်းအလှူခံ၍ မရရှိလျှင် မဖြစ်မနေ ပြုလုပ်ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို ဖြေဆို၍၊ အနုပခဇ္ဇသိက္ခာပုဒ်အရ ဇာနနှင့် ပရိပါစိတသိက္ခာပုဒ် အရ ဇာနတို့ကို ခွဲခြား ဖြေဆိုပါ။

၅။ "သံဃော ဥပေါသထံ ကရေယျ" ဟူသော ပါဠိဖြင့် ပယ်သင့်သောဥပုသ်နှင့် ယူသင့် သော ဥပုသ်တို့ကို ခွဲခြားဖြေဆိုပြီးလျှင်၊ ဘိက္ခုနီမတို့ တောင်းပန်အပ်သော ဩဝါဒကို လက်မခံဘဲ နေနိုင်ခွင့်ရှိသော ရဟန်းများကိုလည်း ကာရီဆရာအလိုကျ ဖြေဆိုပြပါ။

၆။ လူဇာတ်ရှိသော သတ္တဝါကို သတ်မိသော်လည်း မနုဿဝိဂ္ဂဟသိက္ခာပုဒ်အရ အာပတ်မှ ကင်းလွတ်ခွင့်ရှိသောပုဂ္ဂိုလ်တို့ကို ကုန်စင်အောင် ရေးသားပြီးလျှင်၊ တုစ္ဆ မုသာ ဝိလပိတ္တိ ၌ တုစ္ဆနှင့် မုသာတို့၏ အထူးကိုလည်း ကာရိကျမ်းအဖွင့်နှင့်အညီ ဖြေဆိုပါ။

## ၁၅။ ရှမ်းပြည်နယ်/မြောက်ပိုင်း (အဖြေ)
## ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ ယေသံ ဘိက္ခူ အညတရံ ဝါ အညတရံ ဝါ အာပဇ္ဇိတွာ န လဘတိ ဘိက္ခူဟိ သဒ္ဓိံ သံဝါသံ ယထာ ပုရေ တထာ ပစ္ဆာ ပါရာဇိကော ဟောတိ အသံဝါသော။

၂။ (အဗ္ဘတဝ္ဂေ တေ ။ပ။ စရ ပိရေ ဝိနဿ-ကို အနက်ရေးလေ။)
(ပေယျာလ ဖော်ရေးရန်)

http://www.dhammadownload.com

၃။ **တူညီသောအချက်–** ကျောင်းနေရာကို ညွှန်ပြဖို့ရန် ရဟန်းများကို ပင့်ရခြင်း။ ပိုးရှု ခြပုန်းစသော ဘေးရန်လည်း မရှိ၊ ၂–ကောင်ကပ်လှည်း ၄–ကောင်ကပ်လှည်းတို့ဖြင့် လှည့်ပတ်လောက်ရာ ဥပစာလည်းရှိသော နေရာ၌သာ ဆောက်လုပ်ရခြင်း။

**မတူညီသောအချက်–**

ကုဋိကာရသိက္ခာပုဒ်၌– ကျောင်းဒါယကာမရှိခြင်း။ ပမာဏကန့်သတ်ချက် ရှိခြင်း၊

ဝိဟာရကာရသိက္ခာပုဒ်၌– ကျောင်းဒါယကာရှိခြင်း။ ပမာဏကန့်သတ်ချက်ရှိခြင်းတို့ ဖြစ်သည်။

**ဝတ္တရာများ–** အလိုရှိလျှင် အလှူခံနိုင်သည်၊ အလှူခံပြီးလျှင် ၁၀–ရက်အတွင်း အမြန် ပြီးအောင် ချုပ်ဆိုး ရမည်။

၄။ **တာဝန်ဝတ္တရာများ–** အလှူရှင်ထံ ကိုယ်တိုင် သွား၍ဖြစ်စေ, တမန်လွှတ်၍ ဖြစ်စေ "ဒါယကာတို့ သင်တို့သည် ရဟန်းကို ရည်စူး၍ ပို့အပ်သော သင်္ကန်းဖိုးသည် ထိုရဟန်း အား အကျိုးတစုံတရာ မခံစားရ၊ ဒါယကာတို့ မိမိဥစ္စာကို ပြန်တောင်းကြကုန်လော့၊ သင်တို့၏ ဥစ္စာကို မပျက်စီးစေလင့်" ဟု ပြောဆိုရမည်။

**အနုပခဇ္ဇသိက္ခာပုဒ် အရ–** မထသွားစေထိုက်သူဟု သိခြင်း။

**ပရိပါစိတသိက္ခာပုဒ် အရ–** ဘိက္ခုနီစီမံသော ဆွမ်းဟု သိခြင်း။

၅။ **ယူသင့်သော ဥပုသ်–** သံဃဥပုသ်၊

**ပယ်သင့်သော ဥပုသ်–** ဂဏဥပုသ်၊ ပုဂ္ဂလဥပုသ်။

**ရဟန်း–** ထုံထိုင်းသောရဟန်း။ ခရီးသွားသောရဟန်း၊ ဂိလာနရဟန်း။

၆။ **အာပတ်မှ ကင်းလွတ်သောပုဂ္ဂိုလ်–** (ပဲခူးအရှေ့ ၆–ရှ)

**တုစ္ဆာနှင့် မုသာအထူး–** (စစ်ကိုင်း ၆–ရှ)

၁၆။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ ခွဲ (ရှမ်းပြည်နယ်/အရှေ့ပိုင်း)

ပထမငယ်တန်း ။ ။ ဝိနယဘာသာ

၁၃၇၀–ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၈) ရက်၊ (၂–၄–၂၀၀၉) ကြာသပတေးနေ့

၁။ ရဟန်းတော်များ သင်္ကန်းအသစ်ကို ဝတ်ရုံသုံးဆောင်ရာဝယ် ကပ္ပဗိန္ဒုထိုးမှုနှင့် ပတ်–သက်၍ လိုက်နာပြုကျင့်ဖွယ် ပညတ်အပ်သော သိက္ခာပုဒ်ကို ပါဠိသက်သက် ရေးခဲ့ပါ။

http://www.dhammadownload.com


၂။ နိဿဂ္ဂိပါစိတ် ပတ္တဝဂ်လာ အစွေကစီဝရသိက္ခာပုဒ်ကို အနက်ယောဇနာခဲ့ပါ။

၃။ ဒုတိယပါရာဇိကသိက္ခာပုဒ်လာ သူတစ်ပါးပစ္စည်းကို ခိုးယူသူ၏ ခံရမည့် ပြစ်ဒဏ်များကို သိက္ခာပုဒ်လာရှိသည့်အတိုင်း ပါဠိ+ မြန်မာ တွဲစပ်ဖော်ပြ၍ ပါရာဇိကကျသောရဟန်း၏ ဆုံးရှုံးနစ်နာမှုကိုလည်း ပါတိမောက်လာအတိုင်း မှတ်သားလောက်အောင် ဖြေဆိုခဲ့ပါ။

၄။ အောက်ဖော်ပြပါ ရဟန်းတော်တို့အား သင့်ရောက်သော အာပတ်တို့ကို သိက္ခာပုဒ်ဖြင့် ထောက်၍ ဖြေဆိုခဲ့ပါ။

(က) မာတုဂါမအား ကိုယ်ဝန်ကျဆေး တိုက်ကျွေးသော ရဟန်း။
(ခ) ဘိက္ခုနီထံ သင်္ကန်းအလှူခံသော ရဟန်း။
(ဂ) ပိုးရှိမှန်းသိလျက် မြက်ခင်းမြေပြင်၌ ရေသွန်သော ရဟန်း။
(ဃ) အကြောင်းမရှိဘဲ စစ်ရေးပြ အခမ်းအနားကို သွားကြည့်သော ရဟန်း။
(င) အော်ကြီးဟစ်ကျယ် ပြောဆိုလျက် ရွာအတွင်းသို့ သွားလာနေထိုင်သော ရဟန်း။

၅။ သိမ်သမုတ်ရာ၌ ပြည့်စုံရမည့် သမ္ပတ္တိ ၃–မျိုးကို ထုတ်ပြ၍ ဗဒ္ဓသိမ်အပြားကိုလည်း တိကျစွာ ကောက်ပြပါ။

၆။ "အညတြ အဓိမာနာ"၌ အဘယ်ပုဂ္ဂိုလ်အား "အဓိမာန"ဖြစ်ထိုက်ပါသနည်း? ဖြေဆို၍ "အဓိမာန"၏ အဓိပ္ပါယ်ကိုလည်း ကာရိကနှင့်အညီ ဖြေဆိုခဲ့ပါ။

၁၆။ ရှမ်းပြည်နယ်/အရှေ့ပိုင်း (အဖြေ)
ပထမငယ်တန်း ။ ။ ဝိနယဘာသာ

၁။ (ဒုဗ္ဗဏ္ဏကရဏသိက္ခာပုဒ်ကို ပါဠိရေးလေ။)

၂။ (အနက်ထင်ရှားပြီ)

၃။ ဟာနေယျုံ ဝါ– ဘုရင်များက ခိုးသူအဖြစ် ဖမ်း၍ သတ်ပုတ်ညှင်းဆဲခံရခြင်း။ ဗန္ဓေယျုံ ဝါ– နှောင်ဖွဲ့ခံရခြင်း။ ပဗ္ဗာဇေယျုံ ဝါ– တိုင်းပြည်မှ နှင်ထုတ်ခံရခြင်း။ စောရောသိ ဗာလောသိ မူဠှောသိ ထေနောသိ– ခိုးသူပဲ လူမိုက်ပဲ တွေဝေသူပဲ ဝှက်တတ်သူပဲဟု ကြိမ်းမောင်းခံရခြင်း။

http://www.dhammadownload.com

(ပါရာဇိကော ဟောတိ အသံဝါသော– ရဟန်းကောင်းတို့နှင့် ပေါင်းသင်းခွင့် မရပဲ သာသနာတော်မှ ဆုံးရှုံးခြင်း။)

**ဆုံးရှုံးနစ်နာမှု–**

လူသာမဏေ ဖြစ်စဉ်အခါက ရဟန်းကောင်းတို့နှင့် ၂–ညဉ့် ၃–ညဉ့် အိပ်ခွင့်ရသကဲ့သို့ ပါရာဇိကကျပြီးနောက် ယင်းသို့ မရခြင်း။ ရဟန်းကောင်းတို့နှင့် ပေါင်းသင်းခွင့် မရပဲ သာသနာတော်မှ ဆုံးရှုံး၍ ပါရာဇိကကျခြင်း။

၄။ (က) မနုဿဝိဂ္ဂဟသိက္ခာပုဒ်ဖြင့် ပါရာဇိက၊

(ခ) စီဝရပဋိဂ္ဂဟသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်၊

(ဂ) ဘူတဂါမဝဂ် သပ္ပါဏကသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊

(ဃ) ဥယျောဇိကသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊

(င) ဥစ္စာသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်။

၅။ နိမိတ္တာသမ္ဘူတ္တိ၊ ပရိသာသမ္ဘူတ္တိ၊ ကမ္မဝါစာသမ္ဘူတ္တိ။

**ဗဒ္ဓသိမ်အပြား–** ခဏ္ဍသိမ်၊ သမာနသံဝါသသိမ်၊ အဝိပ္ပဝါသသိမ်။

၆။ သင်္ကါရတရားတို့ကို လက္ခဏာယာဉ်သို့ တင်၍ သုံးသပ်ရှုမှတ်သော အာရဒ္ဓဝိပဿက ရဟန်း။

**အဓိမာန အဓိပ္ပါယ်–** (ရရိုင် ၆–ရှု)

၁၇။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရောဝတီတိုင်း)

ပထမငယ်တန်း ။ ။ဘိက္ခုပါတိမောက်ဘာသာ

၁၃၇၀–ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် (၁၃) ရက်၊ (၂၃–၃–၂၀၀၉) တနင်္လာနေ့

၁။ ဒုဗ္ဗစသဘော အပြောမခံ မာနခက်ထန်နေသော ရဟန်းအား ရဟန်းကောင်းတို့က သာသနာကြီးပွားရာ ကြီးပွားကြောင်းပြဆိုလျက် ပြောဆိုပုံပြ ပါဠိကို ပါဠိသက်သက် ရေးပြပါ။

၂။ အခင်းသစ်ပြုလုပ်လိုသောရဟန်း လိုက်နာဆောင်ရွက်ရမည့် ကိစ္စတို့ကိုပြဆိုသော သိက္ခာပုဒ်ပါဠိတော်ကို အနက်ရေးသားခဲ့ပါ။

http://www.dhammadownload.com


၃။ ပုဗ္ဗကရဏလည်းမည် ပုဗ္ဗကိစ္စလည်းမည်သော လုပ်ငန်းရပ်တို့ကို ဖော်ပြ၍ (က) တိဏ္ဏံ မွှောန်း၊ (ခ) ဒွိန္နံ မွှောန်း-တို့၌ သင့်ရာသရုပ် အသီးသီးထုတ်ပြ ဖြေဆိုပါ။

၄။ "အစာလည်းဆေး ဆေးလည်းအစာ"ဟု အဆိုရှိရာ ပဏီတဘောဇဉ်တို့တွင် အစာလည်းဖြစ် ဆေးလည်းဖြစ်သော ဘောဇဉ်တို့ကို ဖော်ပြ၍ သာသနာတော်၏ ဆူးငြောင့်သဖွယ်ဖြစ်သော သာမဏေဟု မသိ၍ စာပေပရိယတ် သင်ကြားပို့ချပေးသော ရဟန်းအား အာပတ်သင့်/မသင့် အကြောင်းပြ ဖြေဆိုပါ။

၅။ သီလ၏ ပါတိမောက်အမည်ရပုံကို ဖြေဆို၍ ပဉ္စဝဂ်သံဃာပြုနိုင်သော ကံတို့ကို ဖော်ပြပြီးလျှင်၊ နိမိတ်လောက်သော တောင်ပို့၏ ပမာဏကိုလည်း ကခါဆရာအလိုကျ ဖြေဆိုပါ။

၆။ သိက္ခာသမာပန္နနှင့် သာဇီဝသမာပန္န-တို့၏ အထူးကို ဖြေဆိုပြီးလျှင်၊ ဝိသုဒ္ဓိပေက္ခော-၌ ဝိသုဒ္ဓိ ဖြစ်ပုံ/မဖြစ်ပုံကိုလည်း ရှင်းလင်းစွာ ဖြေဆိုပါ။

## ၁၇။ ဓရာဝတီတိုင်း (အဖြေ)
## ပထမငယ်တန်း။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ (မာယသ္မာ အဘ္ဘာန် အဝစနီယံ ။ပ။ အညမညဝုဋ္ဌာပနေန။) (ပေယျာလ ဖော်ရေးရန်)

၂။ (ဒွေဘာဂသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ လုပ်ငန်းရပ်- (ရန်ကုန် ၆-၅)
(က) ပါရာဇိက၊ သံဃာဒိသိသ်၊ ပါစိတ်။
(ခ) သံဃာဒိသိသ်၊ ပါစိတ်။

၄။ ဘောဇဉ်- (ပဲခူးအရှေ့ ၃-၅)
အာပတ်သင့်/ မသင့်- ဇာနံ တထာနာသိတံ သမဏုဒ္ဒေသံ- ဟု ပညတ်တော်မူသောကြောင့် မသိ၍ အာပတ်မသင့်ပါ။

၅။ သီလစောင့်ရှောက်သူကို အပါယ်စသောဒုက္ခ, အဘ္ဘာနုဝါဒဘေးစသည်တို့မှ လွတ်မြောက်စေတတ်သောကြောင့် သီလသည် ပါတိမောက် မည်၏။

http://www.dhammadownload.com

**ပြုနိုင်သော ကံ-**

မဇ္ဈိမဇနပုဒ်တို့၌ ဥပသမ္ပဒါကံ, အဗ္ဘာနကံကို ကြဉ်၍ ကြွင်းသံဃာ့ကံအားလုံးကို ဆောင်ရွက်နိုင်သည်။

**တောင်ပို့၏ ပမာဏ-**

အနည်းဆုံး သိမ်သမုတ်ရာနေ့၌ ပေါက်သော လက် ၈-သစ်မြင့် နွားဦးချိုမျှ ပမာဏရှိသော တောင်ပို့သည် နိမိတ်လောက်သော တောင်ပို့မည်သည်။

၆။ အဓိသီလသိက္ခာကို ဖြည့်ကျင့်နေသော ရဟန်းသည် သိက္ခာသမာပန္နမည်၏၊ ပညတ်တော်သိက္ခာပုဒ်ဟူသော သာဇီဝကို မလွန်ကျူးသော ရဟန်းသည် သာဇီဝသမာပန္နမည်၏၊ ဤသို့ ထူးသည်။

**ဝိသုဒ္ဓိဖြစ်ပုံ-** (ကချင် ၆-ရှု)

**ဝိသုဒ္ဓိမဖြစ်ပုံ-**ပါရာဇိကကျပြီးသဖြင့် ရဟန်းအဖြစ်၌တည်၍ ဈာန်စသည် မရနိုင်သောကြောင့် ရဟန်းအဖြစ်သည် ဝိသုဒ္ဓိ မဖြစ်။

၁၈။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (အထူးအောင်)

ပထမငယ်တန်း ။ ။ဘိက္ခုပါတိမောက်ဘာသာ

၁၃၇၁-ခုနှစ်၊ နယုန်လပြည့်ကျော် (၁၃) ရက်၊ (၂၀-၆-၂၀၀၉) စနေနေ့

၁။ ဘိက္ခုပါတိမောက် နိဿဂ္ဂိပါစိတ်၌ "အညတြ ဘိက္ခုသမ္မုတိယာ" ပါရှိသော သိက္ခာပုဒ်တို့တွင် အလယ်သိက္ခာပုဒ်ကို ပါဠိရေးပါ။

၂။ သာကီဝင်မဟာနာမ်မင်း၏ ဆေးအလှူနှင့် ပတ်သက်၍ ရဟန်းတော်များ လိုက်နာရမည့် သိက္ခာပုဒ်ကို မှန်ကန်စွာ အနက်ပေးပါ။

၃။ ဘူတဂါမဝဂ်လာ သံဃိကကျောင်း၌ လိုက်နာရမည့် စည်းကမ်းချက်များကို ပြည့်စုံအောင် ဖော်ပြ၍၊ ပါစိတ် ၅-မျိုးကိုလည်း ရေတွက်ပြပါ။

၄။ အောက်ပါ ရဟန်းတော်တို့ သင့်ရောက်သည့်အာပတ်တို့ကို သိက္ခာပုဒ်အမည်နှင့်တကွ ယှဉ်တွဲပြပါ။

(က) မိမိကိုယ်ကို သတ်သေမည့်သူအား အဆိပ်ရှာပေးသော ရဟန်း။

(ခ) ဆွေမျိုးမတော်သည့် ဘိက္ခုနီကို သိုးမွေး လျှော်ခိုင်းသော ရဟန်း။

http://www.dhammadownload.com


(ဂ) စိတ်ဆိုး၍ အခြားရဟန်းကို သံဃိကကျောင်းမှ နှင်ထုတ်သော ရဟန်း။
(ဃ) ညီညွတ်သော သံဃာနှင့်တကွ သင်္ကန်းပေးပြီးနောက် ရှုတ်ချသော ရဟန်း။
(င) ကဲ့ရဲ့လိုသော စိတ်ထားဖြင့် သူတစ်ပါးသပိတ်ကို ကြည့်သော ရဟန်း။

၅။ ကံ၏ အစွမ်းဖြင့်ပြားသော သံဃာအမျိုးအစားကို ပြုလုပ်နိုင်သော ကံများနှင့်တကွ ယှဉ်တွဲ ဖော်ပြပါ။

၆။ ပါရိသုဒ္ဓိဥပုသ်အပြားကို ပြုပုံအခြင်းအရာနှင့်တကွ ဖော်ပြ၍ သိက္ခာပုဒ်ပညတ်တော်မူရာ အရပ်ဒေသများကိုလည်း ဖြေဆိုပါ။

## ၁၈။ အထူးအောင် (အဖြေ)

## ပထမငယ်တန်း ။ ။ ဘိက္ခုပါတိမောက်ဘာသာ

၁။ (ဆဗ္ဗသသိက္ခာပုဒ်ကို ပါဠိရေးလေ။)

၂။ (မဟာနာမသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ ၁။ သံဃိကကျောင်း၌ အိပ်ရာနေရာကို ကိုယ်တိုင်ခင်း၍ ဖြစ်စေ, သူတစ်ပါးကို ခင်းစေ၍ ဖြစ်စေ, အရပ်တပါးသို့ ဖဲသွားသောအခါ ကိုယ်တိုင်သော်လည်း ရုပ်သိမ်းရမည်၊ သူတစ်ပါးကိုသော်လည်း ရုပ်သိမ်းစေရမည်၊ သို့မဟုတ် ပန့်ပြော၍ သွားရမည်။
၂။ သံဃိကကျောင်း၌ ရှေးဦး နေနှင့်ပြီးပုဂ္ဂိုလ်ကို သိလျက် တိုးဝှေ့မနေထိုင်ရ။
၃။ သံဃိကကျောင်း၌ အထက်ဆင့်တွင် ဖျဉ်မခင်း၍ ဟင်းလင်းပြင်ရှိသော ကုဋီ၌ အပေါ်တွင် အခြေတပ်သော ညောင်စောင်းကိုဖြစ်စေ အင်းပျဉ်ကို ဖြစ်စေ ဖိ၍ မထိုင်ရ, မအိပ်ရ။
ပါစိတ် ၅-မျိုး-
နိဿဂ္ဂိပါစိတ်၊ သုဒ္ဓပါစိတ်၊ ဘေဒနကပါစိတ်၊ ဆေဒနကပါစိတ်၊ ဥဒ္ဒါလနကပါစိတ်။

၄။ (က) မနုဿဝိဂ္ဂဟသိက္ခာပုဒ်ဖြင့် ပါရာဇိက၊
(ခ) ဥေကလောမဓောဝါပနသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်၊
(ဂ) နိက္ခမနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊
(ဃ) ဒုဗ္ဗလသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊
(င) ဥဇ္ဈာနသညီသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်။

http://www.dhammadownload.com


၅။ စတုဝဂ္ဂသံဃာ– ဥပသမ္ပဒါကံ, ပဝါရဏာကံ, အဗ္ဘာနကံများကိုကြဉ်၍ ကျန်သံဃာ့ကံ အားလုံး ဆောင်ရွက်နိုင်သည်။
ပဉ္စဝဂ္ဂသံဃာ– မဇ္ဈိမဒေသ၌ ဥပသမ္ပဒါကံ, အဗ္ဘာနကံကိုကြဉ်၍ ကျန်သံဃာ့ကံ အားလုံး ဆောင်ရွက်နိုင်သည်။
ဒသဝဂ္ဂသံဃာ– အဗ္ဘာနကံကိုကြဉ်၍ ကျန်သံဃာ့ကံအားလုံး ဆောင်ရွက်နိုင်သည်။
ဝီသတိဝဂ္ဂသံဃာ၊ အတိရေကဝီသတိဝဂ္ဂသံဃာ– သံဃာ့ကံအားလုံး ဆောင်ရွက်နိုင်သည်။

၆။ ၁။ အညာရောစနပါရိသုဒ္ဓိဥပုသ်–
မဟာပဝါရဏာနေ့၌ ပဝါရဏာပြုပြီးကုန်သော ရဟန်းတို့အထဲ၌ ပစ္ဆိမဝါကပ်သော ရဟန်း, ဝါမကပ်သောရဟန်း, ဝါကျိုးသော ရဟန်းတို့သည်လည်းကောင်း။
တန်ဆောင်မုန်းလပြည့်နေ့ ပဝါရဏာပြုသောရဟန်းတို့အထဲ၌ ပုရိမဝါကပ်သောရဟန်း, ဝါမကပ်သော ရဟန်း, ဝါကျိုးသော ရဟန်းတို့သည်လည်းကောင်း ကာယသာမဂ္ဂီပေး၍ "ပရိသုဒ္ဓေါ အဟံ ဘန္တေ ပရိသုဒ္ဓေါတိ မံ ဓာရေထ" ဟု သုံးကြိမ် ရွတ်ဆို၍ ပါရိသုဒ္ဓိ ဥပုသ်ပြုရမည်။
၂။ အညမညာရောစနပါရိသုဒ္ဓိဥပုသ်–
ရဟန်း သုံးပါးဖြစ်လျှင် ရဟန်းတစ်ပါးက "သုဏန္တု မေ အာယသ္မန္တာ၊ အဇ္ဇုပေါသထော စာတုဒ္ဒသော (ပန္နရသော)၊ ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ အညမညံ ပါရိသုဒ္ဓိဥပေါသထံ ကရေယျာမ– ဟု ဉတ်ထား၍ မထေရ်ကြီးက "ပရိသုဒ္ဓေါ အဟံ အာဝုသော ပရိသုဒ္ဓေါတိ မံ ဓာရေထ"– ဟု သုံးကြိမ် ရွတ်ဆို၍ ပြုရမည်၊ ရဟန်းငယ်များက "ပရိသုဒ္ဓေါ အဟံ ဘန္တေ ပရိသုဒ္ဓေါတိ မံ ဓာရေထ"– ဟု သုံးကြိမ် ဆို၍ ပြုရမည်။
ရဟန်း နှစ်ပါး ဖြစ်က ဉတ်မထားဘဲ မထေရ်ကြီးက "ပရိသုဒ္ဓေါ အဟံ အာဝုသော ပရိ သုဒ္ဓေါတိ မံ ဓာရေထ"– ဟု သုံးကြိမ် ရွတ်ဆို၍ ပြုရမည်၊ ရဟန်းငယ်က "ပရိသုဒ္ဓေါ အဟံ ဘန္တေ ပရိသုဒ္ဓေါတိ မံ ဓာရေထ"– ဟု သုံးကြိမ် ဆို၍ ပြုရမည်၊ ဤသို့ ဉတ်ထား ၍ဖြစ်စေ မထားဘဲဖြစ်စေ အချင်းချင်း ပြောကြား၍ ပါရိသုဒ္ဓိဥပုသ်ပြုရမည်။
**အရပ်ဒေသ–**
ဝေသာလီပြည်၊ ရာဇဂြိုဟ်ပြည်၊ သာဝတ္ထိပြည်၊ အာဠဝီပြည်၊ ကောသမ္ဗီပြည်၊ သဂ္ဂတိုင်း။ ဘဂ္ဂတိုင်း။။

http://www.dhammadownload.com


၁။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကချင်ပြည်နယ်)
ပထမငယ်တန်း ။ ။ ဓမ္မပဒပါဠိ (အစမှ ဗာလဝဂ်အဆုံးထိ) ဘာသာ
၁၃၇၀-ခုနှစ်၊ တန်ခူးလဆန်း (၈) ရက်၊ (၂-၄-၂၀၀၉) ကြာသပတေးနေ့

၁။ ခန္ဓာကိုယ် အတ္တဘောအား "ရေမြှုပ်ပမာ ပျက်တတ်စွာ"ဟု အာရုံကိုယူသော ရဟန်းအား မြတ်စွာဘုရား ဟောတော်မူအပ်သော ပုပ္ဖဝဂ်လာ ဂါထာကို ပါဠိသက်သက် ဖြေဆိုခဲ့ပါ။

၂။ အိပ်ပျော်သောသူ ပမာယူ၍ မေ့လျော့သောရဟန်း ဆုံးမခန်း၌ ဘုရားရှင်ဟောကြားတော်မူအပ်သော အပ္ပမာဒဝဂ်လာ ဂါထာကို အနက်မှန်စွာ ယောဇနာခဲ့ပါ။

၃။ ကိလေသာမာရ် ကိုယ်တွင်းရန်တို့ နှိပ်စက်သည့်ဒဏ် ဧကန်မလွဲ ယခုဘဝပင် ခံရမြဲဖြစ်သောပုဂ္ဂိုလ်ကိုလည်း ယမကဝဂ် စူဠကာဠထေရဝတ္ထုလာအတိုင်း ဖော်ပြခဲ့ပါ။

၄။ ငါမှငါသာ ပူဇော်ရာ၊ ငါ၏အလို လိုက်စေလိုသော ဗာလရဟန်းတို့၏ အလိုဆန္ဒနှင့် အကြံအစည်တို့ကိုလည်း စိတ္တဂဟပတိဝတ္ထုလာသည့်အတိုင်း ဖြေဆိုခဲ့ပါ။

၅။ သာမာဝတီဝတ္ထုလာ စဏ္ဍပဇ္ဇောတမင်း ပိုင်ဆိုင်သော ယာဉ် ၅-မျိုးနှင့် ပုပ္ဖဝဂ် ဝိသာခါဥပါသိကာဝတ္ထု၌ ဟောတော်မူသော ဆုထူးပန် ၅-ဦးကိုလည်း ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

၆။ ဘဒ္ဒိယစသောမင်းသားတို့၏ မြတ်စွာဘုရားထံ၌ မာန်မာန နှိမ့်ချပုံနှင့် အရှင်ဘဒ္ဒိယ ရရှိအပ်သောတရားထူးတို့ကိုလည်း အဋ္ဌကထာလာအတိုင်း ဖြေဆိုခဲ့ပါ။

၁။ ကချင်ပြည်နယ် (အဖြေ)
ပထမငယ်တန်း ။ ။ ဓမ္မပဒပါဠိ (အစမှ ဗာလဝဂ်အဆုံးထိ) ဘာသာ

၁။ ဂါထာ- ၄၆။

၂။ ဂါထာ- ၂၉။

၃။ မတင့်တယ်သောအာရုံကို တင့်တယ်၏ဟု အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍နေသော စက္ခုစသောဣန္ဒြေတို့၌ မစောင့်စည်းဘဲ ဘောဇဉ်၌လည်း ရာမှီးခံယူ သုံးဆောင်ခြင်း

http://www.dhammadownload.com

ဟူသော အတိုင်းအရှည်ကို မသိသော ပျင်းရိ၍ယုတ်လျော့သော ဝီရိယရှိသောရဟန်းကို " အားကြီးသော လေမုန်တိုင်းသည် အားနည်းသော ကမ်းနားသစ်ပင်ကို နှိပ်စက်ဖျက်စီးသကဲ့သို့ " ကိလေသာမာရ် ကိုယ်တွင်းရန်သည် စင်စစ်နှိပ်စက် ဖျက်စီးနိုင်၏။

(ဂါထာ- ၇)

၄။ **မာလရဟန်းတို့၏ အလိုဆန္ဒ-**

မိုက်သောရဟန်းသည် ရဟန်းတို့၏အလယ်၌ မိမိတွင်ထင်ရှားမရှိသော ဂုဏ်အားဖြင့် ချီးမွမ်းခြင်းကိုလည်းကောင်း မိမိကို ခြံရံခြင်းကိုလည်းကောင်း ကျောင်းတို့၌ အစိုးရခြင်းကို လည်းကောင်း တစ်ပါးသော ဒါယကာအမျိုးတို့၏ ပူဇော်ခြင်းကိုလည်းကောင်း အလိုဆန္ဒရှိပါသည်။ (ဂါထာ- ၇၃)

**မာလရဟန်းတို့၏ အကြံ-**

" မိုက်သောရဟန်းသည် " ငါ့ကိုသာလျှင် သေနာသနဝတ်ကို ပြုအစ်၏ဟူ၍ လူ, ရဟန်းတို့ မှတ်ထင်စေကုန်သတည်း။ တစ်စုံတစ်ခု အမှုကြီးငယ်တို့၌ ငါ့အလိုသို့သာ လိုက်စေကုန် သတည်း" ဟု အကြံဖြစ်ပါသည်။ (ဂါထာ- ၇၄)

၅။ တစ်နေ့လျှင် ယူဇနာ (၅၀) တိုင်တိုင်သွားနိုင်သော ဘဒ္ဒဝတီမည်သော ဆင်မ၊
တစ်နေ့လျှင် ယူဇနာ (၆၀) တိုင်တိုင်သွားနိုင်သော ကာကမည်သော ကျွန်၊
တစ်နေ့လျှင် ယူဇနာ (၁၀၀) တိုင်တိုင်သွားနိုင်သော စေလကဋ္ဌိမည်သော မြင်း။
တစ်နေ့လျှင် ယူဇနာ (၁၀၀) တိုင်တိုင်သွားနိုင်သော မုဥ္စကေသီမည်သော မြင်း။
တစ်နေ့လျှင် ယူဇနာ (၁၂၀) တိုင်တိုင်သွားနိုင်သော နာဠာဂီရိမည်သော ဆင်။

(ဓမ္မ၊ ဋ၊ ၁- ၁၂၆၊ ၁၂၇)

**ဆုထူးပန် ၅- ဦး-**

မေဏ္ဍကသူဌေးကြီး၊
စန္ဒပဒုမာသူဌေးကတော်၊
မေဏ္ဍကသူဌေးကြီး၏သား ဓနဉ္စယသူဌေး၊
မေဏ္ဍကသူဌေးကြီး၏ချွေးမ သုမနဒေဝီ သူဌေးကတော်၊
မေဏ္ဍကသူဌေးကြီး၏ကျွန် ပုဏ္ဏ။ (ဓမ္မ၊ ဋ၊ ၁- ၂၄၃)

http://www.dhammadownload.com


၆။ ဘဒ္ဒိယစသောမင်းသား၆- ယောက်တို့သည် ဘုရားရှင်အား " ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား- တပည့်တော်တို့ မင်းမျိုးတို့မည်သည် မာန်မာနကို စွဲမှီလျက် အမြတ်ကြွ လေ့ရှိကုန်၏။ ဤဥပါလိသည် တပည့်တော်တို့၏ ခြေရင်းအလုပ် အကျွေးတည်း။ ဤဥပါလိကို ရှေးဦးစွာ ရဟန်းပြုပေးတော်မူပါ။ တပည့်တော်တို့သည် ထိုဥပါလိအား လက်အုပ်ချီမိုး ရှိခိုးခြင်း စသည်ကို ပြုကြရပါကုန်လတ္တံ့၊ ဤသို့ဥပါလိကို ရှိခိုးခြင်းအစရှိသည်ကို ပြုကြရကုန်သည်ရှိသော် တပည့်တော်တို့၏ တက်ကြွသော မာန်မာနသည် ပျောက်ပပျက်စီးခြင်း ဖြစ်ပါလတ္တံ့ " ဟု လျှောက်ထား၍ ဥပါလိကို ရှေးဦးစွာ ရဟန်းပြုစေလျက် မိမိတို့၏ မာန်မာနကို နှိမ့်ချကြပါသည်။

(ဓမ္မ၊ ဋ္ဌ၊ ၁- ၈၉)

**အရှင်ဘဒ္ဒိယရအပ်သော တရားထူး-**

အရှင်ဘဒ္ဒိယသည် ရဟန်းပြုသော ဝါတွင်းကာလဖြင့်သာလျှင် ပုဗ္ဗေနိဝါသ, ဒိဗ္ဗစက္ခု, အာသဝက္ခယတည်းဟူသော ဝိဇ္ဇာသုံးပါး မြတ်တရားကို ပိုင်းခြားသိမြင်၍ ရဟန္တာ အဖြစ်သို့ ရောက် ပါသည်။ (ဓမ္မ၊ ဋ္ဌ၊ ၁- ၈၉)

## ၂။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကယားပြည်နယ်)

ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁၃၇၀-ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၈) ရက်၊ (၂-၄-၂၀၀၉) ကြာသပတေးနေ့

၁။ အောက်ပါ (ပေယျာလ)ကို ဖော်ပြပါ။
အစိရံ ဝတ (လ) ကလိင်္ဂရံ။

၂။ နတ်တကာတို့ထက် မြင့်မြတ်ရန် သိကြားမင်းကျင့်သုံးခဲ့ပုံပြ ဂါထာကို အနက်ရေးခဲ့ပါ။

၃။ ရှင်စူဠပန်ကို အကြောင်းပြု၍ မြတ်ဗုဒ္ဓဟောကြားထားသော သံသရာတည်းဟူသော သမုဒ္ဒရာ၌ ကိလေသာရေအလျဉ် မဖျက်ဆီးနိုင်သော အရဟတ္တဖိုလ်တည်းဟူသော မှီခိုရာကျွန်းကိုပြုနိုင်သည့် ပညာရှိများ ရှိရမည့်တရားများကို ဖော်ပြပါ။

၄။ အောက်ပါ (က- ခ)တို့ကို ကျမ်းရင်းလာအတိုင်း အဓိပ္ပါယ်ပြည့်စုံအောင် ဖော်ပြပါ။
(က) သက်နိုးနှင့် မထိုက်တန်သူ၊
(ခ) သက်နိုးနှင့် ထိုက်တန်သူ။

http://www.dhammadownload.com


၅။ နတ်ပြည်၌ နတ်စည်းစိမ်ခံစားကြကုန်သော နတ်သားများ နတ်သက်ကြွေ သေလွန်ကြသည်မှာ အသက်တမ်းကုန်ခြင်းကြောင့် သေလွန်ခြင်း။ ကံစွမ်းကုန်လွန်သောကြောင့် သေလွန်ခြင်းတို့မှာ လူသားများမှာလည်း ရှိပါသည် လူသေပုံထက် နတ်သေပုံထူးခြားမှု ရှိပါလျှင် ရေးပြပါ။

၆။ "စိတ္တံ ဂုတ္တံ သုခါဝဟံ" ပါဠိတော်၌ သုခါဝဟံဝယ် သုခ အရ တိကျစွာ ကောက်ပြ၍ "ဖန္ဒနံ" ဟူသည်အဘယ်ကို ခေါ်ပါသနည်း?။

## ၂။ ကယားပြည်နယ် (အဖြေ)

### ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ထင်ရှားပြီ။)

၂။ ဂါထာ– ၃၀။

၃။ ထကြွခြင်း, မမေ့မလျော့ခြင်း, သီလ စောင့်စည်းခြင်း, ဣန္ဒြေကို ဆုံးမခြင်းဟူသော တရားများ ရှိရပါမည်။ (ဂါထာ– ၂၅)

၄။ (က) ကိလေသာဟူသော ဖန်ရည်မကင်းပဲလျက် ဖန်ရည်စွန်းသော သင်္ကန်းကို ဝတ်ရုံသော ဣန္ဒြေကိုဆုံးမခြင်း။ မှန်ကန်သောစကားကို ပြောဆိုခြင်းမှ ကင်းသော ပုဂ္ဂိုလ်သည် သင်္ကန်းနှင့် မထိုက်တန်ပါ။ (ဂါထာ– ၉)

(ခ) လေးပါးသောမဂ်ဖြင့် ကိလေသာဟူသော ဖန်ရည်ကို ထွေးအန်အပ်ပြီးသော စတုပါရိသုဒ္ဓိ သီလတို့၌ ကောင်းစွာတည်၍ ဣန္ဒြေကို ဆုံးမခြင်း။ မှန်ကန်သော စကားကို ဆိုခြင်းနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် သင်္ကန်းနှင့်ထိုက်တန်ပါသည်။ (ဂါထာ– ၁၀)

၅။ နတ်တို့သည်– ကာမဂုဏ်တို့ကို သုံးဆောင်ခံစားလျက် သတိလွတ်ကင်း တွေဝေခြင်းဖြင့် အာဟာရကို မသုံးဆောင်မိသည်ဖြစ်၍ အာဟာရကုန်ခြင်းကြောင့်လည်းကောင်း။ သူတစ်ပါး စည်းစိမ်ကို သည်းမခံနိုင်သဖြင့် ပြင်းစွာအမျက်ထွက်ခြင်းကြောင့်လည်းကောင်း သေရခြင်းတို့သည် လူသေပုံထက် ထူးခြားသောသေခြင်းတို့ ဖြစ်ပါသည်။ (ဓမ္မ၊ ဋ္ဌ၊ ၁– ၁၁၀)

http://www.dhammadownload.com


၆။ သုခ အရ–သုခ– အရ မင်္ဂချမ်းသာ, ဖိုလ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာတို့ကို ရပါသည်။
(ဓမ္မ၊ ဋ္ဌ၊ ၁- ၁၉၁)

ဖန္ဒန်– ဟူသည်– ရူပါရုံအစရှိကုန်သော အာရုံတို့၌ တုန်လှုပ်ခြင်းကို ဖန္ဒန– ဟု ခေါ်ပါသည်။
(ဓမ္မ၊ ဋ္ဌ၊ ၁- ၁၉၂)

## ၃။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကရင်ပြည်နယ်)
## ပထမငယ်တန်း ။ ။ ဓမ္မပဒပါဠိ အဋ္ဌကထာဘာသာ
## ၁၃၇၀-ပြည့်နှစ်၊ တန်ခူးလဆန်း (၈) ရက်၊ (၂-၄-၂၀၀၉) ကြာသပတေးနေ့

၁။ အစိရဝတီမြစ်၏ ကမ်းနားသစ်ရိပ်၌ ရေပွက်ရေမြှုပ်ပမာ မိမိကိုယ်ခန္ဓာ၏ ဖြစ်ပျက်သဘောအာရုံကိုယူနေသော တံလျှပ်ကမ္မဋ္ဌာန်းရဟန်းအား မြတ်ဗုဒ္ဓဟောကြားတော်မူသော နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းပြ "ဖေဏူပမ"ဂါထာကို ပါဠိရေးခဲ့ပါ။

၂။ ပန်းဝတ်ရည်သုံး ပျားပိတုန်းသည် ပန်း၏အလှ မြေမခစေသကဲ့သို့ ပိတုန်းတူပြန် အရှင်မောဂ္ဂလာန်ကို ချီးမွမ်းပုံပြ "မစ္ဆရိယကောသိယဝတ္ထုလာဂါထာ"ကို အနက်ပေးခဲ့ပါ။

၃။ မျက်နှာဖုံးစွပ်နှင့်တူသော အကာကိုချွတ်၍ အနှစ်ကိုမြင်လိုသူတိုင်းအား သာရဥ္စသာရတော ဥတ္တာ–၌ ဟောထားတော်မူခဲ့သော အနှစ်(သာရ) တရားများကို ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

၄။ အားနည်းသောလေသည် ကျောက်တောင်ကို တုန်လှုပ်အောင် မတိုက်ခိုက်နိုင်သကဲ့သို့ ကိလေသာမာန်က မညှင်းဆဲနိုင်သောပုဂ္ဂိုလ်၏ ပြည့်စုံရမည့် အချက်အလက်များကို ယမကဝဂ်၊ မဟာကာဠတ္ထေရဝတ္ထုနှင့်အညီ ဖြေဆိုခဲ့ပါ။

၅။ မဋ္ဌကုဏ္ဍလီလုလင်၏ ဘဝနေဝင်ခါနီး၌ မြတ်စွာဘုရားကို ဖူးမြင်၍ အမြင်မှန်ရပုံနှင့် စိတ်ဖြင့် ကုသိုလ်ယူမှုကြောင့် စံစားရမည့်အကျိုးတရားများကို ပြည့်စုံစွာ ရေးသားခဲ့ပါ။

၆။ တောမှီရဟန်းခေါ် နိဂမဝါသီတိဿမထေရ်၏ ကျော်ကြားရခြင်း အကြောင်းရင်းများကို ရေတွက်ပြ၍၊ သိပ္ပနည်းပညာ လုံးဝမပါဘဲ ယောကျ်ားအသွင်မှ မိန်းမအသွင်သို့ ပြောင်းလွဲသွားခဲ့သော သောရေယျသူဌေးသား၏ ပြောင်းလွဲရခြင်းအကြောင်းကိုလည်း ဖြေဆိုပြခဲ့ပါ။

http://www.dhammadownload.com


၃။ ကရင်ပြည်နယ် (အဖြေ)

ပထမငယ်တန်း ။ ။ ဓမ္မပဒပါဠိ အဋ္ဌကထာဘာသာ

၁။ ဂါထာ- ၄၆။

၂။ ဂါထာ- ၄၉။

၃။ **အနှစ် (သာရ) တရားတို့မှာ-**

၁၀- ပါးသော မိစ္ဆာဝတ္ထုရှိသော သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိဖြစ်ဖို့ရန် အားကြီးသော အကြောင်းဖြစ်သော တရားဒေသနာတို့ ဖြစ်ကြပါသည်။

**တစ်နည်း- အနှစ်(သာရ)တရားတို့မှာ-**

သီလသာရ, သမာဓိသာရ, ပညာသာရ အရဟတ္တဖိုလ်ဟုဆိုအပ်သော ဝိမုတ္တိသာရ၊ ပစ္စဝေက္ခဏာဉာဏ်ဟုဆိုအပ်သော ဝိမုတ္တိဉာဏဒဿနသာရ, နိဗ္ဗာန်ဟုဆိုအပ်သော ပရမတ္ထသာရတို့ ဖြစ်ကြပါသည်။ (ဓမ္မ၊ ဋ္ဌ၊ ၁- ၉၃)

၄။ မတင့်တယ်သောအာရုံကို မတင့်တယ်ဟု အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍ နေခြင်း။

စက္ခုစသော ဣန္ဒြေတို့ကို စောင့်စည်းခြင်း။

ဘောဇဉ်၌ ရှာမှီးခံယူ သုံးဆောင်ခြင်းဟူသော အတိုင်းအရှည်ကို သိခြင်း။

ကံ, ကံ၏အကျိုးကို ယုံကြည်ခြင်းလက္ခဏာရှိသော လောကီသဒ္ဓါ, ရတနာသုံးပါး၌ မတုန်မလှုပ် ကြည်ညိုခြင်းရှိသော လောကုတ္တရာသဒ္ဓါတရားနှင့် ပြည့်စုံခြင်း။

အားထုတ်အပ်သော ဝီရိယရှိခြင်းတို့ ဖြစ်ကြပါသည်။ (ဂါထာ- ၈)

၅။ သေခါနီး ဝေဒနာခံစားနေရသော မဋ္ဌကုဏ္ဍလီသတို့သားထံသို့ မြတ်စွာဘုရားသည် ရောင်ခြည်တော်လွှတ်တော်မူသဖြင့် မြတ်စွာဘုရားကို ဖူးမြင်ရသော မဋ္ဌကုဏ္ဍလီသည် "ငါသည် အလွန်တရာ မိုက်မဲလှသော အဖကို မှီရခြင်းကြောင့် ဤသို့သဘောရှိသော မြတ်စွာဘုရား ကို ညွှတ်တွားဆည်းကပ်လျက် ကိုယ်ဖြင့်အမှုကြီးငယ်ကို ရွက်ဆောင်ခြင်းငှာလည်းကောင်း၊ အလှူပေးခြင်းငှာလည်းကောင်း၊ တရားနာခြင်းငှာလည်း ကောင်း အခွင့်မရခဲ့၊ ယခုအခါ၌ ငါ၏ လက်ကိုသော်မှ အစိုးမရတော့၊တစ်ပါးသော ပြုဖွယ်မရှိချေ " ဟု စဉ်းစား၍ စိတ်ဖြင့်သာ ကြည်ညို ခြင်းကို ဖြစ်စေပါသည်။

(ဓမ္မ၊ ဋ္ဌ၊ ၁- ၁၈)

http://www.dhammadownload.com


**စိတ်ဖြင့်ကုသိုလ်ယူမှုကြောင့် ခံစားရမည့် အကျိုးတရားများ–**

မဋ္ဌကုဏ္ဍလီလုလင်သည် လှည်းခြောက်ဆယ်တိုက်ဝန်မျှ ပမာဏရှိသော တန်ဆာဖြင့် တန်ဆာဆင်အပ်သော် နတ်သမီးတစ်ထောင် ခြံရံအပ်သော သုံးဂါဝုတ်မျှရှိသော အတ္တဘောဖြင့် တာဝတိံသာနတ်ပြည် ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန်၌ နတ်သားဖြစ်ရခြင်းဟူသော အကျိုး တရားများကို ရရှိပါသည်။ (ဓမ္မ၊ ဋ္ဌ၊ ၁– ၁၇)

၆။ နိဂမဝါသီတိဿမထေရ်သည်–
အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း၊
ဆိတ်ငြိမ်ရာအရပ်၌ ချဉ်းကပ်မွေ့လျော်လေ့ရှိခြင်း၊
အားထုတ်အပ်သော လုံ့လဝီရိယရှိခြင်းတို့ကြောင့် ကျော်ကြားရပါသည်။
(ဓမ္မ၊ ဋ္ဌ၊ ၁– ၁၉၉)

**ပြောင်းလွဲရခြင်း အကြောင်း–**

သောရေယျသူဌေးသားသည်–
ရွှေအဆင်းကဲ့သို့ လှပသော အဆင်းရှိသော အရှင်ကစ္စည်းမထေရ်ကို မြင်သောအခါ "ဤမထေရ်သည်မူလည်း ငါ၏မယား ဖြစ်မူကောင်းလေစွ၊ ငါ့မယား၏ ကိုယ်အဆင်းသည်မူလည်း ဤမထေရ်၏ ကိုယ်အဆင်းကဲ့သို့ ဖြစ်မူကောင်းလေစွ " ဟု ကြံမိသော အကုသိုလ်ကံကြောင့် မိန်းမအသွင်သို့ ပြောင်းရပါသည်။ (ဓမ္မ၊ ဋ္ဌ၊ ၁– ၂၀၇)

၄။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ချင်းပြည်နယ်)
ပထမငယ်တန်း ။ ။ ဓမ္မပဒပါဠိ အဋ္ဌကထာဘာသာ
၁၃၇၀–ပြည့်နှစ်၊ တန်ခူးလဆန်း (၈) ရက်၊ (၂–၄–၂၀၀၉) ကြာသပတေးနေ့

၁။ ကုသိုလ်ရှိနေသူနောက်သို့ ချမ်းသာသုခ အမြဲလိုက်နေပုံကို ပြဆိုထားသော ဓမ္မပဒ ယမကဝဂ် မဋ္ဌကုဏ္ဍလီဝတ္ထုလာ ဂါထာပါဠိကို မှန်ကန်စွာ ရေးသားပြပါ။

၂။ ဓမ္မပဒ အပ္ပမာဒဝဂ် စူဠပန္ထကဝတ္ထုလာ ဂါထာပါဠိကို မှန်ကန်စွာ အနက်ပေးပြပါ။

၃။ သူဌေးဖြစ်ကြောင်း တရားများကို အပ္ပမာဒဝဂ် ကုမ္ဘဃောသကဝတ္ထုလာဂါထာနှင့်အညီ ဖြေဆိုပြပါ။

http://www.dhammadownload.com

၄။ ကောက်ကွေ့သောစိတ် (စိတ်ကောက်)ဟူသည် အဘယ်စိတ်ကို ဆိုလိုပါသနည်း? ဓမ္မပဒ စိတ္တဝဂ် မေဃိယတ္ထေရဝတ္ထုလာ ပထမဂါထာ၏ အဆိုအမိန့်အရ ဖြေဆိုပြပါ။

၅။ စက္ခုပါလမထေရ်၏ အတိတ်ဖြစ်ရပ် (အတီတဝတ္ထု)ကို ဓမ္မပဒ အဋ္ဌကထာလာအတိုင်း မှန်ကန်စွာ ရေးသားပြပါ။

၆။ ပူရန္တပ္ပမင်းကြီး၏ မိဘုရားကြီးသည် တောထဲ၌ ဘယ်ပုံဘယ်နည်း ဆင်းဆင်းရဲရဲ မီးဖွားခဲ့ရပါသနည်း? မှန်ကန်စွာ တင်ပြခဲ့ပါ။

## ၄။ ချင်းပြည်နယ် (အဖြေ)

ပထမငယ်တန်း ။ ။ ဓမ္မပဒပါဠိ အဋ္ဌကထာဘာသာ

၁။ (ထင်ရှားပြီ။)

၂။ (ထင်ရှားပြီ။)

၃။ ထကြွလုံ့လ ဝီရိယရှိခြင်း၊ သတိရှိခြင်း၊ စင်ကြယ်သောအမှု (ကံသုံးပါး) ရှိခြင်း၊ စူးစမ်း၍ ပြုလေ့ရှိခြင်း၊ စောင့်စည်းသော ဣန္ဒြေရှိခြင်း၊ တရားသဖြင့် အသက်မွေးခြင်း၊ မမေ့မလျော့ နေလေ့ရှိခြင်း တို့ ဖြစ်ကြပါသည်။ (ဂါထာ- ၂၄)

၄။ ကောက်ကွေ့သော စိတ်ဟူသည်-
ရူပါရုံစသည်တို့၌ တုန်လှုပ်၍ လှုပ်ပေါလော်လည်သော စောင့်ထိန်းနိုင်ခဲသော ဝိသဘာဂအာရုံသို့ သွားသည်ကို တားမြစ်နိုင်ခဲသောစိတ်ကို ဆိုလိုပါသည်။ (ဂါထာ- ၃၃)

၅။ ဗာရာဏသီပြည်၌ ဗြာဟ္မဒတ်မင်းကြီး မင်းပြုချိန် ဆေးသမားတစ်ဦးဖြစ်စဉ် ရွာ၊ နိဂုံး၊ ဇနပုဒ်တို့ကို လှည့်လည်လျက် ဆေးကုခြင်းအမှုကို ပြုသည်ရှိသော် မျက်စိရောဂါသည် မိန်းမ တစ်ယောက်ကိုတွေ့၍ ဆေးအဖိုးအခအဖြစ် "သားသမီးနှင့်တကွ ကျွန်ဖြစ်အံ့" ဟု ဝန်ခံကတိကို ယူကာ ဆေးကု၏။ ထိုမိန်းမ၏မျက်စိသည် ဆေးတစ်ကြိမ်ခတ်ကာမျှဖြင့် အကောင်းပကတိဖြစ်၏။ ထိုအခါ ရောဂါသည်မိန်းမသည် " ငါသည် သား၊ သမီးနှင့် တကွ ကျွန်ဖြစ်အံ့ဟု ဆေးဆရာအား ဝန်ခံမိပြီ၊ ကျွန်ဖြစ်၍ သိမ်မွေ့သောစကားဖြင့် ပြောကြားစေခိုင်းခြင်း မဖြစ်လတ္တံ့၊ ဆေးဆရာအား လှည့်ပတ်အံ့ " ဟု ကြံ၍ ဆေးဆရာက " ဝေဒနာသက်သာ၏လော " ဟု မေးလျှင် "ရှေးအခါက မျက်စိသည် အနည်းငယ်

http://www.dhammadownload.com



သာ ထိုးကျင့်နိဗ်စက်၏၊ ယခုအခါ ပို၍ထိုးကျင့် နိဗ်စက်၏" ဟု ပြောလေ၏၊ ဆေးဆရာသည် " ဤမိန်းမကား ဆေးအဖိုးအခကို မပေးလို၍ လှည့်ပတ်ပြောဆို၏၊ ထိုသူ ပေးသော ဆေးခဖြင့် ငါ့အား အဘယ်မူအံ့နည်း။ ယခုအခါ ထိုမိန်းမကို မျက်စိကန်းအောင် ပြုအံ့" ဟု ကြံပြီးလျှင် မျက်စိကွင်းဆေးကို ပေး၏၊ ဆေးကို ကွင်းကာမျှဖြင့် ရောဂါသည် မိန်းမ၏ မျက်စိနှစ်ဖက်တို့သည် မီးလျှံကဲ့သို့ ကွဲပျက်ကုန်၏၊ ဤကဲ့သို့သော အကုသိုလ်ကံကြောင့် စက္ခုပါလမထေရ် မျက်စိကွယ်ရခြင်း ဖြစ်ပါသည်။ (ဓမ္မ၊ ဋ္ဌ၊ ၁- ၁၃၊ ၁၄)

၆။ မိဖုရားကြီးသည်– မိမိအားဆောင်ယူလာသော ဟတ္ထိလိင်္ဂမည်သော ငှက်ဆင်ကြီးအား ခြောက်လုနှံ့အော်ဟစ်လျက် ပျံထွက်ပြေးစေ၏၊ ထိုအချိန်၌ပင် နေဝင်လေ၏၊ ကမ္ဘဇလေတို့လည်း တုန်လှုပ်လာကုန်၏၊ အလုံးစုံသော အရပ်မျက်နှာတို့၌ မိုးထစ်ချုန်းရွာသွန်း၏၊ မိဖုရားကြီးအား အားပေးမည့်သူ တစ်စုံတစ်ဦးမျှ မရှိ၊ လွန်ကဲသော ဆင်းရဲဒုက္ခဖြင့်သာ နှိပ်စက်ခံစားရသဖြင့် တစ်ညဉ့်ပတ်လုံး အနည်းငယ်မျှ အိပ်ပျော်ခြင်းကို မရမူ၍ မိုးသောက်သည်ရှိသော် မိုးသားတိမ်လိတ် ဖုံးလွှမ်းအုပ်ခြင်းမှ ကင်းခြင်းလည်းကောင်း၊ နေအရုဏ်တက်ခြင်းလည်းကောင်း၊ မိဖုရား၏ ကိုယ်ဝန်မှ ထမြောက်ဖွားမြင်ခြင်းလည်းကောင်း တစ်ပြိုင်နက်တည်း ဖြစ်လျက်သာလျှင် သားတော်ကို ဆင်းဆင်းရဲရဲ ဖွားမြင်ရပါသည်။ (ဓမ္မ၊ ဋ္ဌ၊ ၁- ၁၀၅)

၅။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ ခွဲ (စစ်ကိုင်းတိုင်း)

ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁၃၇၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် (၁၃) ရက်၊ (၂၃-၃-၂၀၀၉) တနင်္လာနေ့

၁။ သီလ, သမာဓိ, ပညာ– အစရှိသော အနှစ်သာရတရားတို့ကို ရယူနိုင်သောပုဂ္ဂိုလ်, မရယူနိုင်သောပုဂ္ဂိုလ်များကို ပြဆိုထားသော ဂါထာတို့ကို ပါဠိသက်သက် ရေးပြပါ။

၂။ ချိုးချည်ငန်းဖန်းစပ်ခါး– ဟူသော ဟင်း၏အရသာကို မသိရှာသော ဟင်းမွှေယောင်းမနှင့်တူသော ပုဂ္ဂိုလ်ဟုပြဆိုထားသည့် မြတ်ဗုဒ္ဓထုတ်ဖော် ဂါထာတော်ကို အနက်ပေးပြပါ။

၃။ တောင်ထိပ်၌ ရပ်တည်နေသောပုဂ္ဂိုလ်သည် တောင်အောက်မြေပြင်၌ နေသောပုဂ္ဂိုလ်တို့ကို ကြည့်ရှုသကဲ့သို့ ကြည့်ရှုပုံအခြင်းအရာကို မဟာကဿပဝတ္ထုကိုရှုမျှော်၍ ဖော်ပြပါ။

http://www.dhammadownload.com


၄။ မြားသမားသည် မြားကိုဖြောင့်အောင်ပြုလုပ်သကဲ့သို့ ပညာရှိသည် စိတ်ကိုဖြောင့်အောင် ပြုလုပ်၏- ဟူရာ၌ အဘယ်စိတ်ဖြစ်သည်ကို မေဃိယဝတ္ထုဂါထာကို ရှမ၍ အသီးသီးဖော်ပြပါ။

၅။ မြတ်စွာဘုရားအစရှိသော ပညာရှိသူတော်ကောင်းများသည် မမေ့မလျော့နေသော ပုဂ္ဂိုလ်ကို ချီးမွမ်းခြင်းအကြောင်းနှင့် မေ့မေ့လျော့လျော့နေသော ပုဂ္ဂိုလ်ကို ကဲ့ရဲ့ ပြစ်တင်ခြင်းအကြောင်းတို့ကို အဋ္ဌကထာဆရာဖွင့်ဆိုထားသည့်အတိုင်း ဖြေဆိုခဲ့ပါ။

၆။ အောက်ပါတို့ကို မှန်ကန်စွာဖော်ပြပါ-

(က) အာနန္ဒာသူဌေးကြီး၏ နေရာမြို့၊
(ခ) ကြွယ်ဝချမ်းသာသော စည်းစိမ်ဥစ္စာ၊
(ဂ) အာနန္ဒာသူဌေးကြီး၏ သားအမည်၊
(ဃ) သူဌေးကြီးပြောဆိုဆုံးမလေ့ရှိသောစကား၊
(င) သေပြီးနောက် ရောက်ရသည့်ဘဝ။

## ၅။ စစ်ကိုင်းတိုင်း (အဖြေ)

## ပထမယေတ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ ဂါထာ- ၁၁၊ ၁၂။

၂။ ဂါထာ- ၆၄။

၃။ ပညာရှိသည်- မေ့လျော့ခြင်းကို မမေ့မလျော့ခြင်းဖြင့် ပယ်ဖျောက်ရာအခါ၌ ဒိဗ္ဗစက္ခု အဘိညာဉ်တည်းဟူသော ပညာပြာသာဒ်သို့တက်၍ သောကကင်းသည်ဖြစ်၍ သောက ရှိသော သတ္တဝါအပေါင်းကို ကြည့်ရှု၏။ တောင်ထိပ်၌နေသောသူသည် မြေ၌နေသော သူတို့ကို ကြည့်ရှုသကဲ့ သို့ မမေ့မလျော့သော ပညာရှိသည် မေ့လျော့ကုန်သော သူမိုက် တို့ကို ကြည့်ရှုပါသည်။ (ဂါထာ- ၂၈)

၄။ ရူပါရုံစသည်တို့၌ တုန်လှုပ်၍ လျှပ်ပေါ်လော်လည်သော စောင့်ထိန်းနိုင်ခဲ၍ ဝိသဘာဂ အာရုံသို့ သွားသည်ကို တားမြစ်နိုင်ခဲသောစိတ်ကို မြားသမားသည် မြားကိုဖြောင့် အောင် ပြုလုပ်သကဲ့သို့ ပညာရှိသည် သမထဝိပဿနာဖြင့် ဖြောင့်အောင်ပြုလုပ်၏။ (ဂါထာ- ၃၃)

http://www.dhammadownload.com


၅။ မမေ့မလျော့ခြင်းသည် အလုံးစုံသော လောကီ, လောကုတ္တရာ အကျိုးအထူးတို့ကို ရခြင်း၏ အကြောင်းဖြစ်သောကြောင့် မြတ်စွာဘုရားအစရှိသော ပညာရှိသူတော်ကောင်းများ သည် မမေ့မလျော့နေသောပုဂ္ဂိုလ်ကို ချီးမွမ်းပါသည်။

**ကဲ့ရဲ့ ပြစ်တင်ခြင်းအကြောင်း–**

မေ့လျော့ခြင်းသည် လူဆင်းရဲဖြစ်ရခြင်း၊ အပါယ်ရောက်ရခြင်းစသော အလုံးစုံသော ပျက်စီးရခြင်း၏ အကြောင်းရင်းဖြစ်သောကြောင့် မြတ်စွာဘုရားအစရှိသော ပညာရှိသူတော်ကောင်း များသည် မေ့မေ့လျော့လျော့ နေသောပုဂ္ဂိုလ်ကို ကဲ့ရဲ့ပြစ်တင်ပါသည်။

(ဓမ္မ၊ ဋ္ဌ၊ ၁– ၁၇၈)

၆။ (က) သာဝတ္ထိမြို့
(ခ) ကုဋေ ၄၀– သော စည်းစိမ်ဥစ္စာ၊
(ဂ) မူလသိရီသူဌေး၊
(ဃ) သူဌေးကြီးသည်– " ကုဋေ၄၀– သောဥစ္စာကို များသည်ဟု မမှတ်လင့်၊ ထင်ရှားရှိသောဥစ္စာကို မပေးကမ်းအပ်၊ အသစ်ဖြစ်သောဥစ္စာကို ဖြစ်စေအပ် တိုးပွါးစေအပ်၏။ တစ်ကျပ် တစ်ကျပ်ကုန်အောင်ပြုသူသည်လည်း ဥစ္စာကုန်သည်သာ " ဟု ပြောဆိုဆုံးမ လေ့ရှိပါသည်။
(င) သူဌေးကြီးသည် သေပြီးနောက် ဒွန်းစဏ္ဍားဘဝသို့ ရောက်ရပါသည်။

(ဓမ္မ၊ ဋ္ဌ၊ ၁– ၂၉၇)

၆။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (တနင်္သာရီတိုင်း)
ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ
၁၃၇၀–ပြည့်နှစ်၊ တန်ခူးလဆန်း (၈) ရက်၊ (၂–၄–၂၀၀၉) ကြာသပတေးနေ့

၁။ အောက်ဖော်ပြပါ ဓမ္မပဒပါဠိတော်များကို ရေးသားပြပါ။
(က) "အမိုးကျဲလျှင် မိုးရွဲမယ်" ဟုဆုံးမသော နန္ဒတ္ထေရဝတ္ထုပထမဂါထာ၊
(ခ) "မေ့သူ သေသူ အတူတူ" ဟုဆုံးမသော သာမာဝတီဝတ္ထု ပထမဂါထာ။

၂။ "ကိုယ်ပြုသည့်ကံ ကိုယ့်ထံပြန် အမှန်ပူပန်ရ" ဟု ဆုံးမသော (စုန္ဒသူကရိကဝတ္ထု)ဂါထာကို အနက်ရေးပြပါ။

http://www.dhammadownload.com


၃။ စိတ်၏သဘောသွား အခြင်းအရာများကို စိတ္တဝဂ် သံဃရက္ခိတဘာဂိနေယျဝတ္ထုကို ထောက်ရှု၍ ရေးသားပြပါ။

၄။ ကိလေသာမြေပေါ်မှာ အိပ်ပျော်နေရှာသူများကို ပန်းခူးသမား ဥပမာထား၍ ဟောကြားဆုံးမသော (ဝိဋူဋဘဝတ္ထု) လာ ဂါထာကို မြန်မာလို ဖြေဆိုပါ။

၅။ "ခုရနှစ်ဖြာ သာသနာအလုပ်"ဟုဆိုရာဝယ် "ခုရ" နှစ်ဖြာကို သေချာစွာ ဖွေရှာပြ၍ ၎င်းတို့၏ အဓိပ္ပါယ်ကိုလည်း နားလည်လွယ်အောင် ရေးသားပြပါ။

၆။ "မနော ပုဗ္ဗင်္ဂမာ ဓမ္မာ"၌ "ဓမ္မ"အရကို တိကျစွာကောက်ပြ၍ "ဆာယာဝ အနုပါယိနီ" ဖြစ်ပုံကိုလည်း ရေးသားပြပါ။

## ၆။ တနင်္သာရီတိုင်း (အဖြေ)

### ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ (က) ဂါထာ- ၁၃။ (ခ) ဂါထာ- ၂၁။

၂။ ဂါထာ- ၁၅။

၃။ ဝေးသောအရပ်၌ တည်သောအာရုံသို့ သွားတတ်ခြင်း။
တစ်ခုချုပ်ပြီးမှ တစ်ခုဖြစ်ခြင်း။
ကိုယ်သဏ္ဌာန်, အဆင်းမရှိခြင်း။
ဟဒယဝတ္ထု၏ မှီရာ မဟာဘုတ်တည်းဟူသော လိုဏ်လှိုင်တည်ရာရှိခြင်း တို့ဖြစ်ကြပါသည်။
ထိုသို့သောစိတ်ကို စောင့်စည်းချုပ်တည်းနိုင်သောသူတို့သည် ကိလေသာမာရ်၏အနှောင်အဖွဲ့မှ လွတ်ကြကုန်လတ့်။ (ဂါထာ- ၃၇၊ ဓမ္မ၊ ၄၊ ၁- ၁၉၃)

၄။ ပန်းတို့ကို ကောင်းနိုးရာရာ ဆွတ်ခူးသောသူကဲ့သို့ ကာမဂုဏ်တို့ကို ဆွတ်ခူးလျက် မရသေးသည်ကိုတောင့်တ ရပြီးသည်ကို တွယ်တာလွန်စွာ ကပ်ငြိသည့်စိတ်ရှိသောသူကို ကြီးစွာသော ရေအယဉ်သည် အိပ်ပျော်နေသော ရွာနေသူလူအပေါင်းကို လွှမ်းမိုးယူငင်၍ သွားသကဲ့သို့ သေမင်းသည် ခေါ်ယူ၍ သွားပါသည်။ (ဂါထာ- ၄၇)

http://www.dhammadownload.com


၅။ စုရ နှစ်ဖြာ- ဂန္ထဓုရနှင့် ဝိပဿနာဓုရတို့ ဖြစ်ကြပါသည်။
ဂန္ထဓုရဟူသည်- မိမိဉာဏ်ပညာအားလျော်စွာ တစ်ခု, နှစ်ခုသော နိကာယ်ကိုလည်းကောင်း အလုံးစုံသော နိကာယ်ကိုလည်းကောင်း ပိဋကတ်သုံးပုံကို သင်ယူ၍ ဆောင်ခြင်း, ပေါာပြောခြင်း, ပို့ချခြင်း ဖြစ်ပါသည်။
ဝိပဿနာဓုရဟူသည်- ဆိတ်ငြိမ်သောကျောင်း၌ မွေ့လျော်၍ ပေါ့ပါးသော အသက်မွေးဝမ်းကြောင်းရှိသော ရဟန်း၏ ခန္ဓာကိုယ်အတ္တဘော၌ ကုန်ခြင်း, ပျက်ခြင်း ခယဝယကမ္မဋ္ဌာန်းကို ဖြစ်စေ၍ ဝိပဿနာတရားကို အားထုတ်ကာ အရဟတ္တဖိုလ်ကို ရယူခြင်း ဖြစ်ပါသည်။ (ဓမ္မ၊ ဋ္ဌ၊ ၁- ၅)

၆။ မနောပုဗ္ဗင်္ဂမာ ဓမ္မာ၌ ဓမ္မ အရ-
ဝေဒနက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ ဟူသော နာမက္ခန္ဓာ သုံးပါးကိုရ၏။
(ဓမ္မ၊ ဋ္ဌ၊ ၁- ၁၄)

ဆာယာဝ အနုပါယိနီ ဖြစ်ပုံ-
အရိပ်သည် ကိုယ်ခန္ဓာနှင့် စပ်နေသဖြင့် ကိုယ်ခန္ဓာ သွားလာတိုင်း မလိုက်ရန် တားမြစ်သော်လည်း လိုက်ပါနေသကဲ့သို့ ထိုအတူ ကုသိုလ်တရားကို ပြုလုပ်သူနောက်သို့ ကိုယ်ချမ်းသာမှု, စိတ်ချမ်းသာမှုသည် အစဉ်လိုက်ပါနေပါသည်။ (ဓမ္မ၊ ဋ္ဌ၊ ၁- ၂၄)

၇။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ပဲခူးတိုင်း/ အနောက်ပိုင်း)
ပထမငယ်တန်း ။ ။ ဓမ္မပဒ၊ ပါဠိ၊ အဋ္ဌကထာဘာသာ
၁၃၇၀-ပြည့်နှစ်၊ တပေါင်းလဆုတ် (၁၃) ရက်၊ (၂၃-၃-၂၀၀၉) တနင်္လာနေ့

၁။ အောက်ဖော်ပြပါ ဂါထာများကို ပါဠိသက်သက် ရေးပြပါ။
(က) ကောင်းစွာဟောအပ်သော ပိဋကတ်စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏ဟု မိန့်ဆိုပုံပြဂါထာ၊
(ခ) တစ်ယောက်တည်းကျင့်ခြင်းကိုသာလျှင် မြဲမြံစွာပြုကျင့်ရာ၏ဟု မိန့်ဆိုပုံပြဂါထာ။

၂။ အောက်ဖော်ပြပါ ဂါထာများကို အနက်မှန်မှန်ပေးပြပါ။
(က) မိမိ၏ ညစ်နွမ်းသောကံကို သိမြင်၍ စိုးရိမ်ပင်ပန်းရ၏ဟု မိန့်ဆိုပုံပြဂါထာ၊
(ခ) ပညာလက်နက်ဖြင့် တိုက်ခိုက်၍ အောင်သောတရားကို ကပ်ငြိတွယ်တာခြင်း မရှိဘဲ စောင့်ရှောက်ထားရာ၏ဟု မိန့်ဆိုပုံပြဂါထာ။

http://www.dhammadownload.com


၃။ အဘယ်သို့သောရဟန်းသည် သံယောဇဉ်အားလုံးကို လောင်ကျွမ်းစေလျက် နိဗ္ဗာန်သို့ သွားနိုင်သော ရဟန်းဖြစ်သည်ကို ဥပမာနှင့်တကွ ရှင်းလင်းဖော်ပြပါ။

၄။ အဘယ်သို့သောဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံသောသူတို့၏ သွားရာလမ်းကြောင်းကို မာရ်နတ်မင်း မတွေ့မမြင်နိုင်သည်ကို ပြည့်စုံစွာဖော်ပြပါ။

၅။ ဥပါဒ်ခဏ၌ အတူတကွဖြစ်ကုန်သော နာမက္ခန္ဓာလေးပါးတို့တွင် ဝိညာဏက္ခန္ဓာကိုသာလျှင် ပုဗ္ဗင်္ဂမ, ပဓာန ရှေးသွားခေါင်းဆောင်ဟု ဟောရခြင်းအကြောင်းကိုလည်း ဥပမာနှင့်တကွ ပြည့်စုံစွာ ဖော်ပြပါ။

၆။ သိကြားမင်းဖြစ်ကြောင်း ကျင့်ဝတ်များကို ပြည့်စုံစွာ ဖော်ပြပြီး၊ ပဏ္ဍုကမ္ဗလာကျောက်ဖျာ၏ အလျား, အနံ အထုပမာဏများနှင့် အရောင်အဆင်းကို တိကျစွာ ဖော်ပြပါ။

## ၇။ ပဲခူးတိုင်း/ အနောက်ပိုင်း (အဖြေ)

## ပထမငယ်တန်း ။ ။ ဓမ္မပဒ၊ ပါဠိ၊ အဋ္ဌကထာဘာသာ

၁။ (က) ဂါထာ- ၅၂။ (ခ) ဂါထာ- ၆၁။

၂။ (က) ဂါထာ- ၁၅။ (ခ) ဂါထာ- ၄၀။

၃။ မီးသည် အငယ်အကြီးဖြစ်သော လောင်စာဟူသမျှကို လောင်ကျွမ်းသွားသကဲ့သို့ မမေ့မလျော့ခြင်း၌ မွေ့လျော်၍ မေ့လျော့ခြင်း၌ ဘေးဟုရှုလေ့ရှိသောရဟန်းသည် အငယ်အကြီးဖြစ်သော သံယောဇဉ်ဟူသမျှကို လောင်ကျွမ်းစေလျက် နိဗ္ဗာန်သို့ သွားပါသည်။

(ဂါထာ- ၃၁)

၄။ ပြည့်စုံသောသီလ ရှိခြင်း။
မမေ့မလျော့ နေလေ့ရှိခြင်း။
ကောင်းစွာ (ဉာဏ်ဖြင့်) သိ၍ ကိလေသာတို့မှ လွတ်မြောက်ခြင်း။
ဤအင်္ဂါတို့နှင့် ပြည့်စုံသောသူတို့၏ သွားရာလမ်းကို မာရ်နတ်မင်းမတွေ့မမြင်နိုင်ပါ။

(ဂါထာ- ၅၇)

၅။ ရွာကို ဖျက်စီးခြင်းစသောအမှုကို ပြုလုပ်ကြသောခိုးသူအပေါင်းတို့တွင် " အဘယ်သူသည် ခေါင်းဆောင်ဖြစ်သနည်း" ဟု မေးမြန်းလသော် ဒတ္တ (သို့မဟုတ်) မိတ္တကို အမှီပြု

http://www.dhammadownload.com


၍ ရှာဖွေဖျက်စီးခြင်းစသော အမှုကို ပြုကြရသဖြင့် ဒုတ္တ (သို့မဟုတ်) မိတ္တကို ခေါင်းဆောင်ဟု ပြောဆို အပ်သကဲ့သို့ ဥပါဒိန္နက္ခဏ္ဍ အတူတကွဖြစ်ကုန်သော နာမက္ခန္ဓာ လေးပါးတို့တွင် ဝိညာဏက္ခန္ဓာသည် သာလျှင် စေတသိက်ခန္ဓာ သုံးပါးတို့၏ အကြောင်းဖြစ်သောကြောင့် ဝိညာဏက္ခန္ဓာ (စိတ်) ကိုသာလျှင် ပုဗ္ဗင်္ဂမ, ပဓာန ရှေ့သွားခေါင်းဆောင် ဟု ဟောရပါသည်။ (ဓမ္မ၊ ဋ္ဌ၊ ၁- ၁၅)

၆။ အသက်ထက်ဆုံး-

မိဘတို့ကို ပြုစုလုပ်ကျွေးခြင်း။

ဆွေမျိုးတို့၌ ကြီးသောသူကို ရိုသေခြင်း။

သိမ်မွေ့စွာ ပြောဆိုခြင်း။

ကျိုးမဲ့သော (ကုံးချောသော) စကားကို မပြောဆိုခြင်း။

နမြောဝန်တိုမှုကင်း၍ လွတ်လွတ်ကျွတ်ကျွတ် ဝေဖန်ပိုင်းခြား၍ လှူဒါန်းခြင်း။

မှန်ကန်သောစကားကိုသာ ဆိုခြင်း။

စိတ်ဆိုးမှု, အမျက်ဒေါသ ကင်းခြင်း တို့ဖြစ်ကြပါသည်။ (ဓမ္မ၊ ဋ္ဌ၊ ၁- ၁၅၂)

**ပဏ္ဍုကမ္ဗလာကျောက်ဖျာ၏**

အလျား- ယူဇနာ ၆၀၊

အနံ- ယူဇနာ ၅၀၊

အထု- ၁၅-ယူဇနာ၊

အရောင်အဆင်း- လယ်ခေါင်ရမ်းပန်းအဆင်း, ကမ္ဗလာနီအဆင်းကဲ့သို့ နီတွေးသော အဆင်းရှိပါသည်။ (ဓမ္မ၊ ဋ္ဌ၊ ၁- ၁၇၃)

## ၈။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ပဲခူးတိုင်း အရှေ့ပိုင်း)

### ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁၃၇၀-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၃) ရက်၊ (၂၃-၃-၂၀၀၉) တနင်္လာနေ့

၁။ မြတ်စွာဘုရားနှင့် တစ်ကျောင်းတည်းအတူတကွ နေထိုင်ရပါလျက် ခန္ဓာ အာယတန ဓာတ်ကိုမျှ မသိသော ဥဒါယီမထေရ်ကို အကြောင်းပြု၍ ဟောကြားအပ်သော ဓမ္မပဒ ဂါထာကို ဖော်ထုတ်ရေးသားပါ။

၂။ လူမိုက်ဖြစ်သော်ငြားလည်း ပညာရှိဖြစ်ခွင့်ရှိသောလူမိုက်, ပညာရှိဖြစ်ခွင့်မရှိသော

http://www.dhammadownload.com

လူမိုက်ကို ခွဲခြားပြဆိုသော ဂါထာပါဠိကို အနက်ယောဇနာပါ။

၃။ သာသနာ့ဝန်ထမ်းရှင်ရဟန်းတို့ ဒါယကာတို့အပေါ်၌ ပြုကျင့်ရမည့်ကျင့်ဝတ်ကို မစ္ဆရိယကောသိယသေဋ္ဌိဝတ္ထုလာအတိုင်း ရေးသားဖြေဆိုပါ။

၄။ အခြံအရံအကျော်အစော တိုးပွါးကြောင်းတရားတို့ကို ဖော်ပြခဲ့ပါ။

၅။ နတ်တို့စုတေရခြင်း၏ အကြောင်းသရုပ်ကို ဖော်ပြ၍ ဗိမ္ဗိသာရမင်းကြီး၏ နိုင်ငံ၌ရှိသော သူဋ္ဌေးကြီးတို့ကိုလည်း ဖော်ပြခဲ့ပါ။

၆။ ဝိသာခါ၏ အခြားအမည်တစ်မျိုးကို ဖော်ပြ၍ ၎င်းအမည်ရခြင်း၏အကြောင်းကိုလည်း ရှင်းလင်းဖြေဆိုခဲ့ပါ။

## ၈။ ပဲခူးတိုင်း/ အရှေ့ပိုင်း (အဖြေ)

## ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ ဂါထာ- ၆၄။

၂။ ဂါထာ- ၆၃။

၃။ ပျားပိတုန်းသည် ပန်းပွင့်ကိုလည်းကောင်း အဆင်းအနံ့ကိုလည်းကောင်း မပျက်စီးစေပဲ ပန်းဝတ်ရည်ကိုသာ စုပ်ယူပျံသွားသကဲ့သို့ ရှင်ရဟန်းသည် ပန်းတည်းဟူသော သဒ္ဓါတရားနှင့် အဆင်းအနံ့တည်းဟူသော စည်းစိမ်ဥစ္စာကို မပျက်စီးစေပဲ ပစ္စည်းလေးပါးကို ခံယူ၍ ကျင့်ရာ၏။ (ဂါထာ- ၄၉)

၄။ **တိုးပွါးကြောင်းတရား- (ချင်း ၃-၅။)**

၅။ **နတ်တို့စုတေရခြင်း၏ အကြောင်းသရုပ်-**
အသက်တမ်း ကုန်မှုကြောင့် စုတေခြင်း။
ကောင်းမှုကံစွမ်း ကုန်မှုကြောင့် စုတေခြင်း၊
အစာစားချိန် ကုန်မှုကြောင့် စုတေခြင်း။
အမျက်ထွက်ခြင်းကြောင့် စုတေခြင်း။။ (ဓမ္မ၊ ဋ္ဌ၊ ၁-၁၁၀၊ ၁၁၁)

http://www.dhammadownload.com



**မိမ္ဗိသာရမင်းကြီး၏ နိုင်ငံ၌ရှိသော သူဋ္ဌေးကြီးများ–**
ဇောတိကသူဋ္ဌေး၊ ဇဋိလသူဋ္ဌေး၊ မေဏ္ဍကသူဋ္ဌေး၊ ပုဏ္ဏကသူဋ္ဌေး၊
ကာကဝလိယသူဋ္ဌေး။ (ဓမ္မ၊ ဋ္ဌ၊ ၁– ၂၄၃)

၆။ **ဝိသာခါ၏ အခြားအမည်တစ်မျိုး– မိဂါရမာတာ ဖြစ်ပါသည်။**
**၎င်းအမည်ရခြင်း၏ အကြောင်း–**
မိဂါရသူဋ္ဌေးကြီးသည် မြတ်စွာဘုရား တရားတော်ကို ကြားနာရ၍ သောတာပတ္တိဖိုလ်၌တည်ကာ မတုန်မလှုပ်သော သဒ္ဓါတရားနှင့် ပြည့်စုံသဖြင့် သရဏဂုံသုံးပါး၌ ယုံမှားခြင်းကင်းသည် ဖြစ်၍ တင်းတိမ်အတွင်း၌နေသော ချွေးမဖြစ်သော ဝိသာခါထံသို့ သွား၍ ချွေးမ၏သားမြတ်ကို ခံတွင်းဖြင့်ယူပြီးသောအခါ " သင်သည် ယနေ့မှစ၍ ငါ၏ မိခင်ပေတည်း "ဟု မိခင်အရာ၌ ထား၏။ ထိုနေ့မှစ၍ မိဂါရမာတာ (ဝါ) မိဂါရသူဋ္ဌေး၏ အမိမည်ပါ သည်။ (ဓမ္မ၊ ဋ္ဌ၊ ၁– ၂၅၆၊ ၂၅၇)

၉။ ပထမပြန်စာမေးပွဲ ကျင်းပရေးဖဟိုအဖွဲ့ ခွဲ (မကွေးတိုင်း)
ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ
၁၃၇၀–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၃) ရက်၊ (၂၃–၃–၂၀၀၉) တနင်္လာနေ့

၁။ စည်းစိမ်ဥစ္စာ အာဏာတန်ခိုး ကျော်စောခြင်း အမျိုးမျိုးတို့ တိုးပွားရာ တိုးပွားကြောင်း ယသဝဍ္ဎန တရားအပေါင်းကို ဖွင့်ဆိုဟောပြရာ ဓမ္မပဒဒေသနာတော်ကို ပါဠိရေးပြခဲ့ပါ။

၂။ လာဘ်ရကြောင်းမှာ တစ်လမ်းသာ နိဗ္ဗာန်မှာကား လမ်းတစ်ပါး။ ခွဲခြားသိမြင် တပည့်လျှင် သက္ကာရကိုမခံမင် ဝိဝေကကိုပွားစေချင်–ဟု ဘုရားရှင် ဟောတော်မူအပ်သော ဖာလဝဂ်လာ ဂါထာကို အနက်ပေးခဲ့ပါ။

၃။ ဆုံးမခြင်း (ဒမန) စောင့်ရှောက်ခြင်း (ရက္ခဏ) စောင့်စည်းခြင်း (သံယမ)တို့ဖြင့် ပြုပြင်ထိန်းသိမ်းပေးသင့်သော စိတ်၏သဘောသဘာဝတို့ကို ဆိုင်ရာ ဂါထာများနှင့်အညီ ဖော်ပြခဲ့ပါ။

၄။ အဘာယ်တရားတို့ကို သိမြင်၍ အဘာယ်တရားတို့ကို ဖြတ်တောက်ကာ အဘာယ်အရပ်သို့ ရောက်နိုင်ပါသနည်း။ မရိစိကမ္မဋ္ဌာနိကတ္ထေရဝတ္ထုဂါထာလာအတိုင်း ပြည့်စုံစွာ ဖော်ပြပါ။

http://www.dhammadownload.com


၅။ မြတ်စွာဘုရားသည် နိဂြောဓာရုံကျောင်း, ဇေတဝန်ကျောင်း, ပုဗ္ဗာရုံကျောင်းတို့၌ ဝါတော်မည်မျှစီ ကပ်ခဲ့ကြောင်း ဖြေဆို၍၊ သာဝတ္ထိမြို့နေ လူဦးရေကို ပုထုဇဉ်, အရိယာ ခွဲခြားပြပြီးလျှင်၊ အရိယာတို့၏ ဘာသာရေးဆိုင်ရာ နေ့စဉ်လုပ်ငန်း နှစ်မျိုးတို့ကိုလည်း ပြည့်စုံအောင် ဖော်ပြခဲ့ပါ။

၆။ အမျိုးသမီးတို့၏ အလှုရတနာ ကောင်းခြင်းငါးဖြာတို့ကို အဓိပ္ပါယ်နှင့်တကွ ဝိသာခါဝတ္ထု လာအတိုင်း ဖော်ပြခဲ့ပါ။

## ၉။ မကွေးတိုင်း (အဖြေ)

### ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ ဂါထာ– ၂၄။

၂။ ဂါထာ– ၇၅။

၃။ **ဆုံးမခြင်း (ဒမန) ဖြင့် ပြုပြင်ထိန်းသိမ်းသင့်သော စိတ်၏သဘာဝ–**
နှိမ်နင်းရန် အလွန်ခဲယဉ်း၍ လျှင်မြန်သော သဘောရှိသော အလိုရှိရာအာရုံ၌ ကျလေ့ ရှိသောစိတ်ကို ဆုံးမရမည်၊ ဆုံးမ၍ ယဉ်ကျေးသောစိတ်သည် မဂ်, ဖိုလ်, နိဗ္ဗာန် သုံးတန် သော ချမ်းသာကို ရွက်ဆောင်တတ်၏။ (ဂါထာ– ၃၅)

**စောင့်ရှောက်ခြင်း (ရက္ခဏ) ဖြင့် ပြုပြင်သင့်သော စိတ်၏သဘာဝ–**
အလွန်အလွန် သိမ်မွေ့၍ အလွန်မြင်နိုင်ခဲသော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ် ကို စောင့်ရှောက်ရမည်၊ စောင့်ရှောက်ထား၍ လုံခြုံသောစိတ်သည် မဂ်, ဖိုလ်, နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရွက်ဆောင်တတ်၏။ (ဂါထာ– ၃၆)

**စောင့်စည်းခြင်း (သံယမ) ဖြင့် ပြုပြင်သင့်သော စိတ်၏သဘာဝ–**
ဝေးသောအရပ်၌ တည်သောအာရုံသို့ သွားတတ်သော တစ်ခုချုပ်ပြီးမှ တစ်ခုဖြစ်ထ သော ကိုယ်သဏ္ဌာန်, အဆင်းမရှိသော ဟဒယဝတ္ထု၏မှီရာ မဟာဘုတ်တည်းဟူသော လိုဏ်လျှင် တည်ရာရှိသော စိတ်ကို စောင့်စည်းချုပ်တည်းရမည်၊ စောင့်စည်းချုပ်တည်း နိုင်သောသူတို့သည် ကိလေသာမာရ် အနှောင်အဖွဲ့မှ လွတ်ကြကုန်လတ့်။

(ဂါထာ– ၃၇၊ ဓမ္မ၊ ဋ္ဌ၊ ၁– ၁၉၃)

http://www.dhammadownload.com


၄။ ဤခန္ဓာကိုယ်ကို ရေမြှုပ်နှင့်တူစွာ ပျက်တတ်သည်ဟုသိ၍ တံလျှပ်အတူ ယူ၍မရ အထင်မျှသာဖြစ်သည်ဟု ကောင်းစွာထိုးထွင်းသိမြင်၍ မာရ်မင်း၏ ပန်းနိုင်သဖွယ် ဖြစ်ကုန်သော တေဘူမကဝဋ်တို့ကို ဖြတ်တောက်ကာ သေမင်းမမြင်ရာ မြတ်နိဗ္ဗာန်သို့ သွားရောက်နိုင်ပါသည်။ (ဂါထာ- ၄၆)

၅။ မြတ်စွာဘုရားသည်-
နိဂြောဓာရုံကျောင်းတော်၌ ၁-ဝါ၊
ဇေတဝန်ကျောင်းတော်၌ ၁၉-ဝါ၊
ပုဗ္ဗာရုံကျောင်းတော်၌ ၆-ဝါ ဝါကပ်တော်မူပါသည်။ (ဗမွ၊ ပ၁၊ ၁- ၃)

**သာဝတ္ထိမြို့နေ လူဦးရေ ၇-ကုဋေရှိသည့်အနက်-**
ပုထုဇဉ်အရေအတွက် ၂-ကုဋေရှိ၍
အရိယာအရေအတွက် ၅-ကုဋေရှိပါသည်။

**ဘာသာရေးဆိုင်ရာ နေ့စဉ်လုပ်ငန်း ၂- မျိုး-**
အရိယာတို့သည်-
နံနက်အခါ အလှူဒါန ပြုလုပ်ကြပါသည်၊
ညနေချမ်းအခါ ပန်း, နံ့သာစသည် လက်စွဲလျက် အဝတ်, ဆေး, အဖျော်စသည်ယူကာ တရားနာရန် ဘုရားကျောင်းသို့ သွားကြပါသည်။ (ဗမွ၊ ပ၁၊ ၁- ၄)

၆။ ဆံပင်တို့သည် ဥဒေါင်းမြီးစည်းကဲ့သို့ ဦးခေါင်းမှ ဖြေချလိုက်လျှင် ထမီခါးဝတ်စွန်းကိုထိ၍ အဖျားကော့တက်လျက် ထည်နေခြင်းဟူသော ဆံပင်၏ကောင်းခြင်း။
သွားကိုဖုံးသော နှုတ်ခမ်းသားသည် ကြီးအာသီးမှည့်နှင့်တူစွာ နီမြန်းသောအဆင်းနှင့် ပြည့်စုံသည်ဖြစ်၍ ညီညွတ်ပြီး ကောင်းစွာထိစပ်နေခြင်းဟူသော အသား၏ ကောင်းခြင်း။
သွားတို့သည် ဖြူဖွေးညီညွတ်ကာ မကျဲကုန်သည်ဖြစ်၍ စိုက်ထားအပ်သော ဝရဇိန်ရတနာ အစဉ်တန်းကဲ့သို့လည်းကောင်း ကောင်းမွန်ညီညွတ်စွာ ဖြတ်အပ်သော ခရုသင်း အစဉ်အတန်းကဲ့သို့လည်းကောင်း အရိုးအဆစ်တို့၏ ပကတိညီညွတ် တင့်တယ်ခြင်းဟုဆိုအပ်သော အရိုး၏ကောင်းခြင်း။
ညိုသောအရေရှိသူသည် မတွန့်, မလိပ် ချောမွေ့ပြေပြစ်လျက် ကြာညိုပန်းကဲ့သို့ ပကတိနူးညံ့၏၊ ဖြူသောအရေရှိသူသည် မဟာလေ့ကားပန်းကဲ့သို့ ဝင်းဝင်းတောက်သော

http://www.dhammadownload.com

အဆင်းဖြင့် ပကတိနူးညံ့ခြင်းဟူသော အရေ၏ကောင်းခြင်း။
ဆယ်ကြိမ်မွေးဖွားပြီးသော်လည်း တစ်ကြိမ်သားဖွားသူကဲ့သို့ အရေ, အဆင်း ယုတ်လျော့ ပျက်စီးခြင်း မရှိခြင်းဟူသော အရွယ်၏ကောင်းခြင်းတို့ ဖြစ်ကြပါသည်။

(ဓမ္မ၊ ဋ္ဌ၊ ၁- ၂၄၅)

၁၀။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (မန္တလေးတိုင်း)

ပထမငယ်တန်း ။ ။ဓမ္မပဒဘာသာ

၁၃၇၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် (၁၃) ရက်၊ (၂၃-၃-၂၀၀၉) တနင်္လာနေ့

၁။ အောက်ပါတို့ကို ပြဆိုသည့်ဂါထာတို့ကို ပါဠိသက်သက် ရေးခဲ့ပါ။
(က) ဘာဝနာပွား စိတ်ဓာတ်အား ရာဂမဖောက်နိုင်၊
(ခ) မိုက်, မိုက်မှန်းသိ ပညာရှိ။

၂။ သီလရှိသူတို့၏ သီလရနံ့သည် လူပြည်နတ်ရပ်တို့၌ ပျံ့နှံ့ကြိုင်လှိုင်ပုံကို ပြဆိုသည့်ဂါထာ ကို အနက်ပေးပြခဲ့ပါ။

၃။ "စိတ်ကိုဆုံးမ ချမ်းသာရ" ဟု ဆိုရာ၌ ဆုံးမရမည့် စိတ်၏ ဂုဏ်ထူးဝိသေသများကို ပါဠိ သာဓကပြ၍ ဖြေဆိုပြီးလျှင်၊ ဘဝသံသရာခရီး၌ ပညာမဲ့ လူမိုက်ဖြစ်အောင်, မိမိကိုယ်ကို မိမိ၏ ရန်သူဖြစ်အောင် ပြုလုပ်သောတရားကိုလည်း ဖော်ပြခဲ့ပါ။

၄။ အောက်ဖော်ပြပါ ပုဂ္ဂိုလ်တို့ကို အသီးအံသီး ဖြေဆိုခဲ့ပါ။
(က) ဝတ်ရည်စားသုံး ပျားပိတုန်းပမာ ကျင့်ကြံနေထိုင်သူ၊
(ခ) ရှင်လျက်နှင့် သေနေသူ၊
(ဂ) မကောင်းမှု ခါးတမာကို ပျားသကာပမာ မှတ်ထင်သူ။

၅။ မဍ္ဍကုဏ္ဍလီသတို့သား၏ ဖခင်ပုဏ္ဏားကို "အဒိန္နပုဗ္ဗက" ဟု ခေါ်ရခြင်း အကြောင်းရင်း ကို ရေး၍၊ (က) ဇေတဝန်ကျောင်းတော်၏ တံခါးစောင့်နတ်သားအမည်၊ (ခ) မြတ်စွာ ဘုရားလက်ထက်၌ မဟာလတာတန်ဆာ ဝတ်ဆင်နိုင်သော အမျိုးသမီးများ၏ အမည် တို့ကိုလည်း ဖော်ပြခဲ့ပါ။

၆။ ခနုဥ္စယသူဌေးက သမီးဖြစ်သူ ဝိသာခါအား ဆုံးမသော ဩဝါဒ (၁၀)ချက်မှ "အတွင်းမီး

http://www.dhammadownload.com


ကို အပြင်မထုတ်ရ"ဟူသော ဆုံးမသြဝါဒ၏ ဆိုလိုရင်းအဓိပ္ပါယ်ကို ရှင်းပြ၍၊ ဝနဝါသီ တိဿသာမဏေ၏ ပေးမြဲဆု နှစ်မျိုးကိုလည်း ပါဠိ+ မြန်မာ နှစ်ဘာသာဖြင့် ဖြေဆိုခဲ့ပါ။

## ၁၀။ မန္တလေးတိုင်း (အဖြေ)

### ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ (က) ဂါထာ- ၁၄။ (ခ) ဂါထာ- ၆၃။

၂။ ဂါထာ- ၅၄။

၃။ **ဂုဏ်ထူးဝိသေသများ- (မကွေး ၃-ရှ)**
**ရန်သူဖြစ်အောင် ပြုလုပ်သောတရား-**
စပ်ပူပြင်းစွာ မခံသာသောအကျိုးရှိသည့် မကောင်းမှု အကုသိုလ်ကံ ဖြစ်ပါသည်။
(ဂါထာ- ၆၆)

၄။ (က) ဒါယကာတို့၏ ပန်းတည်းဟူသော သဒ္ဓါတရားနှင့် အဆင်းအနံ့ တည်းဟူသော စည်းစိမ် ဥစ္စာကို မပျက်စီးစေဘဲ ပစ္စည်းလေးပါးကို ခံယူ၍ ကျင့်ကြံနေထိုင်သော ရဟန်း။ (ဂါထာ- ၄၉)
(ခ) မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းဖြစ်သောကြောင့် မေ့လျော့သော သူသည် ရှင်လျက်သေနေသူ ဖြစ်ပါသည်။ (ဂါထာ- ၂၁)
(ဂ) မကောင်းမှုအကျိုးပေးခွင့် မရသေးသော မကောင်းမှုပြုထားသူ။ (ဂါထာ- ၆၉)

၅။ တစ်စုံတစ်ယောက်သောသူအား အနည်းငယ်မျှသော ပစ္စည်းကို ပေးဖူးသည်မရှိသော ကြောင့် မဋ္ဌကုဏ္ဍလီသတို့သား၏ ဖခင်ပုဏ္ဏားကို အဒိန္နပုဗ္ဗက- ဟု ခေါ်ပါသည်။
(ဓမ္မ၊ ဋ္ဌ၊ ၁- ၁၆)
(က) သုမနနတ်သား။ (ဓမ္မ၊ ဋ္ဌ၊ ၁- ၃၂)
(ခ) ဝိသာခါကျောင်းအမကြီး။
ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာ၊
မာရာဏသီသူဌေးသမီး။ (ဓမ္မ၊ ဋ္ဌ၊ ၁- ၂၆၀)

၆။ ယောက္ခမယောက်ျား၊ ယောက္ခမမိန်းမ၊ လင်ယောက်ျားတို့၏ ဂုဏ်ကျေးဇူးမဲ့ကိုမြင်၍

http://www.dhammadownload.com


အပြင်အပ ထိုထိုအိမ်၌တည်၍ မပြောဆိုလင့်။ (ဓမ္မ၊ ဋ္ဌ၊ ၁- ၂၅၄)

**ပေးမြဲဆုနှစ်မျိုး-**

သုခိတာ ဟောထ- အရဟတ္တဖိုလ်သို့ရောက်သော ပုဂ္ဂိုလ်အားသာလျှင် ကိုယ်, စိတ် နှစ်ဖြာ ချမ်းသာခြင်းသည် ဖြစ်၏။

ဒုက္ခာ မုစ္စထ- အရဟတ္တဖိုလ်သို့ ရောက်သောသူအားသာလျှင် ဆင်းရဲအပေါင်းမှ လွတ်နိုင် ၏၊ ကြွင်းသောသတ္တဝါတို့သည် ပဋိသန္ဓေတည်နေခြင်းဆင်းရဲ စသည်တို့မှ လည်းကောင်း အပါယ် ဆင်းရဲ စသည်တို့မှလည်းကောင်း မလွတ်နိုင်ကုန်သည်သာ တည်း။ (ဓမ္မ၊ ဋ္ဌ၊ ၁- ၃၄၀)

## ၁၁။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (မွန်ပြည်နယ်)

## ပထမငယ်တန်း ။ ။ဓမ္မပဒဘာသာ

၁၃၇၀-ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၈) ရက်၊ (၂-၄-၂၀၀၉) ကြာသပတေးနေ့

၁။ "စိတ်ကိုဆုံးမ ချမ်းသာရ" ဆိုစကားနှင့်အညီ ကိုင်တွယ်ရခက် သွက်လက်လျှင်မြန်သော စိတ်ကို ဆုံးမနိုင်လျှင် ချမ်းသာသုခအ၀၀နှင့် ပြည့်စုံနိုင်ကြောင်းပြ ဂါထာကို အညတရ ဘိက္ခုဝတ္ထုလာအတိုင်း ပါဠိရေးပြပါ။

၂။ သုမနဒေဝီဝတ္ထုလာ ပြုအပ်ပြီးသော ကောင်းမှုရှိသောသူသည် ပစ္စုပ္ပန်တမလွန်နှစ်ခုလုံး နှစ်သက်ဝမ်းမြောက်ရကြောင်းပြ ဂါထာကို အနက်ပေးပြပါ။

၃။ "အကာကိုပစ် အနှစ်ကိုရှာ" ဆိုရိုးစကားနှင့်အညီ အကာ/အနှစ် ခွဲခြားတတ်သူ/မတတ် သူတို့၏ သဘောသွားခြားနားပုံနှင့် အကျိုးရလာဘ်တို့ကို ရေးသားဖြေဆိုပါ။

၄။ ထင်ပေါ်ကျော်ကြား စီးပွါး, ဥစ္စာ အခြွေအရံပေါ်များလိုသူတို့သည်လွှာန်၌ ပြည့်စုံရမည့် အရည်အချင်းများကို ကုမ္ဘဃောသကဝတ္ထုလာအတိုင်း ပြည့်စုံစွာ တင်ပြခဲ့ပါ။

၅။ နတ်ပြည်၌ နတ်တို့၏ စုတေရခြင်းအကြောင်း ၄-ပါးတို့ကို ပါဠိ+ မြန်မာ တွဲစပ်ဖော်ပြ၍၊ ဃောသကနတ်သား နတ်ပြည်မှ စုတေရခြင်းအကြောင်းကိုလည်း ရေးသားဖြေဆိုပြပါ။

၆။ ဝိသာခါ၏ ကောင်းခြင်းငါးပါးတို့ကို ရေးပြ၍၊ အရွယ်ကောင်းခြင်း၏ အဓိပ္ပါယ်ကိုလည်း မှန်ကန်စွာ ရေးသားဖြေဆိုပါ။

http://www.dhammadownload.com


## ၁၁။ မွန်ပြည်နယ် (အဖြေ)

### ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ ဂါထာ- ၃၅။

၂။ ဂါထာ- ၁၈။

၃။ အကာအနှစ် ခွဲခြားတတ်သူသည်- အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိ၏ ဟူ၍ အနှစ်မရှိသော တိတ္ထိတို့တရားကိုလည်း အနှစ်မရှိဟု သိသောကြောင့် မှန်ကန်သော အကြံ လျှင် ကျက်စားရာရှိကုန်သည်ဖြစ်၍ သီလစသော အနှစ်သာရကို ရကြကုန်၏။ (ဂါထာ- ၁၂)

အကာအနှစ် မခွဲခြားတတ်သူသည်- အနှစ်မရှိသော တိတ္ထိတို့တရား၌ အနှစ်သာရဟု အယူရှိကုန်၍ အနှစ်ရှိသော သူတော်ကောင်းတရား၌မူကား အနှစ်မရှိဟု အယူရှိသောကြောင့် မှားသောအကြံလျှင် ကျက်စားရာ ရှိကုန်သည်ဖြစ်၍ သီလစသော အနှစ်သာရကို မရနိုင်။ (ဂါထာ- ၁၁)

၄။ ပြည့်စုံရမည် အရည်အချင်းများ- (ချင်း ၃-ရှု။)

၅။ နတ်တို့စုတေရခြင်း အကြောင်း ၄-ပါး-(ပဲခူးအရှေ့ ၅-ရှု။)

နတ်ပြည်မှ စုတေရခြင်းအကြောင်း-

ယောသကနတ်သားသည်- ကာမဂုဏ်တို့ကို သုံးဆောင်ခံစားမှု အားကြီးခြင်းကြောင့် လွတ်ကင်းသော သတိရှိသည်ဖြစ်၍ အာဟာရကုန်ခမ်း ကင်းပြတ်ခြင်းကြောင့် စုတေရပါသည်။ (ဓမ္မ၊ ဌ၊ ၁- ၁၁၁)

၆။ ဝိသာခါ၏ ကောင်းခြင်း ၅-ပါး- (မကွေး ၆-ရှု။)

## ၁၂။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရန်ကုန်တိုင်း)

### ပထမငယ်တန်း ။ ။ဓမ္မပဒဘာသာ

၁၃၇၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် (၁၃) ရက်၊ (၂၃-၃-၂၀၀၉) တနင်္လာနေ့

၁။ "ငွေနှင့်မာတု၊ ဤနှစ်ခု၊ ဘိက္ခုသေမင်း ဓားနှစ်စင်း" ဟူသောစကားအရ လာဘတ္ထာရ

http://www.dhammadownload.com

နှင့် ပတ်သက်၍ သတိပြုဆောင်ရွက်နိုင်ရန် ဘုရားရှင်လမ်းညွှန်ဆုံးမခဲ့သော ဂါထာကို ပါဠိရေးပါ။

၂။ "ရေမြှုပ်ပမာ ဤခန္ဓာ" စသည်ဖြင့် ဥပမာပြဟောကြားခဲ့သောဂါထာကို အနက်ရေးပါ။

၃။ "အသက်ရှင်လျက် ဘဝသေနေသူ၊ အသက်သေသော်လည်း ဘဝရှင်နေသူ" တို့ကို အပ္ပမာဒဝဂ်လာ ဗုဒ္ဓအဆိုအမိန့်များနှင့်အညီ ဖြေဆိုပါ။

၄။ အမှားကို အမှန်ထင်သောလူမိုက်နှင့် အမှားကို အမှားဟုသိသော လူမိုက်နှစ်ယောက်တို့၏ ထူးခြားချက်ကို ရေး၍၊ အဘယ်ကဲ့သို့သောလူမျိုးကို "ဟင်းချိုယောက်မ" နှင့်တူသော လူမျိုးဟု ခေါ်သည်ကိုလည်း ပမာပမေပေါ်လွင်စေလျက် ရေးသားပါ။

၅။ နတ်များစုဝေးခြင်း၏ အကြောင်းတို့ကို ဖြေဆို၍၊ အဘယ်ပုဂ္ဂိုလ်မျိုးကို "အနဝဋ္ဌိတစိတ္တ" ပုဂ္ဂိုလ်ဟု ခေါ်ပါသနည်း? အဋ္ဌကထာလာဥပမာနှင့်တကွ ရှင်းလင်းဖြေဆိုပါ။

၆။ ပဒုမုတ္တရမြတ်စွာဘုရား၏ (က) ပွင့်တော်မူရာကမ္ဘာ၊ (ခ) မြို့တော်၊ (ဂ) မယ်တော်၊ (ဃ) ခမည်းတော်၊ (င) ရဟန္တာအခြံအရံတို့ကို ရေး၍၊ သုပ္ပဗုဒ္ဓနူနာသည်၏ လူတကာအလည် တင့်တယ်စေမည့် ဥစ္စာပစ္စည်းများကိုလည်း ဖော်ပြပါ။

## ၁၂။ ရန်ကုန်တိုင်း (အဖြေ)

### ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ ဂါထာ- ၇၅။

၂။ ဂါထာ- ၄၆။

၃။ **အသက်ရှင်လျက် ဘဝသေနေသူ- (မဋ္ဌလေး ၄-၅။)**
**အသက်သေသော်လည်း ဘဝရှင်နေသူ-**
ကုသိုလ်ကောင်းမှု၌ မမေ့လျော့ခြင်းသည် နိဗ္ဗာန်ကိုရခြင်း၏ အကြောင်းဖြစ်သောကြောင့် သတိရှိ၍ မမေ့မလျော့ကုန်သောသူတို့သည် အသက်သေနေသော်လည်း ဘဝရှင်နေသူတို့ ဖြစ်ပါသည်။ (ဂါထာ- ၂၁)

http://www.dhammadownload.com


၄။ အမှားကိုအမှားဟု သိသောလူမိုက်သည် ထိုသိမှုကြောင့် ပညာရှိဖြစ်နိုင်ပါသေးသည်။ အမှားကိုအမှန်ထင်သောလူမိုက်သည်ကား လူမိုက်စင်စစ် ဖြစ်ပါသည်၊ ဤသို့ ခြားနားပါသည်။ (ဂါထာ- ၆၃)

**ဟင်းမွှေယောက်မနှင့် တူသောလူမျိုး-**

အသက်ထက်ဆုံး ပညာရှိကို ဆည်းကပ်ပါသော်လည်း ပရိယတ္တိ, ပရိပတ္တိ, ပဋိဝေဓ တရားကို မသိသောလူမျိုးသည် ဟင်းမွှေယောက်မနှင့်တူသော လူမျိုးဖြစ်ပါသည်။ (ဂါထာ- ၆၄)

၅။ **နတ်များ စုဝေးရခြင်းအကြောင်း-** (ပဲခူးအရှေ့ပိုင်း ၅-၅။)

**အနဝဋ္ဌိတစိတ္တပုဂ္ဂိုလ်-**

မြင်းကျောက်ကုန်းပေါ်၌ တင်ထားသော ဖရုံသီး၊ ဖွဲပုံ၌စိုက်ထားအပ်သော သစ်ငုတ်, ဆံမရှိသော ဦးခေါင်းပြောင်ပြောင်၌ ပန်ထားသော တိမ်ပန်းတို့သည် မတည်တံ့နိုင်သကဲ့သို့ တစ်စုံ တစ်ခု၌ မတည်၊ တစ်ရံတစ်ခါ ဗုဒ္ဓသာဝက၊ တစ်ရံတစ်ခါ အာဇီဝက၊ တစ်ခါ တစ်ရံ နိဂဏ္ဌ၊ တစ်ခါတစ်ရံ တာပသဖြစ်သောပုဂ္ဂိုလ်ကို " အနဝဋ္ဌိတစိတ္တ " မတည်တံ့သော စိတ်ရှိသောပုဂ္ဂိုလ်ဟု ခေါ်ပါသည်။ (ဓမ္မ၊ ဋ္ဌ၊ ၁- ၁၉၆)

၆။ (က) ဤကမ္ဘာမှ ကမ္ဘာတစ်သိန်းအထက်၊

(ခ) ဟံသဝတီမြို့တော်၊

(ဂ) သုဇာတာမိဖုရား။

(ဃ) သုနန္ဒမင်းကြီး။

(င) ရဟန္တာတစ်သိန်း။ (ဓမ္မ၊ ဋ္ဌ၊ ၁- ၂၆၃)

**သုပ္ပဗုဒ္ဓနူနာသည်၏ ဥစ္စာပစ္စည်းများ-**

သဒ္ဓါဥစ္စာ၊ သီလဥစ္စာ၊ ဟိရီဥစ္စာ၊ ဩတ္တပ္ပဥစ္စာ၊ သုတဥစ္စာ၊ စာဂဥစ္စာ၊ ပညာဥစ္စာ တို့ဖြစ်ကြပါသည်။ (ဓမ္မ၊ ဋ္ဌ၊ ၁- ၃၀၂)

## ၁၃။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရခိုင်ပြည်နယ်)

## ပထမငယ်တန်း ။ ။ဓမ္မပဒဘာသာ

၁၃၇၀-ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၈) ရက်၊ (၂-၄-၂၀၀၉) ကြာသပတေးနေ့

၁။ "မမေ့မလျော့မှု မွေ့လျော်ပြ၍ မေ့မှု၌တွင် အပြစ်မြင်တတ် ရဟန်းမြတ်သည် ဝိပဿနာ

http://www.dhammadownload.com


မင်ဖိုလ် ယွင်းယိုမရှိ နိဗ္ဗာန်ဝင်၏" ဟု ဟောတော်မူအပ်သော ဂါထာကို ပါဠိသက်သက် ရေးပြခဲ့ပါ။

၂။ စိတ်တစ်လုံးကို လုံခြုံအောင် စောင့်ထိန်းနိုင်သူတို့သည် ကိလေသာအနှောင်အဖွဲ့မှ လွတ်မြောက်ပုံကို သံဃရက္ခိတရဟန်းတော်အား အကြောင်းပြု၍ ဟောတော်မူအပ်သောဂါထာကို အနက်မှန်မှန်ပေးခဲ့ပါ။

၃။ အသုဘကမ္မဋ္ဌာန်း ၁၀–ပါးတို့တွင် တစ်ပါးပါးကို ရှုမှတ်၍ နေလေ့ရှိသောသူအား ကိလေသာမာရ်မညှင်းဆဲနိုင်ဟူသော စူဠကာဠ မဟာကာဠမထေရ်တို့ကို အကြောင်းပြု၍ ဟောတော်မူအပ်သောဂါထာကိုသာ အဓိပ္ပါယ်ပေါ်လွင်အောင် ရေးသားဖြေဆိုခဲ့ပါ။

၄။ "ကေသာအစ မုတ္တာအဆုံး ပေါင်းစုရုံရာ ဤခန္ဓာကိုယ် ဖြစ်ပျက်မစဲ ရေမြှုပ်စိုင်ခဲနှင့်တူ၏" ဟူသောစကားရပ်ကို ဥပမာ ဥပမေယျပေါ်လွင်အောင် ရေးသားဖြေဆို၍၊ ပရိနိဗ္ဗာန်ပြုလေပြီးသော ရဟန္တာ၏ ဝိညာဉ်တည်ရာအရပ်ကို မာရ်နတ်ရှာ၍ မရနိုင်ပုံ အခြင်းအရာကိုလည်း ရေးသားဖြေဆိုပါ။

၅။ စူဠပန္ထကမထေရ် ယခုဘဝ၌ ဉာဏ်ထိုင်းမှိုင်းရခြင်းအကြောင်းကို အတိတ်ဘဝရှု၍ ရေးသားဖြေဆိုပြီးလျှင်၊ ပူတိဂတ္တတိဿမထေရ်အလောင်းလျာ ငှက်မုဆိုးဘဝဖြစ်စဉ်အခါက ကဿပဘုရားရှင်လက်ထက်ဆွမ်းလှူဒါန်းပြီး ဆုပန်ပုံကိုလည်း ဖြေဆိုခဲ့ပါ။

၆။ ဂုဏ်သရေရှိသော အမျိုးသမီးတိုင်း ပြည့်စုံရမည့် ကောင်းခြင်းအမျိုးအစားကို ဖြေဆို၍၊ ဗုဒ္ဓဘာသာဝင်တို့လက်ကိုင်ထားရမည့် သူတော်ကောင်းဥစ္စာများကိုလည်း သုပ္ပဗုဒ္ဓကုဋ္ဌိဝတ္ထုကိုမှီ၍ ရေးသားဖြေဆိုခဲ့ပါ။

၁၃။ ရခိုင်ပြည်နယ် (အဖြေ)

ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ ဂါထာ– ၃၂။

၂။ ဂါထာ– ၃၇။

http://www.dhammadownload.com


၃။ မတင့်တယ်သောအာရုံကို တင့်တယ်၏ဟု အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍နေသော စက္ခုစသောဣန္ဒြေတို့၌ မစောင့်စည်းပဲ ဘောဇဉ်၌လည်း ရှာမှီး, ခံယူ, သုံးဆောင်ခြင်းဟူသော အတိုင်း အရှည်ကိုမသိသော ပျင်းရိ၍ ယုတ်လျော့သော ဝီရိယရှိသောရဟန်းကို " အားကြီးသော လေမုန်တိုင်းသည် အားနည်းသော ကမ်းနားသစ်ပင်ကို နှိပ်စက်ဖျက်ဆီးသကဲ့သို့ " ကိလေသာမာရ် သည် စင်စစ်နှိပ်စက် ဖျက်စီးနိုင်ပါသည်။

မတင့်တယ်သောအာရုံကို မတင့်တယ်ဟု အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍နေသော စက္ခုစသောဣန္ဒြေတို့၌ စောင့်စည်းလျက် ဘောဇဉ်၌ ရှာမှီး, ခံယူ, သုံးဆောင်ခြင်းဟူသော အတိုင်း အရှည်ကိုသိ၍ ကံ, ကံ၏အကျိုးယုံကြည်ခြင်းလက္ခဏာရှိသော လောကီသဒ္ဓါ, ရတနာ သုံးပါး၌ မတုန်မလှုပ် ကြည်ညိုခြင်းရှိသော လောကုတ္တရာသဒ္ဓါနှင့်ပြည့်စုံသော အားထုတ် အပ်သောဝီရိယရှိသော ရဟန်းကို "လေပြေလေညင်းသည် ကျောက်တောင်ကြီးကို မနှိပ်စက် မဖျက်စီးနိုင်သကဲ့သို့ " ကိလေသာမာရ်သည် စင်စစ်မနှိပ်စက် မဖျက်စီးနိုင်ပါ။ (ဓါထာ- ၇၊ ၈)

၄။ ရေအဟုန်သည် တိုက်ခတ်အပ်သဖြင့် ပွက်ထကုန်သော ရေမြှုပ်စိုင်ကြီးတို့သည် ပွက်ထပြီး ပျက်စီးသွားသကဲ့သို့ ဤကေသာအစ မုတ္တအဆုံး ပေါင်းစုရုံးသော ကောဋ္ဌာသအစုသည်လည်း အားနည်းခြင်း၊ အရှည်မခံ အခိုက်အတန့်မျှသာဖြစ်ခြင်းဟူသော အနက်သဘောရှိသောကြောင့် ရေမြှုပ်စိုင်နှင့်တူပါသည်။ (ဓမ္မ၊ ဋ္ဌ၊ ၁- ၂၁၄)

**မာရ်နတ်ရှာ၍ မရနိုင်ပုံ အခြင်းအရာ-**

သီလနှင့်ပြည့်စုံကုန်သော မမေ့မလျော့နေလေ့ရှိကုန်သော ကောင်းစွာ(ဉာဏ်ဖြင့်) သိ၍ ဝိမုတ္တိငါးပါးဖြင့် ကိလေသာတို့မှ လွတ်ကုန်သော ရဟန္တာပုဂ္ဂိုလ်တို့၏ သွားရာလမ်းခရီးကို မာရ်နတ်သည် မတွေ့မမြင်နိုင်ပါ (ဝါ) ရှာ၍မရပါ။ (ဓါထာ- ၅၇)

၅။ စူဠပန္ထကလျောင်းလျာသည် ကဿပဘုရားရှင်လက်ထက်တော်အခါ၌ ပညာဉာဏ်ကြီးသော မထေရ်တစ်ပါးဖြစ်၍ ဉာဏ်နုံ့နှေးသော ရဟန်းတစ်ပါးအား ရက်၍ စာဆက်လက် မသင်ဝံ့အောင် ပြက်ရယ် ပြောင်လှောင်ခဲ့သော အကုသိုလ်ကံကြောင့် ယခုဘဝ၌ ဉာဏ်ထိုင်းမှိုင်း ရပါသည်။ (ဓမ္မ၊ ဋ္ဌ၊ ၁- ၁၅၅၊ ၁၅၆)

**ပူတိဂတ္တတိဿမထေရ်လောင်းလျာ ဆုပန်ခဲ့ပုံ-**

ပူတိဂတ္တတိဿမထေရ်လောင်းလျာသည် ငှက်မုဆိုးဖြစ်စဉ်အခါ ကဿပဘုရားရှင်လက်ထက်၌ ရဟန္တာထေရ်တစ်ပါးအား ဆွမ်းလှူဒါန်းပြီး ငါးဖြာသောထိခြင်းဖြင့်

http://www.dhammadownload.com

ရှိခိုးဦးခိုက် လျှက် " အရှင်ဘုရား– ဤကောင်းမှုကြောင့် အရှင်မြတ်တို့ မျက်မှောက်ပြု အပ်သော တရားထူး, တရားမြတ်၏ အထွဋ်အထိပ်သို့ ရောက်ရပါလို၏ " ဟု ဆုပန် ခဲ့ပါသည်။ (ဓမ္မ၊ ဌ၊ ၁– ၂၀၅)

၆။ **ကောင်းခြင်းအမျိုးအစား–** (မွန် ၆–၅။)
**သူတော်ကောင်းဥစ္စာများ–** (ရန်ကုန် ၆–၅။)

၁၄။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်/တောင်ပိုင်း)
ပထမငယ်တန်း ။ ။ဓမ္မပဒပါဠိအဋ္ဌကထာဘာသာ
၁၃၇၀–ခုနှစ်၊ တန်ခူးလဆန်း (၈) ရက်၊ (၂–၄–၂၀၀၉) ကြာသပတေးနေ့

၁။ "နောင်တမရတဲ့ အလုပ်တွေကို လုပ်ရင် ကောင်းတယ်" ဟု မြတ်ဗုဒ္ဓက သုမနပန်းသည် အား ဟောကြားတော်မူသော ဓမ္မပဒဂါထာကို ပါဠိသက်သက် ရေးပြပါ။

၂။ "ရဟန္တာ၏ သွားရာဖြောင့်တန်း၊ ခရီးလမ်းကို၊ ဆိုးသွမ်း မာရ၊ ရှာမရပေ" ဟူသောလင်္ကာ အတိုင်း ဝင်္ဂီသမထေရ်၏ နိဗ္ဗာန်လမ်းကို မာရ်နတ်ရှာမတွေ့ပုံကို ပြဆိုသော ဂါထာကို အနက်ပေးပြပါ။

၃။ ရဟန်းပြုခြင်း၏ အကျိုးဖြစ်သော ဈာန်မဂ်ဖိုလ်တရားကို ခံစားရသောသူနှင့် မခံစားရ သောသူတို့ကို ဒွေသဟာယကဘိက္ခုဝတ္ထုလာသည့်အတိုင်း ဖြေဆိုပြပါ။

၄။ လောကီလောကုတ္တရာ နှစ်ဖြာသောပညာ မပြည့်စုံနိုင်သောပုဂ္ဂိုလ်နှင့် ကိလေသာဘေး မရှိနိုင်သောပုဂ္ဂိုလ်များကို စိတ္တဟတ္ထတ္ထေရဝတ္ထုလာသည့်အတိုင်း ရေးပြပါ။

၅။ ကောသမ္ဗီပြည်၌ ခိုက်ရန်ပြုကြကုန်သော ရဟန်းတို့အား မြတ်စွာဘုရားဟောကြား တော်မူသော ဇာတ်တို့ကို နာမည်မျှ ဖြေဆို၍ ငြိမ်းမည့်မျှပုလောင်သည်ကို အရှင်နာဂ သေနမထေရ်အလိုကျ ဖြေဆိုပြကာ၊ အရှင်အနုရုဒ္ဓါမထေရ်သည် မည်သည့်သုတ္တန်ကို နာကြား၍ ရဟန္တာဖြစ်သွားသည်ကိုလည်း ဖြေဆိုပါ။

၆။ ပါရမီဖြည့်စဉ်ကာလက အဘယ်သို့ပါရမီများဖြည့်ကျင့်ခဲ့ပါသောကြောင့် ဘုရားဖြစ် တော်မူသောအခါ၌ လမင်းနှင့်တူရသည်ကို ဝိသာခါဝတ္ထုအတိုင်း ဖြေဆို၍ အဘယ်

http://www.dhammadownload.com


အကြောင်းတရားများနှင့် ပြည့်စုံမှ ပေါ်ပေါက်လာသောလာဘ်ကို ဓမ္မိကလာဘ်ဟု ခေါ်ပါသနည်း? ယင်းအကြောင်းတရားငါးမျိုးကို ဖြေဆိုပါ။

## ၁၄။ ရှမ်းပြည်နယ်/တောင်ပိုင်း (အဖြေ)

## ပထမငယ်တန်း ။ ။ ဓမ္မပဒပါဠိအဋ္ဌကထာဘာသာ

၁။ ဂါထာ- ၆၈။

၂။ ဂါထာ- ၅၇။

၃။ အစီးအပွါးရှိသော ပိဋကတ်သုံးပုံကို အနည်းငယ်မျှ သင်ကြားပို့ချ ပြောပြောနေသော်လည်း တရားအားလျော်သော အကျင့်ကို ကျင့်ကြံအားထုတ်သောသူသည် ရာဂ, ဒေါသ, မောဟ ကိုပယ်လျက် ကောင်းစွာအပြားအားဖြင့် သိသည်ဖြစ်၍ ကိလေသာတို့မှ လွတ်သောစိတ်ရှိ သည်ဖြစ်၍ ပစ္စုပ္ပန်, တမလွန်ဘဝတို့၌ စွဲလမ်းမှုမရှိဘဲ ဈာန်, မဂ်, ဖိုလ်ဟူသော ရဟန်း၏ အရသာကို ခံစားရပါသည်။ (ဂါထာ- ၂၀)

**ဈာန်, မဂ်, ဖိုလ်တရားကို မခံစားရသောသူ -**

နွားရှင်တို့အား နွားတို့ကို ရေတွက်အပ်နှင်းလိုက်ရသော အခစားနွားကျောင်းသားသည် နွားနို့အရသာကို မခံစားရသကဲ့သို့ အစီးအပွါးရှိသော ပိဋကတ်သုံးပုံကို များစွာသင်ကြားပို့ချ ပြောပြောနေသော်လည်း ကမ္မဋ္ဌာန်းတရားကို မကျင့်မကြံ မေ့မေ့လျော့လျော့နေသောသူသည် ဈာန်, မဂ်, ဖိုလ်ဟူသော ရဟန်း၏အရသာကို မခံစားရပါ။ (ဂါထာ- ၁၉)

၄။ ဖွဲပုံစု၌ သစ်ငုတ်စိုက်သကဲ့သို့ မတည်တံ့သော စိတ်ရှိသည်ဖြစ်၍ သူတော်ကောင်းတရားကိုမသိပဲ မခိုင်မြဲသော သဒ္ဓါတရားရှိသောပုဂ္ဂိုလ်အား လောကီ, လောကုတ္တရာ နှစ်ဖြာသော ပညာတို့ မပြည့်စုံနိုင်ပါ။ (ဂါထာ- ၃၈)

**ကိလေသာဘေးမရှိသော ပုဂ္ဂိုလ်-**

ရာဂတည်းဟူသောမိုးသည် မစွတ်သောစိတ်ရှိ၍ ဒေါသသည် မဖျက်ဆီးအပ် (ထိခိုက်မှုမရှိ) သော ကုသိုလ်, အကုသိုလ်ကို ပယ်ပြီးသော မောဟတည်းဟူသော အိပ်ပျော်ခြင်း မှ နိုးသောပုဂ္ဂိုလ်အား ကိလေသာဘေးသည် မရှိပါ။ (ဂါထာ- ၃၉)

http://www.dhammadownload.com

၅။ ဘုရားရှင်ဟောကြားတော်မူသော ဇာတ်တို့မှာ–
လဋုကိကဇာတ်၊
ဝဋ္ဋကဇာတ် တို့ဖြစ်ကြပါသည်။ (ဓမ္မ၊ ဋ္ဌ၊ ၁– ၃၆)

**အရှင်နာဂသေန ၏ ရေဲမီးပူလောင်ပုံ ဟောကြားချက်–**
တောင်ထွဋ်ပမာဏရှိသော ကျောက်စိုင် ကျောက်ခဲ ကျောက်ဖြာ ကြီးသည်လည်း ငရဲမီး၌ ထည့်ချက်အစ်သည်ရှိသော် တစ်ခဏချင်းဖြင့်သာလျှင် ကြေမွပျက်စီး ကုန်းခမ်းခြင်းသို့ ရောက်ရာ၏။ (ဓမ္မ၊ ဋ္ဌ၊ ၁– ၈၁)

အရှင်အနုရုဒ္ဓါမထေရ်သည် ဒိဗ္ဗစက္ခုအဘိညာဏ်ရပြီးနောက် မဟာ(ပုရိသ)ဝိတက္က သုတ္တန်ကို နာကြားရ၍ ရဟန္တာဖြစ်သွားပါသည်။ (ဓမ္မ၊ ဋ္ဌ၊ ၁– ၈၉)

၆။ ဘုရားရှင်သည် ပါရမီဖြည့်စဉ်အခါက တန်ဆာဆင်အပ်သော ဦးခေါင်းတော်ကို ဖြတ်၍ မျက်လုံးကိုထုတ်, နှလုံးကို နှုတ်လျက် သား, သမီး, ခင်ပွန်းမယားတို့ကို စွန့်လွှတ်ပေး လှူခဲ့မှုကြောင့် ကောင်းကင်၌ တည်နေသောလမင်းသည် မိမိအပေါ်၌ တည်နေသည်ဟု သတ္တဝါတိုင်းက ထင်နေကြသကဲ့သို့ မိမိရှေ့မှာ သီတင်းသုံးနေသည်ဟုပင် သတ္တဝါ တိုင်းက မှတ်ထင်နေကြပါသည်။ (ဓမ္မ၊ ဋ္ဌ၊ ၁– ၂၅၆)

**အကြောင်းတရားများ–**
ဥပမိနှင့်ပြည့်စုံခြင်း။ သက်န်းကို ဆောင်ခြင်း။ အကြားအမြင်များခြင်း။ အခြံအရံရှိခြင်း။ တောကျောင်းနေခြင်း တို့ဖြစ်ကြပါသည်။ (ဓမ္မ၊ ဋ္ဌ၊ ၁– ၃၄၄)

၁၅။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်/မြောက်ပိုင်း)
ပထမငယ်တန်း ။ ။ဓမ္မပဒပါဠိတော်/အဋ္ဌကထာဘာသာ
၁၃၇၀–ခုနှစ်၊ တန်ခူးလဆန်း (၈) ရက်၊ (၂–၄–၂၀၀၉) ကြာသပတေးနေ့

၁။ ဗုဒ္ဓမြတ်စွာ၏ သတ္တဝါအားလုံးအပေါ် စိတ်ထားတူပုံပြဂါထာကို ပါဠိသက်သက်ရေးခဲ့ပါ။

၂။ ရှင်ဒေဝဒတ်မြေမျိုစဉ် ဗုဒ္ဓမြတ်စွာကို ရှိခိုးကန်တော့တောင်းပန်သော ဂါထာကို အနက် ပေးခဲ့ပါ။

၃။ အနာထပိဏ်သူဌေးက ဗုဒ္ဓမြတ်စွာကို ပြဿနာ မမေးခြင်းအကြောင်းကို ဖော်ပြ၍ စက္ခု ပါလမထေရ်၏ မျက်စိကွယ်ရာ ကိလေသာကုန်ရာ အချိန်ကိုလည်း ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com


၄။ မယ်ယ အမျိုးသား၏ ကျင့်ဝတ် ၇–ပါးကို ဖော်ပြ၍ "လင်ပြုလျှင် မယားရ၊ မယားပြုလျှင် လင်ရ"ဟူသော ဆိုရိုးစကား မှန်, မမှန်ကို မဃနှင့် သုဇာတို့ ကွယ်လွန်ပြီးနောက် ရောက်ရသည့် ဘုံဘဝကိုထောက်၍ ဆုံးဖြတ်ခဲ့ပါ။

၅။ "ကုမ္ဘူပမံ ကာယမိမံ ဝိဒိတွာ"၌ ခန္ဓာကိုယ်၏ မြေအိုးနှင့် တူခြင်းအကြောင်းကို အဋ္ဌကထာလာအတိုင်း ဖော်ပြ၍ ပူတိဂတ္တတိဿမထေရ် အရဟတ္တဖိုလ်ရကြောင်း ရှေးကောင်းမှုကိုလည်း ဖော်ပြခဲ့ပါ။

၆။ "သမ္မဒညာ ဝိမုတ္တာနံ"၌ "ဝိမုတ္တိ" သရုပ်ကို အဋ္ဌကထာလာအတိုင်း ထုတ်ပြ၍ "အာနန္ဒာသူဌေး"က သားဖြစ်သူ "မူလသိရီ" ကို ဆုံးမသော ဩဝါဒစကားကိုလည်း ဖြေဆိုခဲ့ပါ။

## ၁၅။ ရှမ်းပြည်နယ်/မြောက်ပိုင်း (အဖြေ)

## ပထမငယ်တန်း ။ ။ ဓမ္မပဒပါဠိတော်/အဋ္ဌကထာဘာသာ

၁။ ဝဓကေ ဒေဝဒတ္တမှို၊ စောရေ အင်္ဂုလိမာလကေ။
ဓနပါလေ ရာဟုလေ စ၊ သဗ္ဗတ္ထ သမမာနသော။ (ဓမ္မ၊ ဋ္ဌ၊ ၁– ၉၄)

၂။ အဂ္ဂပုဂ္ဂလံ– အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်တော်မူထသော၊ ဒေဝါတိဒေဝံ– နတ်အပေါင်းတို့၏ ခိုကိုးရာ နတ်မင်းကြီးလည်း ဖြစ်တော်မူထသော၊ နရဒမ္မသာရထိံ– လူအပေါင်းကို ဆုံးမရာ၌ ရထားထိန်းသဖွယ် ဖြစ်တော်မူထသော၊ သမန္တစက္ခုံ– သဗ္ဗညုတဉာဏ် ရှိတော်မူထသော၊ သတ ပုညလက္ခဏံ– ရာပေါင်းများစွာသော ဘုန်းကံကြောင့် တင့်တယ်သော လက္ခဏာတော်ရှိတော်မူ သော၊ တံ ဗုဒ္ဓံ– ထိုမြတ်စွာဘုရားကို၊ ဗုဒ္ဓမေဟိ အဋ္ဌီဟိ– ဤအရိုးတို့ဖြင့်လည်းကောင်း။ ဗုဒ္ဓမေဟိ ပါဏေဟိ– ဤအသက်တို့ဖြင့်လည်း ကောင်း။ သရဏံ– ကိုးကွယ်ခြင်းသို့၊ ဥပေမိ– ကပ်ရောက် ပါ၏။ (ဓမ္မ၊ ဋ္ဌ၊ ၁– ၉၅)

၃။ အနာထပိဏ်သူဌေးကြီးသည် " မြတ်စွာဘုရားသည် ဘုရားဖြစ်၍လည်းကောင်း မင်းမျိုး ဖြစ်၍လည်းကောင်း သိမ်မွေ့နူးညံ့တော်မူ၏၊ အကယ်၍ ငါသည် တစ်စုံတစ်ခုသော အမေး ပုစ္ဆာပြဿနာကို မေးလျှောက်ခဲ့သည်ရှိသော် "ဤသူဌေးသည် ငါ့ဘုရားအား ကျေးဇူးများလှပေ သည်" ဟု နှလုံးသွင်းတော်မူ၍ တရားဟောကြားလျှင် ဘုရားရှင်ပင်ပန်းပေလိမ့်မည်" ဟု ကြံစည်၍ ဘုရားရှင်အပေါ်၌ လွန်ကဲသော ချစ်ခင်ကြည်

http://www.dhammadownload.com


ညှိခြင်း သဘောထားရှိသောကြောင့် တစ်ကြိမ်တစ်ခါမျှ မြတ်စွာဘုရားအား ပြဿနာ မမေးမြန်းပါ။ (ဓမ္မ၊ ဋ္ဌ၊ ၁- ၃)

**စက္ခုပါလထေရ်၏ မျက်စိကွယ်ရာ ကိလေသာတုန်ရာ အချိန်-**

စက္ခုပါလထေရ်သည် မိမိကိုယ်ကို ဆုံးမလျက် ရဟန်းတရားအားထုတ်သည်ရှိသော် မဇ္ဈိမယာမ်မှလွန်မြောက် မိုးသောက်ယာမ်အရောက်တွင် နှစ်ရပ်သော စက္ခုတော်နှင့် ကိလေသာတို့သည် မရှေးမနှောင်း တပြိုင်နက်ကွဲပျက် ကုန်ခန်းခြင်းသို့ ရောက်ပါသည်။

(ဓမ္မ၊ ဋ္ဌ၊ ၁- ၈)

၄။ **မဃအမျိုးသား၏ ကျင့်ဝတ် (၇) ပါး-** (ပဲခူးအနောက်ပိုင်း ၆-ရ၅။)

**ရောက်ရသည့် ဘုံဘဝ-**

မဃလုလင်သည် ကွယ်လွန်ပြီးနောက် တာဝတိံသာနတ်ပြည်၌ နတ်တို့၏ အရှင်သခင် သိကြားမင်းဖြစ်ပါသည်။

သုဇာသည် သေလွန်ပြီးနောက် တစ်ခုသော တောင်ချောက်ကြား၌ ဗျိုင်းငှက်မ တစ်ကောင် ဖြစ်ပါသည်။ ဤသည်ကို ထောက်၍ "လင်ပြုလျှင် မယားရ၊ မယားပြုလျှင် လင်ရ" ဟူသောဆိုရိုးစားမမှန်ပါ။ (ဓမ္မ၊ ဋ္ဌ၊ ၁- ၁၅၄)

၅။ ဤဆံစသောခန္ဓာကိုယ်သည် အရှည်မခံ တစ်ခဏမျှသာ တည်တံ့သော သဘောရှိသောကြောင့် မြေအိုးနှင့်တူပါသည်။ (ဓမ္မ၊ ဋ္ဌ၊ ၁- ၂၀၁)

**ပူတိဂတ္တတိဿမထေရ်၏ အရဟတ္တဖိုလ်ရကြောင်း ရှေးကောင်းမှု-**

ပူတိကာယတိဿမထေရ်သည်-ကဿပဘုရားရှင်လက်ထက် ငှက်မုဆိုးဖြစ်စဉ်အခါ၌ ရဟန္တာတစ်ပါးအား မွန်မြတ်သော အရသာရှိသော ဆွမ်းဘောဇဉ်ကို လှူဒါန်းခဲ့မှုကြောင့် အရဟတ္တဖိုလ် တည်ရပါသည်။ (ဓမ္မ၊ ဋ္ဌ၊ ၁- ၂၀၅)

၆။ **ဝိမုတ္တိသရုပ်-** တဒင်္ဂဝိမုတ္တိ, ဝိက္ခမ္ဘနဝိမုတ္တိ, သမုစ္ဆေဒဝိမုတ္တိ, ပဋိပဿဒ္ဓိဝိမုတ္တိ, နိဿရဏဝိမုတ္တိ။ (ဓမ္မ၊ ဋ္ဌ၊ ၁- ၂၅၄)

**အာနန္ဒသူဌေး၏ ဩဝါဒ - (စစ်ကိုင်း ၆-ရ၅။)**

၁၇။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရေဝတီတိုင်း)

ပထမငယ်တန်း ။ ။ဓမ္မပဒဘာသာ

၁၃၇၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် (၁၃) ရက်၊ (၂၃-၃-၂၀၀၉) တနင်္လာနေ့

http://www.dhammadownload.com


၁။ မှားယွင်းသောအကြံဝိတက် ကျက်စားရာ ရှိသူနှင့် မှန်ကန်သောအကြံဝိတက် ကျက်စားရာရှိသူတို့ အနှစ်သာရ ရှိ/မရှိတို့အပေါ်၌ ရှုမြင်သုံးသပ်ပုံကို သာရိပုတ္တထေရ်ဝတ္ထုလာ ဂါထာတို့ကို ပါဠိရေးသားခဲ့ပါ။

၂။ ကုဿယေယာသကသေဋ္ဌိဝတ္ထု၌ ဘုရားရှင်ပေါ်ကြားအပ်သော စည်းစိမ်ဥစ္စာ, ရာထူးဌာန်န္တရ, ဂုဏ်သတင်းကျော်စောခြင်း တိုးပွားကြောင်း တရားတို့ကိုပြဆိုသော ပါဠိတော်ဂါထာနှင့် ဗာလနက္ခတ္တသယုံဌဝတ္ထု၌ လူမိုက်နှင့် ပညာရှိတို့၏ ပမာဒ/ အပ္ပမာဒတရားတို့အပေါ်၌ ကျင့်သုံးပုံကိုပြဆိုသော ပါဠိတော်တို့ကို အနက်ပေးဖနှာခဲ့ပါ။

၃။ လောကီပညာ, လောကုတ္တရာပညာများ မပြည့်စုံနိုင်သောပုဂ္ဂိုလ်နှင့် ကြောက်ရွံ့ဖွယ်ဘေးမရှိသောပုဂ္ဂိုလ်တို့ကို စိတ္တဟတ္ထထေရ်ဝတ္ထုကို ရှု၍ ဖော်ပြပါ။

၄။ ခုဇ္ဇုတ္တရာထေရီမ၏ ကုန်းကွမှုဖြစ်ရခြင်းအတိတ်အကြောင်းတရားနှင့် သူတပါးတို့၏ အစေခံဖြစ်ရခြင်းအကြောင်းတရားတို့ကို ဓမ္မပဒအဋ္ဌကထာ သာမာဝတီဝတ္ထုကို ရှု၍ ရေးသားတင်ပြပါ။

၅။ ဒိသာပါမောက္ခဆရာကြီး၏ အထံ၌ ပညာသင်ယူကြသော ဆရာတူတပည့်များ ဖြစ်ကြသော ပသေနဒိကုမာရ, မဟာလိကုမာရ, ဗန္ဓုလကုမာရတို့၏ နိုင်ငံအမည်, ဖခင်အမည်တို့ကို ဖော်ပြပြီးလျှင်၊ အမျိုးသမီးများ၏ ကောင်းခြင်းငါးဖြာတို့ကို ဖော်ပြ၍၊ တတိယမြောက် ကောင်းခြင်းကိုလည်း အဋ္ဌကထာဆရာအလိုကျ ရေးသားခဲ့ပါ။

၆။ အာနန္ဒသေဋ္ဌိဝတ္ထု၌ အာနန္ဒသူဌေးကြီးသည် လခွဲတိုင်း ဆွေတော်မျိုးတော်တို့ကို စုဝေး၍ သားဖြစ်သူမူလသိရီအား ပေးသောဩဝါဒကို ရေးသားပြီးလျှင်၊ အာနန္ဒာသူဌေးကြီး၏ အနာဂတ်ဘဝ ပုံပန်းသဏ္ဌာန်ကိုလည်း ရေးသားဖော်ပြပါ။

### ၁၇။ ရောဝတီတိုင်း (အဖြေ)

### ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ ဂါထာ– ၁၁၊ ၁၂။

၂။ ဂါထာ– ၂၄။ ဂါထာ– ၂၆။

http://www.dhammadownload.com


၃။ ကြောက်စွံ့ဖွယ် ဘေးမရှိသောပုဂ္ဂိုလ်- (ရှမ်းတောင် ၄-ရှု။)

၄။ ခုဇ္ဇုတ္တရာထေရီမသည်- အတိတ်ဘဝတစ်ခု၌ ခါးကုန်းသော ပစ္စေကဗုဒ္ဓါတစ်ပါး ဆွမ်းခံကြွလာပုံကို အတုပြု၍ ကမ္ဗလာနီကို လွှမ်းခြုံ ရွှေခွက်ငယ်ကို ကိုင်လျက် " ငါတို့အရှင်မြတ်ကြီးသည် ဤသို့ ဆွမ်းခံကြွလာ၏ " ဟု ခါးကုန်းလေဟန်ပြု၍ ပျက်ရယ်ပြောင်လှောင်ခဲ့သော အကုသိုလ်ကံ ကြောင့် ခါးကုန်းရပါသည်။

**ခုဇ္ဇုတ္တရာထေရီမ၏ သူတစ်ပါးတို့၏ အစေခံ ဖြစ်ရခြင်းအကြောင်း-**

ခုဇ္ဇုတ္တရာထေရီမသည်- ကဿပဘုရားရှင်လက်ထက် ဗာရာဏသီ သူဌေးသမီးဘဝဖြစ်စဉ် အလှပြင်နေစဉ် မိမိထံရောက်နေသော ရဟန္တာထေရီမတစ်ပါးအား " အရှင်မရှိခိုးပါ၏၊ တပည့်တော်မ၏ တန်ဆာပခြုပ်ကို ယူပေးပါဘုရား " ဟု စေခိုင်းခဲ့ဖူးသောအကုသိုလ်ကံကြောင့် သူတစ်ပါးတို့၏ အခိုင်းအစေဖြစ်ရပါသည်။

(ဓမ္မ၊ ဋ္ဌ၊ ၁- ၁၄၄)

၅။ **ပသေနဒီကုမာရ၏-**

နိုင်ငံအမည်- သာဝတ္ထိပြည်၊

ဖခင်အမည်- မဟာကောသလမင်းကြီး။

**မဟာလိကုမာရ၏-**

နိုင်ငံအမည်- ဝေသာလီပြည်၊

ဖခင်အမည်- လိစ္ဆဝီမင်း။

**ဗန္ဓုလကုမာရ၏-**

နိုင်ငံအမည်- ကုသိနာရုံပြည်၊

ဖခင်အမည်- မလ္လာမင်း။ (ဓမ္မ၊ ဋ္ဌ၊ ၁- ၂၁၅)

**ကောင်းခြင်း ၅-ဖြာနှင့် တတိယမြောက် ကောင်းခြင်း- (မကွေး ၆-ရှု။)**

၆။ မူလသီရိအား ပေးသောသြဝါဒ- (စစ်ကိုင်း ၆-ရှု။)

**အာနန္ဒသူဌေးကြီး၏ အနာဂတ်ဘဝ ပုံပန်းသဏ္ဌာန်-**

ဒွန်းစဏ္ဍားဘဝ၌ လက်, ခြေ, မျက်စိ, နား, နှာခေါင်း, ခံတွင်းတို့သည် ပကတိလူတို့၏အသွင်ကဲ့သို့ တည်မြဲတိုင်းနေရာ၌ မဖြစ်ကုန်၊ တိမ်းစောင်းကျိုးပဲ့ မတည့်မပြေ အသားအရေ နက်ကြုတ်လျက် ဘုတ်, ပြိတ္တာ, ဘီလူးကဲ့သို့ လွန်ကဲသော အဆင်းဖောက်ပြန်ခြင်းရှိပါသည်။ (ဓမ္မ၊ ဋ္ဌ၊ ၁- ၂၉၇)

http://www.dhammadownload.com


## ၁၈။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (အထူးအောင်)

## ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ

## ၁၃၇၁-ခုနှစ်၊ နယုန်လပြည့်ကျော် (၁၃) ရက်၊ (၂၀-၆-၂၀၀၉) စနေနေ့

၁။ အောက်ပါ အစပ်ပါယ်ပြ ဂါထာတို့ကို ပါဠိတော်သက်သက် ရေးပြပါ။

(က) တင့်တယ်ရှုပေ ပျင်း၍နေ ကိလေသွှမ်းမိုးနိုင်၊

(ခ) မကောင်းကျိုးလျှင် မပေးခင် ပျားထင် ထိုလူမိုက်။

၂။ "အမှိုက်ပုံမှာ ကြာပွင့်လာ တူစွာ ရဟန္တာ"ဟု ပြဆိုသော ဂါထာတော်တို့ကို အနက်မှန်စွာ ပေးပြပါ။

၃။ (က) မကောင်းမှုပြုသူ၊ (ခ) ကောင်းမှုပြုသူ တို့၏ ဝမ်းနည်းရ, ဝမ်းသာရခြင်း အကြောင်းတို့ကို ဖော်ပြ၍ ယေ စိတ္တံ သံယမေဿန္တိ-ဌ စိတ်၏ ထူးခြားသော ဂုဏ်ရည်များကိုလည်း မလွဲမှားအောင် ရေးသားပြပါ။

၄။ ပြည်နယ်နှင့်တိုင်း အသီးသီးဝယ် အောင်မြင်မှု ရရှိလာသောသူတို့သည် ယင်းအောင်မြင်မှုကို မည်သို့မည်ပုံ စောင့်ရှောက်သင့်သည်ကို ဘုရားရှင် လမ်းညွှန်ချက်နှင့်အညီ ညွှန်ပြ၍၊ (က) ညှစ်ပြီးစနှိရည်၊ (ခ) ဦးထိပ်နှင့်တူသော အရာတို့ကိုလည်း ဖော်ပြပါ။

၅။ မပြစ်မှားသင့်သူတို့အပေါ်၌ အပြစ်ဒဏ်ပေးသောအားဖြင့် ပြစ်မှားလေ့ရှိသူတို့အား တွေ့ကြုံရရှိနိုင်သည့် ဆိုးကျိုးများကို ပြည့်စုံစွာ ရေတွက်ပြပါ။

၆။ "ပူဇော်ထိုက်သူ ပူဇော်မှု မှတ်ယူ မင်္ဂလာ"ဟူသောစကားနှင့်အညီ ဘုရားရှင်အား အသက်စွန့်၍ ပူဇော်သူနှင့် ပူဇော်ပုံအခြင်းအရာတို့ကို ဖော်ပြ၍၊ ယင်းသို့ ပူဇော်ခြင်းကြောင့် ရရှိသော ပစ္စုပ္ပန်, တမလွန်အကျိုး နှစ်မျိုးတို့ကိုလည်း ခွဲခြားဖြေဆိုပါ။

## ၁၈။ အထူးအောင် (အဖြေ)

## ပထမငယ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ (က) ဂါထာ- ၇။ (ခ) ဂါထာ- ၆၉။

၂။ ဂါထာ- ၅၈၊ ၅၉။

http://www.dhammadownload.com

၃။ (က) မကောင်းမှုပြုသူသည် မိမိ၏ညစ်နွမ်းသော အကုသိုလ်ကံကို သိမြင်သောကြောင့် ပစ္စုပ္ပန်, တမလွန် နှစ်တန်သောဘဝတို့၌ ဝမ်းနည်းရ၏။ (ဂါထာ- ၁၅)

(ခ) ကောင်းမှုပြုသောသူသည် မိမိ၏စင်ကြယ်သော ကုသိုလ်ကံကို (ကောင်းမှုကံ၏ ပြည့်စုံခြင်းကို) သိမြင်ရသောကြောင့် ပစ္စုပ္ပန်, တမလွန် နှစ်တန်သောဘဝတို့၌ ဝမ်းသာရ၏။ (ဂါထာ- ၁၆)

၄။ ဝေးသောအရပ်၌ တည်သော အာရုံသို့ သွားတတ်ခြင်း။
တစ်ခုချုပ်ပြီးမှ တစ်ခုချုပ်ခြင်း။
ကိုယ်သဏ္ဌာန် အဆင်း မရှိခြင်း။
ဟဒယဝတ္ထု၏မှီရာ မဟာဘုတ်တည်းဟူသော လိုဏ်လှိုင်တည်ရာရှိခြင်းတို့ဖြစ်ကြပါသည်။ (ဂါထာ- ၃၇)

၄။ ဖြစ်ပေါ်စေအပ်ပြီးသော နသောဝိပဿနာကို ကျောင်း၏လျောက်ပတ်ခြင်း, ဥတု၏ လျောက်ပတ်ခြင်း, ဘောဇဉ်၏လျောက်ပတ်ခြင်း, ပုဂ္ဂိုလ်၏လျောက်ပတ်ခြင်း, တရားနာခြင်း၏ လျောက်ပတ်ခြင်းစသည်တို့ကို အဖန်ဖန်မှီဝဲသည်ဖြစ်၍ အကြားကြား၌ သမာပတ်ဝင်စား၍ ထိုသမာပတ်မှထကာ ဖြူစင်သောစိတ်ဖြင့် သင်္ခါရတို့ကို သုံးသပ်လျက် စောင့်ရှောက်သင့်ပါသည်။ (မွေ၊ ဋ္ဌ၊ ၁- ၂၀၁)

မှတ်ချက်- ဤမေးခွန်းအလို-
ပြည်နယ် နှင့် တိုင်း အသီးသီးဝယ် ရရှိလာသောအောင်မြင်မှုကို ကျောင်း၏ လျောက်ပတ်ခြင်း, ဥတု၏ လျောက်ပတ်ခြင်း, ဘောဇဉ်၏လျောက်ပတ်ခြင်း, ပုဂ္ဂိုလ်၏လျောက်ပတ်ခြင်း, တရားနာခြင်း(ပို့ချသင်ယူမှု)၏ လျောက်ပတ်ခြင်းစသည်တို့ကို အဖန်ဖန်မှီဝဲသည်ဖြစ်၍ အကြား ကြား၌ သမာဓိကိုဖြစ်စေ၍ ဖြူစင်သောစိတ်ဖြင့် စာပေများကို ဆင်ခြင်သုံးသပ်လျက် စောင့်ရှောက် သင့်ပါသည်။

(က) ပြုသစ်စဖြစ်၍ အကျိုးမပေးသေးသော မကောင်းမှုကံ ဖြစ်ပါသည်။

(ခ) ပညာဖြစ်ပါသည်။

၅။ ပြင်းထန်သော ဝေဒနာစွဲကပ်ခြင်း။
စည်းစိမ်ဥစ္စာ ဆုံးရှုံးခြင်း။
လက်, ခြေစသော ကိုယ်အင်္ဂါ ပျက်စီးခြင်း။

http://www.dhammadownload.com


ဒုန္နာစသော (ကုသ၍မရသော) အနာရောဂါ စွဲကပ်ခြင်း။
စိတ်ပျံ့လွင့်ခြင်း (ရူးသွပ်ခြင်း)၊
မင်းပြစ်, မင်းဒဏ်သင့်ခြင်း။
ကြမ်းတမ်းစွာ စွပ်စွဲပြောဆိုခံရခြင်း။
ဆွေမျိုးတို့၏ ပျက်စီးခြင်း။
စည်းစိမ်တို့၏ ပျက်စီးခြင်း။
ထိုသူ၏ နေရာအိမ်တို့ကို ပကတိမီးလောင်ခြင်း။ မိုးကြိုးလောင်မီးကျခြင်း
သေပြီးနောက် ငရဲသို့ရောက်ရခြင်း တို့ဖြစ်ကြပါသည်။

(ဓမ္မ၊ ဋ္ဌ၊ ၁- ၁၁၅)

၆။ ပူဇော်သူမှာ- သုမနမည်သော ပန်းသည်ဖြစ်ပါသည်။
**ပူဇော်ပုံ အခြင်းအရာ-**

သုမနပန်းသည်သည်- ရှေးဦးစွာ နစ်ဆုပ်မျှသောပန်းတို့ကို မြတ်စွာဘုရား၏ အထက်သို့ မြှောက်၍ပစ်ရာ ဘုရားရှင်၏ဦးထိပ်၌ မျက်နှာကြက်ဗိတာန်ကဲ့သို့ တည်ကုန်၏။ ထို့နောက် နှစ်ဆုပ် နှစ်ဆုပ်စီသောပန်းတို့ကို ကြဲမြှောက်၍ပစ်ပြန်ရာ ဘုရားရှင်၏ လက်ယာနံပါး၌လည်းကောင်း၊ နောက်အဖို့၌လည်းကောင်း၊ လက်ဝဲနံပါး၌လည်းကောင်း ပန်းဖြင့်ဖုံးလွှမ်းလျက် အောက်သို့တွဲလည်း သက်၍ တည်ကုန်၏။ ဤနည်းဖြင့် ရှစ်ကွမ်းစားမျှလောက်သော ပန်းတို့သည် ရှစ်ဆုပ်ဖြစ်၍ ကြဲမြှောက်သောအခါတိုင်း ဦးထိပ်၏ အထက်, ဝဲ, ယာ, အောက်အဖို့အားဖြင့် အရပ်လေးမျက်နှာတို့၌ မြတ်စွာဘုရားကိုယ်တော်သို့ ဝန်းပတ်ခြံရံ၍ လိုက်ကုန်၏။ ဘုရားရှင်၏ ရှေ့တည့်တည့်မှ တံခါးသဖွယ် ယှက်သွယ်ခြင်းမရှိ လစ်လပ်၍တည်လျှက် ရှိရှိသမျှသောပန်းတို့သည် အတွင်းသို့ အညှာရိုးတံကိုပြု၍ ပြင်ဘက်သို့ ပွင့်ချပ်ထွက်လျှက် ပန်းကွန်ယက်ဖြင့် ဖုံးအုပ် ဝန်းရံထားသကဲ့သို့ ရှိ၏။ မြတ်စွာဘုရားသည် ငွေပြားဝန်းရံသကဲ့သို့ရှိလျှက် ကြွသွားတော်မူပါသည်။ (ဓမ္မ၊ ဋ္ဌ၊ ၁- ၃၀၇)

**ပစ္စုပ္ပန်ရရှိသောအကျိုး-**

သုမနပန်းသည်သည်-

မင်းကြီးထံမှ ဆင် ၈-စီး၊ မြင်း ၈-စီး၊ ကျွန်ယောကျာ်း ၈-ယောက်၊
ကျွန်မိန်းမ ၈- ယောက်၊ မြတ်သောတန်ဆာ ၈- ခု၊

http://www.dhammadownload.com

အသပြာ ၈-ထောင်၊ မင်းမျိုးမှ ထုတ်ဆောင်၍ အလုံးစုံသောတန်ဆာဆင်ယင်အပ်သော သမီးကညာ ၈- ယောက်၊ အခွန် ကျေးလက် ကောင်းစွာထွက်သော ရွာမြတ် ၈- ရွာ ဟူသော အဋ္ဌကဆုကို မိမ္ဗိသာရမင်းကြီးထံမှ ချီးမြှင့်ခြင်း ခံရပါသည်။

**တမလွန်ဘဝ၌ ရရှိသောအကျိုး-**

သုမနပန်းသည်သည် ကမ္ဘာတစ်သိန်း ကာလပတ်လုံး အပါယ်လေးပါးသို့ မကျရောက်ရဘဲ လူရပ်, နတ်ရပ် ဂတိမြတ်တို့၌ ကျင်လည်ခံစားရ၍ နောင်သောအခါ သုမနမည်သော ပစ္စေကဗုဒ္ဓါဖြစ်ခြင်း အကျိုးကို ခံစားရပါမည်။ (ဓမ္မ၊ ဋ္ဌ၊ ၁- ၃၀၇)

၁။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကချင်ပြည်နယ်)

ပထမငယ်တန်း ။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ

၁၃၇၀-ခုနှစ်၊ တန်ခူးလဆန်း (၉) ရက်၊ (၃-၄-၂၀၀၉) သောကြာနေ့

၁။ နာမ်ဒုတိယပိုင်းလာ ပဋိသေဓဝိဓိသုတ်နှင့် အာချာတ်ကျမ်းလာ ကတ္တားအနက်၌သက်သော ယပစ္စည်းကို စီရင်သည့် သုတ်တို့ကို ဝုတ္တိ, ဥဒါဟရဏ်များပါမကျန် ပါဠိကုန်စင်အောင် ရေးပြခဲ့ပါ။

၂။ အောက်ဖော်ပြပါ သဒ္ဒါပါဠိတို့ကို မှန်ကန်အောင် အနက်ပေးပြခဲ့ပါ။

(က) လောပဥ္စ တတြာကာရော၊

(ခ) ပဟာယ ဝေါ ဘိက္ခဝေ ဂမိဿာမိ၊

(ဂ) သံယေ တေ ဒိန္နေ အဟာဒ္ဓေဝ ပူဇိတော ဘဝိဿာမိ၊

(ဃ) ဓာတုဿန္တော လောပေါနေကသရဿ၊

(င) တံတုနတဗ္ဗေသု ဝါ။

၃။ အောက်ပါတို့တွင် (က) တို့ကို ပုဒ်ဖြတ်၍ (ခ) တို့ကို ပုဒ်စပ်ပြီးလျှင်၊ (ဂ) ကို သန္ဓိရုပ်၊ (ဃ) ကို နာမ်ရုပ် အကျဉ်းတွက်ပြပါ။

(က) ကေမိဒိဟာ၊ ဇီဝိတမပ္ပမာယုံ၊ ဝိဒူနဂ္ဂမိတိ။

(ခ) ယာဝ+စ+တ္က၊ ဝိ+အဓိ+အဂ္ဂ၊ တံ+ဓဝ+တ္တွေ။

(ဂ) မနည်၊ (ဃ) ဘိက္ခဝေ။

၄။ အောက်ပါဝါကျများထဲမှ ထုတ်နှုတ်ပြထားသော ပြယုဂ်တို့၌ မည်သည့်သုတ်ဖြင့် မည်

http://www.dhammadownload.com



သည့်အနက်၌ မည်သည့်ဝိဘတ် သက်ထားသည်ကို အသီးအသီး ဖြေဆိုပြခဲ့ပါ။
(က) ကော် သမယံ ဘဂဝါ–၌ သမယံ၊
(ခ) သဗ္ဗေ ဘာယန္တိ မစ္စုနော–၌ မစ္စုနော၊
(ဂ) ဒီပိ စမ္မေသု ဟညတေ–၌ စမ္မေသု၊
(ဃ) သံဃေ ဒိန္နံ မဟပ္ဖလံ–၌ သံဃေ၊
(င) ဉာဏေန ဉသုကွော–၌ ဉာဏေန။

၅။ တုမ္–သဒ္ဒါကို တတိယာ, သတ္တမီဝိဘတ်တို့ဖြင့် နာမပဒမာလာစဉ်ပြ၍ ယောသု ဒွိန္နံ ဒွေ စ–သုတ်၌ ဒွိ–သဒ္ဒါတစ်ခုတည်း ဖြစ်ပါလျက် "ဒွိန္နံ"ဟု ဗဟုဝုစ်ဝိဘတ်ဖြင့် ဆိုရခြင်း အကြောင်းကို ရေးသားခဲ့ပါ။

၆။ သန္ဓိသုံးပါးတို့တွင် ဝုတ္တသန္ဓိ၏ အဓိပ္ပါယ်ကိုလည်းကောင်း။ သာမညာ စသော နာမ်လေးပါးတို့တွင် ဩပပါတိကနာမ်၏ အဓိပ္ပါယ်ကိုလည်းကောင်း ပုဒ်စစ်ဆရာအလိုကျ ရှင်းလင်းဖြေဆိုခဲ့ပါ။

၁။ ကချင်ပြည်နယ် (အဖြေ)

ပထမငယ်တန်း။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ

၁။ န အံမို၊ တထာ ကတ္တရိ စ–သုတ်ဆိုင်ရာတို့ကို ရေးလေ။

၂။ (က) ဗျဥ္ဇနေ စ–နောက်ဗျည်းကြောင့်လည်း။ သရာ–ရှေ့သရတို့သည်၊ ကွစိ–အချို့အရာ၌၊ လောပံ–ကျေပျောက်ခြင်းသို့၊ ပပ္ပေါန္တိ–ရောက်ကုန်၏၊ တတြ–ထိုကျေရာ၌၊ အကာရော စ–အ–အက္ခရာလာသည်လည်း၊ ဟောတိ–ဖြစ်၏။
(ခ) ဘိက္ခဝေ–ရဟန်းတို့၊ ဝေါ–သင်တို့ကို၊ ပဟာယ–စွန့်ပစ်၍၊ ဂမိဿာမိ–သွားတော့အံ့။
(ဂ) တေ–သင်သည်၊ သံဃေ–သံဃာအား၊ ဒိန္နေ–ပေးလှူအပ်သော်၊ အဟဉ္စေဝ–ငါဘုရားသည်လည်း။ ဝါ–ကိုလည်း။ ပူဇိတော–ပူဇော်အပ်သည်၊ ဘဝိဿာမိ–ဖြစ်လိမ့်မည်။
(ဃ) အနေကသရဿ–များသောသရရှိသော၊ ဓာတုဿ–ဓာတ်၏၊ အဒ္ဓော–အဆုံးသရသည်၊ ကွစိ–အချို့အရာ၌၊ လောပေါ–ကျေသည်၊ ဟောတိ–ဖြစ်၏။

http://www.dhammadownload.com


(င) တုံ တုန တဗ္ဗေသု- တုံ, တုန, တဗ္ဗ- ပစ္စည်းတို့ကြောင့်၊ ကရဿ- ကရဓာတ်၏၊ အန္တဿ- ဓာတွန် ရ- ၏၊ တတ္တံ- တ- အဖြစ်သည်၊ ဝါ- အချို့ ဟောတိ- ဖြစ်၏။

၃။ (က) ဧကမိဒါဟံ- ဧကံ+ ဣဓ+ အဟံ၊
ဇီဝိတမပ္ပမာယု- ဇီဝိတံ+ အပ္ပံ+ အာယု၊
ဝိဒူနဂ္ဂမိတိ- ဝိဒူနံ+ အဂ္ဂံ+ ဣတိ။
(ခ) ယာဝ+ စ+ ဣဓ- ယာဝဉ္စိဓ၊
ဝိ+ အဓိ+ အဂ္ဂံ- ဝိဇ္ဈဂ္ဂံ၊
တံ+ ဧဝ+ ဧတ္ထ- တညေဝေတ္ထ။
(ဂ) မနော+ အညံ- တည်၊ ပုထဿ ဗျဉ္ဇနေ- သုတ်၌ အန္တသဒ္ဒါပိုဖြင့် ဩ- ကို ဥ- ပြု၊ ဝါ ပရော အသရူပါ- ဖြင့် နောက် အ- သရကိုချေ၊ မနုညံ- ပြီး၏။
(ဃ) ဘိက္ခု- တည်၊ အာလုပ် ယော- သက်၊ လ- အမည်မှည့်၊ အကတရဿာ လတော စသောသုတ်ဖြင့်၊ အာလုပ် ယော- ကို ဝေ- ပြု၊ ဝေဝေါသု လောစ- ဖြင့် ဝေ- ကြောင့် ဥ- ကို အ- ပြု၊ ဘိက္ခဝေ- ပြီး၏။

၄။ (က) တတိယာ သတ္တမီနဉ္စ- သုတ်ဖြင့် သတ္တမီအနက်၌ ဒုတိယာဧကဝုစ် အံ- ဝိဘတ် သက်ထားသည်။
(ခ) ဒုတိယာ ပဉ္စမီနဉ္စ- သုတ်ဖြင့် ပဉ္စမီအနက်၌ ဆဋ္ဌီဧကဝုစ် သ- ဝိဘတ်သက်ထား သည်။
(ဂ) ကမ္မကရဏ နိမိတ္တတ္ထေသု သတ္တမီ- သုတ်ဖြင့် နိမိတ်အနက်၌ သတ္တမီဗဟုဝုစ် သု- ဝိဘတ်သက်ထားသည်။
(ဃ) သမ္ပဒါနေ စ- သုတ်ဖြင့် သမ္ပဒါန်အနက်၌ သတ္တမီဧကဝုစ် သ္မိံ- ဝိဘတ်သက်ထား သည်။
(င) မဏ္ဍိတုဿုက္ကေသု တတိယာ စ- သုတ်ဖြင့် ဥဿုက္ကအနက်၌ တတိယာဧကဝုစ် နာ- ဝိဘတ်သက်ထားသည်။

| | | |
|---|---|---|
| ၅။ တတိယာ- | တယာ, တွယာ, တေ၊ | တုမှေဟိ, တုမှေဘိ, ဝေါ။ |
| သတ္တမီ- | တယိ, တွယိ၊ | တုမှေသု။ |

ဗဟုဝုစ်ဝိဘတ်ဖြင့် ဆိုရခြင်းအကြောင်း-

http://www.dhammadownload.com


ဒွိ- သဒ္ဒါနောင် ဗဟုဝုစ်သာ သက်ရသည်ဟု သိစေလိုသောကြောင့် ဒွိန္နံ- ဟု ဗဟုဝုစ်ဖြင့် ဆိုရသည်။

၆။ (ပုဒ်စစ်ထင်ရှားပြီ)

၂။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကယားပြည်နယ်)
ပထမငယ်တန်း။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ
၁၃၇၀-ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၉) ရက်၊ (၃-၄-၂၀၀၉) သောကြာနေ့

၁။ အောက်ပါတို့ကို သုတ်, ဝုတ္တိ, ဥဒါဟရဏ် ကုန်စင်အောင် ပါဠိရေးပြပါ။

(က) အာချာတ်ကျမ်းလာ ကရ- ဓာတ်၏ အစိတ် အ- အက္ခရာကို ဥ- ပြုသောသုတ်၊

(ခ) ကိတ်ကျမ်းလာ တု- ပစ္စည်းကြောင့် ကရ- ဓာတ်၏ အစိတ် ရ- အက္ခရာကို တ- ပြုသောသုတ်။

၂။ အောက်ပါတို့ကို အနက်ပေးပြပါ။

(က) ရာဇိနိ သီလံ တိဋ္ဌတိ၊

(ခ) န တေ မုစ္စန္တိ မစ္စုနာ၊

(ဂ) ရညာ ဟတော ပေါသော၊

(ဃ) သာမာ နာရိန့် ဒဿနီယတမာ၊

(င) ကုဋ္ဌရော ဒန္တေသု ဟညတေ။

၃။ "တတြာယမာဒိ" ဟူသော ပြယုဂ်ပုံစံကို ဆိုရိုးကျ ရုပ်တွက်ပြပါ။

၄။ "ရာဇ" သဒ္ဒါနောင် နာ- ဝိဘတ်နှောင်းသည်ရှိသော် ဖြစ်နိုင်သော ပဒမာလာအစဉ်ကို သုတ်ထောက်ပြ၍ ဖြေဆိုပါ။

၅။ သဗ္ဗောစန္တိ- သုတ်ဖြင့် အလုံးစုံသော တိ- ကို စ- ပြုဟုဆိုရာ၌ အဘယ်သဒ္ဒါတို့၏ တိ- ကို စ- ပြုရပါသနည်း? ဖြေဆိုပြီးလျှင်၊ ပဋ္ဌာဒီနမတ္တံ သုတ်နှင့် ပဋ္ဌာဒီနမကာရော သုတ် တို့ဖြင့် အ- ကို အ- ထပ်ပြုရခြင်းအကျိုးတို့ကိုလည်း ရေးသားပြပါ။

၆။ (က) အာဒေသသန္ဓိ ၃- ပါး၊ (ခ) နေမိတ္တိကနာမ်၊ (ဂ) ပုဗ္ဗဝိမိသုတ် မည်ပုံကို ပုံစံနှင့် တကွ ပုဒ်စစ်, သုတ်စစ်ကျမ်းလာသည့်အတိုင်း ရေးသားပြပါ။

http://www.dhammadownload.com

## ၂။ ကယားပြည်နယ် (အဖြေ)

### ပထမယေ်တန်း ။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ

၁။ (က) ကရဿာ ကာရော စ၊

(ခ) ကရဿ စ တတ္တံ တုသ္မိ– သုတ်ဆိုင်ရာတို့ကိုရေးလေ။

၂။ (က) ရာဇိနိ– မင်း၌၊ သီလံ– သီလသည်၊ တိဋ္ဌတိ– တည်၏။

(ခ) တေ– ထိုသူတို့သည်၊ မစ္စုနော– သေခြင်းမှ၊ န မုစ္စန္တိ– မလွတ်ကုန်။

(ဂ) ရညာ– မင်းသည်၊ ပေါသော– ခိုးသူယောက်ျားကို၊ ဟတော– သတ်အပ်၏။

(ဃ) နာရီနံ– မိန်းမတို့တွင်၊ သာမာ– ရွှေအဆင်းရှိသောမိန်းမသည်၊ ဒဿနီယ တမာ– အထူးသဖြင့် ရှုခြင်းစဖွယ် တင့်တယ်၏။

(င) ကုဉ္ဇရော– ဆင်ကို၊ ဒန္တေသု– အစွယ်တို့ကြောင့်၊ ဟညတေ– သတ်အပ်၏။

၃။ တဗြာယမာဒိ– ကို တဗြ+ အယံ+ အာဒိ– ဟု ပုဒ်ဖြတ်၍တည်၊ ပုဗ္ဗမဓောဋ္ဌိတမဿရံ သရေန ဝိယောဇယေ– သုတ်ဖြင့် အ– သရမှ ဗြ– ဗျည်းကိုခွဲ၊ ဗြ– အစိတ် အ– ကွဲခြင်း စေ၊ ခွဲအပ်ပြီးသော သရကင်းသော ဗြ– ဗျည်းကို ရှေးဦးစွာသော အောက်၌ အစဉ် မပျက်ထား၊ သရာ သရေ လောပံ– သုတ်ဖြင့် ရှေ့အ– သရကိုချေ၊ ဒီဃံ– သုတ်ဖြင့် ရှေ့ သရကျေပြီးသော် နောက် အ– သရကို အာ– ဒီဃပြု၊ နယေ ပရံ ယုတ္တေ– သုတ်ဖြင့် သရကင်းသော ဗြ– ဗျည်းကို နောက် အာ– သို့ကပ်၊ မဒါ သရေ– သုတ်ဖြင့် နောက် အ– သရကြောင့် ရှေ့ယ– အထက်၌ရှိသော နိဂ္ဂဟိတ်ကို မ်– ပြု၊ နယေ ပရံ ယုတ္တေ– သုတ်ဖြင့် သရကင်းသော မ်– ဗျည်းကို နောက် အာ– သို့ကပ်၊ တဗြာယမာဒိ– ကား ပြီး၏။

၄။ ရညာ– နာမ်ိ ရညာ ဝါ၊
ရာဇေန– အတောနေန၊
ရာဇိနာ– တေသုဝုဒ္ဓိ– စသောသုတ်ကြီး။

၅။ အတိ, ပတိ, ဣတိ– စသည်တို့၏ တိ– ကိုသာ စ– ပြုရမည်။
အ– ထပ်ပြုရခြင်းအကျိုး–
ပဥ္စာဒီနမတ္တံ– သုတ်သည် သုဟိသွကာရော ဧ, သုနံဟိသု စ– သုတ်တို့၏ ဧ– အပြု,

http://www.dhammadownload.com


အာ– ဒီဃအပြုကို တားမြစ်ခြင်း အကျိုးငှါ အ– ကို အ– ထပ်ပြုသည်။
ပဋ္ဌာဒီနမကာရော– သုတ်သည် သမ္ဘဝယောနီန မာဒ– သုတ်၏ အာ, ဧ– အပြုကို တားမြစ်ခြင်းအကျိုးငှါ အ– ကို အ– ထပ်ပြုသည်။

၆။ (ပုဒ်စစ်ထင်ရှားပြီ)

၃။ ပထမပြန်စာမေးပွဲ ကျောင်းပရေးဗဟိုအဖွဲ့ခွဲ (ကရင်ပြည်နယ်)
ပထမငယ်တန်း ။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ
၁၃၇၀-ပြည့်နှစ်၊ တန်ခူးလဆန်း (၉) ရက်၊ (၃-၄-၂၀၀၉) သောကြာနေ့

၁။ အောက်ဖော်ပြပါသုတ်တို့ကို သုတ်, ဝုတ္တိ, ဉဒါဟရဏ် ကုန်စင်အောင် ပါဠိရေးသားခဲ့ပါ။
(က) ကတ္တားအနက်၌ တတိယာဝိဘတ်သက်သောသုတ်၊
(ခ) ပဉ္စမီအနက်၌ သတ္တမီဝိဘတ်သက်သောသုတ်။

၂။ အောက်ပါ ဉဒါဟရဏ်တို့ကို မှန်ကန်စွာ အနက်ပေးပြပါ။
(က) ကွ ဂတောသိ တွံ ဒေဝါနံပိယတိဿ၊
(ခ) ယတ္ထာဓိကရဏမေနံ စက္ခုန္ဒြိယံ အသံဝုတံ ဝိဟရန္တံ အဘိဇ္ဈာဒေါမနဿာ ပါပကာ အကုသလာဓမ္မာ အန္ဝာဿဝေယျုံ။
(ဂ) မယာ ဣဒ္ဓတေ ဗုဒ္ဓေါ။

၃။ အောက်ပါတို့တွင် (က) ကို ပုဒ်ဖြတ်၊ (ခ) ကို ပုဒ်စပ်၊ (ဂ) ကို ဓာတ်, ပစ္စည်း, ဝိဘတ်၊ (ဃ) ကို ဓာတ်, ပစ္စည်း၊ (င) ကို နာမ်ရုပ်ကျဉ်း တွက်ပြခဲ့ပါ။
(က) ဘဇ္ဇော၊ (ခ) မနော+ အည၊ (ဂ) ဝုစ္စတိ၊ (ဃ) စေတနာ၊ (င) ပဒသော။

၄။ ပုလ္လိင်, အကာရန္တ ဂစ္ဆန္တ– သဒ္ဒါကို ပဉ္စမီ, သတ္တမီဝိဘတ်တို့ဖြင့် နာမပဒမာလာစဉ်ပြီးလျှင်၊ အာချာတ်ဝိဘတ်များကိုလည်း သမ္ဗဓာတ်ဝိဘတ်, အသမ္ဗဓာတ်ဝိဘတ်အားဖြင့် ခွဲခြားပြခဲ့ပါ။

၅။ အံ့တ္တတိ နိဂ္ဂဟိတံ– သုတ်၌ ဗိန္ဒုပြောက်သက်သော နိဂ္ဂဟိတ်မည်ပါလျက် အဘယ်ကြောင့် အ– အက္ခရာထည့်၍ ဆိုရပါသနည်း? ဖြေဆိုပြီးလျှင်၊ အကမ္ပန္တဿ စ– သုတ်၌ "အန္တသဒ္ဒါ" ထည့်ဆိုရခြင်း အကျိုးကိုလည်း ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com


၆။ ကာလခြားရာ, ဝဏ္ဏခြားရာ ဤနှစ်ပါးတို့၌ သန္ဓိမဖြစ်ပုံကို ပုံစံနှင့်တကွ ရှင်းပြ၍ မနောဂိုဏ်းလက္ခဏာ ၃-ပါးကိုလည်း ပုဒ်စစ်ကျမ်းလာအတိုင်း ဖြေဆိုပါ။

၃။ ကရင်ပြည်နယ် (အဖြေ)

ပထမငယ်တန်း ။ ။ ကစ္စည်းသန္ဓိကြီးဘာသာ

၁။ (က) ကတ္တရိ စ၊
(ခ) ပဥ္စမျတ္တေ စ-သုတ်ဆိုင်ရာတို့ကို ရေးလေ။

၂။ (က) ဒေဝါနံပိယတိဿ-ဒေဝါနံပိယတိဿမင်း။ တွံ-သင်သည်၊ ကွ-အဘယ်အရပ်သို့၊ ဝါ-၌၊ ဂတော-သွားသည်၊ အသိ-ဖြစ်သနည်း။
(ခ) ယတ္ထာဓိကရဏံ-အကြင် မစောင့်စည်းအပ်သော စက္ခုန္ဒြေကြောင့်၊ စက္ခုန္ဒြိယံ-စက္ခုန္ဒြေကို၊ အသံဝုတံ-မစောင့်စည်းဘဲ၊ ဝိဟရန္တံ-နေသော၊ နံ-ထိုရဟန်းကို၊ အဘိဇ္ဈာဒေါမနဿာ-အဘိဇ္ဈာ, ဒေါမနဿဟုဆိုအပ်ကုန်သော၊ ပါပကာ-ယုတ်မာကုန်သော၊ အကုသလာ-အကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာ-တရားတို့သည်၊ အန္ဝာဿဝေယျုံ-အဖန်ဖန် နှိပ်စက်ကုန်ရာ၏။
(ဂ) မယာ-ငါသည်၊ ဗုဒ္ဓေါ-ဘုရားကို၊ ပူဇိတော-ပူဇော်အပ်၏။

၃။ (က) ဘဂ္ဂေါ။
(ခ) မနည်း။
(ဂ) ဝစ-ဓာတ်၊ ယ-ပစ္စည်း။ တေ-ဝိဘတ်။
(ဃ) စိတိ-ဓာတ်၊ ယု-ပစ္စည်း။
(င) ပဒ-တည်၊ နာ-ဝိဘတ်သက်၊ သော ဝါ-ဖြင့် နာ-ကို သော-ပြု၊ ပဒသော-ပြီး၏။

၄။ ပဥ္စမီ- ဂစ္ဆန္တသ္မာ, ဂစ္ဆန္တမှာ, ဂစ္ဆန္တာ, ဂစ္ဆတာ၊ ဂစ္ဆန္တေဟိ, ဂစ္ဆန္တေဘိ။
သတ္တမီ- ဂစ္ဆန္တသ္မိံ, ဂစ္ဆန္တမှိ, ဂစ္ဆန္တေ, ဂစ္ဆတိ၊ ဂစ္ဆန္တေသု။
သဗ္ဗဓာတ်ဝိဘတ်- ဝတ္တမာန်, ပဥ္စမီ, သတ္တမီ, ဟိယျတ္တနီ။
အသဗ္ဗဓာတ်ဝိဘတ်- ပရောက္ခာ, အဇ္ဇတ္တနီ, ဘဝိဿန္တိ, ကာလာတိပတ္တိ။
*ဆောင်- ဝတ်ပဉ်, သတ္တာ၊ ဟိယျတ္တာ၊ လေးဝ သဗ္ဗဓာတ်။*
*ပ,အဇ်,ဘ,ကာ၊ ဤလေးဖြာ၊ မှတ်ပါ အသဗ္ဗဓာတ်။ (သဒ္ဒါလင်္ကာဆောင်)*

http://www.dhammadownload.com


၅။ အ–အတွရာထည့်၍ ဆိုရကြောင်း–
အ–၏ အခြားမဲ့၌ ဆိုအပ်သော ဓိန္နပြောက်ကို ညွှန်ပြစေလိုသောကြောင့် အ–အတ္တရာကို ထည့်၍ ဆိုပါသည်။
အန္တသဒ္ဒါထည့် ဆိုရကျိုး–
အန္တသဒ္ဒါသည် ထာမုန္တာ, အဒ္ဓုန္တာ–တို့၌ န္တာ–ကြောင့် ထာမ, အဒ္ဓ–တို့၏ အဆုံး အ–ကို အချို့ဥ–ပြုရခြင်း အကျိုးရှိသည်။

၆။ (ပုဒ်စစ်ထင်ရှားပြီ)

၄။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ချင်းပြည်နယ်)
ပထမငယ်တန်း ။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ
၁၃၇၀–ခုနှစ်၊ တန်ခူးလဆန်း (၉) ရက်၊ (၃–၄–၂၀၀၉) သောကြာနေ့

၁။ နာမ်ကျမ်းလာ ကာရိယ ၅–မျိုးစီရင်သောသုတ်နှင့် "ပစ္စည်းနောင် ပစ္စည်းသက်သော" သုတ်တို့ကို သုတ်, ဝုတ္တိ, ဥဒါဟရဏ် ကုန်စင်အောင် ပါဠိသက်သက်ရေးခဲ့ပါ။

၂။ အောက်ပါပါဠိများကို အနက်မှန်အောင် ပေးပြပါ။
(က) အာဖြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ၊ ဥပရိ ပဗ္ဗတာ ဒေဝေါ ဝဿတိ။
(ခ) ဒီဃသော နဝဝိဒတ္တိယော သုဂတဝိဒတ္တိယာ ပမာဏိကာ ကာရေတဗ္ဗာ။
(ဂ) ဇဝံ ယဿ ကမ္ဗုနော ပုဗ္ဗဿ ယော ကတ္တာ သော သမ္ပဒါနသညော ဟောတိ။

၃။ အဘယ့်ကြောင့် "အညေ ဒီဃာ" ဟု သုတ်တည်ရပါသနည်း? ဖြေဆို၍၊ နစ်မတြော သရတိုင်း ဒီဃသံဖြင့် ရွတ်ဆိုနိုင်ပါသလော ပုံစံနှင့်တကွ ရှင်းပြပါ။

၄။ တုမှ, အမှ–သဒ္ဒါတို့ကို မည်သည့်ဝိဘတ်တို့ကြောင့် ဝေါ,နော ပြုနိုင်သည်ကို သုတ်ထောက်နှင့်တကွ ဖော်ပြ၍၊ ပိတာဒီနမသိမှိ–သုတ်၌ အသိမှိသဒ္ဒါ ဆိုရကျိုးကိုလည်း ပုံစံထုတ်ရှင်းပြခဲ့ပါ။

၅။ သရာ သရေ လောပံ–သုတ်၌ အဘယ့်ကြောင့် "သရေ"ဟု နိမိတ္တသဒ္ဒါဖြင့် တည်ရပါသနည်း? ဖြေဆို၍ နယေ ပရံ ယုတ္တေ–သုတ်၌ "ယုတ္တ"သဒ္ဒါ ထည့်ဆိုရခြင်းအကြောင်းကိုလည်း ရူပသိဒ္ဓိဆရာအလိုကျ ရှင်းပြပါ။

http://www.dhammadownload.com

၆။ အောက်ပါတို့၏ အဓိပ္ပါယ်ကို ပုဒ်စစ် သုတ်စစ်ကျမ်းလာအတိုင်း ရေးသားခဲ့ပါ။
(က) အနိဒ္ဒေသ ဒီဃသန္ဓိ၊ (ခ) အကိုသ ဥပသာရ၊ (ဂ) အနျင် ပရိဘာသာသုတ်။

## ၄။ ချင်းပြည်နယ် (အဖြေ)

### ပထမယော်တန်း ။ ။ ကစ္စည်းသန္ဓိကြီးဘာသာ

၁။ သခဝော ဂသော ဝါ။

ဏာဝ ဏိက ဏေယျ ဏျှဟိ – သုတ်ဆိုင်ရာတို့ကို ရေးလေ။

၂။ (က) အာဖြဟ္မလောကာ – ဗြဟ္မာ့ပြည်တိုင်အောင်၊ သဒ္ဒေါ – ကျော်စောသံသည်၊ အဗ္ဘုဂ္ဂစ္ဆတိ – ပျံ့နှံ့၍တက်၏၊ ပဗ္ဗတာ – တောင်ကို၊ ပရိ – ကြဉ်၍၊ ဒေါဝေါ – မိုးသည်၊ ဝဿတိ – ရွာ၏။

(ခ) ဒီဃသော – အလျားအားဖြင့်၊ သုဂတဝိဒတ္ထိယာ – ဘုရားအထွာတော်ဖြင့်၊ နဝဝိဒတ္ထိယော – ၉ – ထွာတို့ကို၊ မဇ္ဈိမဿ – အလယ်အလတ်ဖြစ်သော၊ ပုရိသဿ – ယောကျ်ား၏၊ အမုတေလသဟတ္ထာ – အခွဲနှင့်တကွ ၁၃ – တောင်၊ ဝါ – ၁၂ – တောင်ထွာတို့ကို၊ ပမာဏိကာ – ပမာဏနှင့် ယှဉ်သည်တို့ကို၊ ကာရေတဗ္ဗာ – ပြုစေထိုက်ကုန်၏။

(ဂ) ဇဝံ – ဤသို့လျှင်၊ ပုဗ္ဗဿ – ရှေးဖြစ်သော၊ ယဿ ကမ္မုနော – အကြင်ကံ၏၊ ယော ကတ္တာ – အကြင်ကတ္တားသည်၊ အတ္ထိ – ရှိ၏၊ သော – ထိုကတ္တားသည်၊ သမ္ပဒါနသညော – သမ္ပဒါန်အမည်ရှိသည်၊ ဟောတိ – ဖြစ်၏။

၃။ နှစ်မတြာခွဲရှိသော ကာ, ကီ, ကူ – စသည်တို့ကိုလည်း သိမ်းယူစေလိုသောကြောင့် ။ အညေ ဒီဃာ – ဟု သုတ်တည်ရပါသည်။

**နှစ်မတြာသရနှင့် ဒီဃသံ –**

ဇတ္ထ သေယျော ဩဒ္ဒော သောတ္ထိ – တို့၌ သံယုဂ်မှ ရှေ့ဖြစ်ကုန်သော ဧ, ဩ – သရတို့ကို ရဿကဲ့သို့ ရွတ်ဆိုရမည်။

၄။ ပထမာ ယော – ဗဟုဝစနေသု ဝေါ နော – ၌ ဗဟုဝစနသဒ္ဒါ။
ဒုတိယာ ယော – ပဒတော ဒုတိယာ စတုတ္ထီ ဆဋ္ဌီသု ဝေါ နော။
တတိယာ ဟိ – ဗဟုဝစနေသုံ ဝေါ နော။

http://www.dhammadownload.com


စတုတ္ထီ, ဆဋ္ဌီ နံ- ပဒတော ဒုတိယာ စတုတ္ထီ ဆဋ္ဌီသု ဝေါ နော။

*ဆောင်- ယော, နံ, တ-ဟိ၊ ရှေ့ရှိ တုမှ၊ အမှ တစ်ဖြာ၊ ပုဒ်နောင်လာ၊ ဝိ-ပါ ဝေါ, နော၊ပြု။*

**အသိမှိ သဒ္ဒါဆိုရကျိုး-**

အသိမှိ သဒ္ဒါသည် မာတိတော၊ ပိတိတော-စသည်တို့၌ တော-ပစ္စည်းကြောင့် မာတု, ပိတု-စသောသဒ္ဒါတို့၏ အဆုံး ဥ-ကို ဣ-ပြုရခြင်း အကျိုးရှိသည်။

၅။ ဝဏ္ဏခြားရာ, ကာလခြားရာတို့၌ သန္ဓိမဖြစ်ဟု သိစေလိုသောကြောင့် သရေ-ဟု နိမိတ္တ သဒ္ဒါဖြင့် တည်ရပါသည်။

**ယုတ္တသဒ္ဒါ ထည့်ဆိုရခြင်း အကြောင်း-**

အဂ္ဂေါစ္ဆိမံ, အဝစိမံ-စသည်တို့၌ နိဂ္ဂဟိတ်ကို နောက်သရသို့ ဆောင်ကပ်ခြင်းကို တားမြစ်စေလိုသောကြောင့် ယုတ္တသဒ္ဒါကို ထည့်ဆိုသည်။

၆။ (ပုဒ်စစ်ထင်ရှားပြီ)

၅။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (စစ်ကိုင်းတိုင်း)

ပထမငယ်တန်း ။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ

၁၃၇၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် (၁၄) ရက်၊ (၂၄-၃-၂၀၀၉) အင်္ဂါနေ့

၁။ တယော နေဝ စ သဗ္ဗနာမေဟိသုတ်ဖြင့်-တားမြစ်ခံရသော သုတ်တို့ကို သုတ်၊ ဝုတ္တိ-မျှသာ ပါဠိရေးသားခဲ့ပါ။

၂။ အောက်ဖော်ပြပါ ပါဠိများကို ကျနစွာ အနက်ပေးပြခဲ့ပါ။

(က) သန္တေဟိ ပူဇိတော ဘဂဝါ၊

(ခ) ဒဒါဟိ မေ ဂါမဝရံ၊

(ဂ) အပိဿု မံ အဂ္ဂိဝေဿန တိဿော ဥပမာ ပဋိဘံသု။

(ဃ) ယော ကောစိ ကရောတိ၊ တံ အညော "ကရောဟိ ကရောဟိ" ဣစ္စေဝံ ဗြဝီတိ။

၃။ စိရပ္ပဝါသိံ-ကို သန္ဓိရှစ်ကျင်း ၃-နည်းတွက်ပြ၍ အောက်ပါ (က)ကို ပုဒ်ဖြတ်ပြ၍ (ခ)ကို ဓာတု+ပစ္စယ ဝေဘန်ပြပါ။

(က) သခတော ဂဿေ ဝါ

(ခ) ဝါလဓိ။

http://www.dhammadownload.com


၄။ အာချာတ်ကျစ်းလာ နာမဓာတ်နောင် သက်နိုင်သော ပစ္စည်းများကို သုတ်နှင့်တကွ တွဲစပ်ဖော်ပြ၍ ဖနာဒီနမာ တိမှိ စ–သုတ်၌ တိမှိ–သဒ္ဒါထည့်ဆိုရခြင်းအကြောင်းကို လည်း ရေးသားခဲ့ပါ။

၅။ ယဝမဒနတရလာ စာဂမာ–သုတ်ဖြင့် တ–အက္ခရာလာနိုင်ရာ ဌာနတို့ကို ရုပသိဒ္ဓိနှင့် အညီ ညွှန်ပြ၍ ပဉ္စာဒီန မတ္တံ–သုတ်ဖြင့် အ–ကို အ–ထပ်ပြုရခြင်း အကြောင်းကိုလည်း ရေးသားခဲ့ပါ။

၆။ လိင်္ဂကနာမ် နေမိတ္တိကနာမ် နှစ်ပါးတို့၏အထူးကို ပုဒ်စစ်ကျမ်းလာအတိုင်း နည်းစုံအောင် ရေးသားခဲ့ပါ။

## ၅။ စစ်ကိုင်းတိုင်း (အဖြေ)

## ပထမငယ်တန်း ။ ။ ကစ္စည်းသန္ဓိကြီးဘာသာ

၁။ သွာဿိန့် ဝါ အာယ စတုတ္ထေကဝစနဿ တု–သုတ်ဆိုင်ရာတို့ကို ရေးလေ။

၂။ (က) သန္တေဟိ–သူတော်ကောင်းတို့သည်၊ ဘဂဝါ–မြတ်စွာဘုရားကို၊ ပူဇိတော–ပူဇော် အပ်ပြီ။

(ခ) မေ–အကျွန်ုပ်အား၊ ဂါမဝရံ–ရွာသားဆုကို၊ ဒဒါဟိ–ပေးသနားတော်မူပါ။

(ဂ) အင်္ဂဝေဿန–အင်္ဂဝေဿနှ၊ အပိဿု–စင်စစ်၊ တိဿော ဥပမာ–ဥပမာ ၃–မျိုး တို့သည်၊ မံ–ငါ၏၊ ပဋိဘံသု–ရှေးရှုဉာဏ်တွင် ထင်လာကုန်ပြီ၊ ဝါ–ဉာဏ်၏ အာရုံ ဖြစ်လာကုန်ပြီ။

(ဃ) ယော ကောစိ–အမှတ်မရှိ တစ်စုံတစ်ယောက်သည်၊ ကရောတိ–ပြုစွမ်းနိုင်၏၊ တံ–ထိုပြုစွမ်းနိုင်သူကို၊ အညော–အခြားသူတစ်ယောက်သည်၊ ကရောဟိ ကရောဟိ–ပြုလော ပြုလော၊ ဣစ္စေဝံ–ဤသို့၊ ဗြုဝီတိ–ပြောဆို၏။

၃။ စိရံ+ ပဝါသိ–တည်၊ ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ–ဖြင့် နိဂ္ဂဟိတ်ကို မ–ပြု၊ ယဝမဒန–စသောသုတ်၌ စသဒ္ဒါဖြင့် မ–ကို ပ–ပြု၊ စိရပ္ပဝါသိ–ပြီး၏။

(တစ်နည်း) စိရံ+ ပဝါသိ–တည်၊ ဗျဥ္ဇနေ စ–သုတ်ဖြင့် နိဂ္ဂဟိတ်ကိုချေ၊ ပရဒွေဘာဝေါ ဌာနေ–သုတ်ဖြင့် ပ–၏ သဒိသဒွေဘော် ပ–လာ၊ စိရပ္ပဝါသိ–ပြီး၏။

http://www.dhammadownload.com


(တစ်နည်း) စိရံ+ ပဝါသိ–တည်၊ ဗျဥ္ဇနေ စ–သုတ်၌ စသဒ္ဒါဖြင့် နိဂ္ဂဟိတ်ကို ပ–ပြု၊ စိရပ္ပဝါသိ–ပြီး၏။

(က) သခတော+ ဂဿ+ ဧ+ ဝါ။

ဧ–အ+ အာ+ ဣ+ ဤ+ ဧ။

(ခ) ဝါလသဒ္ဒူပပဒ ဓာ–ဓာတ်၊ ဣ–ပစ္စည်း။

၄။ အာယ– အာယ နာမတော ကတ္တုပမာနာဒါစရေ။

ဤယ– ဤယူပမာနာ စ၊ နာမမှာ တိစ္စတွေ။

အလ– ဓာတူဟိ ဏေ ဏာယ ဏာပေ ဏာပယာ ကာရိတာနိ ဟေတွတ္တေ–၌ အတ္ထ သဒ္ဒါ။

ဏာယ– ဓာတုရူပေ နာမသ္မာ ဏာယော စ။

အာရ, အလ– ဓာတုရူပေ နာမသ္မာ ဏာယော စ–၌ စသဒ္ဒါ။

**တိမိ သဒ္ဒါထည့်ဆိုရကြောင်း–**

တိ–မှ အခြားပစ္စည်းနောင်းရာ ဇနိတွာ, ဇနိတာ, ဇနိတုံ, ဇနိတဗ္ဗံ–စသည်တို့၌ အာ–အပြုကို နှစ်စေလိုသောကြောင့် တိမိ သဒ္ဒါထည့်ဆိုရသည်။

၅။ တ–အကွရာသည် ဣဟ–အစရှိသည့်ကြောင့် ယသ္မာ, တသ္မာ, အဒ္ဓ–စသည်နောင်လာရသည်။

**အ–ကို အ–ထပ်ပြုရကြောင်း–** (ကယား နံပါတ် ၅–၅)

၆။ (ပုဒ်စစ်ထင်ရှားပြီ)

၆။ ပထမပြန်စာမေးပွဲ ကျင်းပရေးဇုဟိုအဖွဲ့ခွဲ (တနင်္သာရီတိုင်း)

ပထမငယ်တန်း ။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ

၁၃၇၀–ပြည့်နှစ်၊ တန်ခူးလဆန်း (၉) ရက်၊ (၃–၄–၂၀၀၉) သောကြာနေ့

၁။ အောက်ပါသုတ်တို့၏ သုတ်, ဝုတ္တိ, ဥဒါဟရဏ်တို့ကို ကုန်စင်အောင် ပါဠိသက်သက် ရေးပြပါ။

(က) ဖြဟွ အတ္တ သခ ရာဇသဒ္ဒါတို့မှ နောက်ဖြစ်သော သိ–ဝိဘတ်ကို အာ–ပြုသော သုတ်၊

http://www.dhammadownload.com


(ခ) ခ–ပစ္စည်းကြောင့် ဓာတ်၏အစိတ်ဖျည်းကို က–ပြုသောသုတ်။

၂။ အောက်ပါပြယုဂ်တို့ကို သဒ္ဒါစည်းကမ်းနည်းလမ်းကျစွာ အနက်ပေးပြပါ။

(က) သာဟု ဒဿန မရိယာနံ၊

(ခ) မာ နော အဇ္ဇ ဝိကန္တိသု၊

(ဂ) ရိတော သဒ္ဒမ္ဗာ ကုတော သုခံ လဘာတိ၊

(ဃ) အလံ တေ ရူပံ ကာရကီယံ၊

(င) သံဃေ တေ ဒိန္နေ အဟာဗ္ဗေဝ ပူဇိတော ဘဝိဿာမိ။

၃။ (က) ပစေဿတိ၊ ဝိဇ္ဈတ္တံ–တို့ကို ပုဒ်ဖြတ်၍၊ (ခ) ဝုဏာဝတံ–ကို နာမ်ရုပ်အကျဉ်းတွက်ပြပြီးလျှင်၊ (ဂ) ဃေပ္ပတိ–ကိုလည်း ဓာတ်+ ပစ္စည်း ဝေဖန်ပြပါ။

၄။ သွာဟိသွိန်း မှာဘိမှိဝါ–သုတ်ဖြင့် မှာ, မှိ မပြုကောင်းသော သဒ္ဒါတို့ကို သုတ်အထောက်အထားဖြင့်ဖြေဆို၍၊ သန္ဓိ ဒွေဘော်နှင့် အာချာတ်ဒွေဘော်တို့၏ အထူးကိုလည်း ဖြေဆိုပြခဲ့ပါ။

၅။ ဗျဥ္ဇနောစ ဝိသညောဂေါ–သုတ်၌ သညောဂ၊ ဝိသညောဂအရတို့ကို ဖြေဆို၍၊ သရလောပေါ မာဒေသပစ္စယာဒိမှိ သရလော်ပေတု ပကတိ–သုတ်၌ သရလောပေါဟုဆိုလျှင် ပြီးပါလျက် အဘာယ်အကျိုးငှါ သရလောပေဟု ထပ်ဆိုရပါသနည်း? ရှုပသိဒ္ဓိအလိုကျ ဖြေဆိုပြပါ။

၆။ သင်ဖြေဆိုနေသောအတန်း၌ ပုဒ်စစ်သုတ်စစ်များ ပြဋ္ဌာန်းထားရာ ယင်းပုဒ်စစ်မှ ပုဒ်, သုတ်စစ်မှ သုတ်တို့၏ အဓိပ္ပါယ်များကို ဝစနတ္ထများနှင့်တကွ ဖြေဆိုခဲ့ပါ။

## ၆။ တနင်္သာရီတိုင်း (အဖြေ)

### ပထမငယ်တန်း ။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ

၁။ (က) သျာ စ၊

(ခ) ကောခေ စ–သုတ်ဆိုင်ရာတို့ကို ရေးလေ။

၂။ (က) အရိယာနံ– အရိယာတို့ကို၊ ဒဿနံ– တွေ့မြင်ရခြင်းသည်၊ သာဟု– သာဓုကောင်း၏။

http://www.dhammadownload.com


(ခ) အဖွ–ယနေ့၊ နော–ငါတို့ကို၊ မာ ဝိကန္တိသု–မလှီးမခုတ်ပါစေကုန်လင့်။

(ဂ) သဒ္ဓမ္မာ–သူတော်ကောင်းတရားမှ၊ ရိတော–ကင်း၍၊ ကုတော–အဘယ်မှ၊ သုခံ–ချမ်းသာကို၊ လဘတိ–ရနိုင်အံ့နည်း။

(ဃ) တေ–သင့်အား။ ကရဏီယံ–ပြုအပ်ပြုထိုက်သော၊ ရူပံ–ရူပါရုံသည်၊ အလံ–အကျိုးမရှိ။

(င) (ကချင် ၂၊ ဂ–တွင်ရှု)

၃။ (က) ပစေသတိ–ဝိစေသတိ။

ဝိဇ္ဈတွံ– ဝိ+ အဓိ+ အတွံ။

(ခ) ဂဏာဝဋ္ဌ–တည်၊ နံ–သက်၊ နံမှိ တံ ဝါ–ဖြင့် ဝိဘတ်နှင့်တကွ ဋ္ဌ–ကို တံ–ပြု၊ ဂဏာဝတံ–ပြီး၏။

(ဂ) ဂဟာ–ဓာတ်၊ ပွ–ပစ္စည်း။

၄။ န တိမေဟိ ကတာကာရေဟိ–သုတ်ကိုထောက်၍ တ, တ္တမ–တို့ကို အ–ပြုထားသော သဒ္ဒါများ။

**ဒွေဘော်အထူး–**

သန္ဓိဒွေဘော်သည် ဗျည်းသက်သက်လာသည်။

အာချာတ်ဒွေဘော်သည် သရ, ဗျည်း ၂–မျိုးလုံးလာသည်။

၅။ သညောဂ– ရှေ့ဝဏ္ဏ၊

ဝိသညောဂ– နောက်ဝဏ္ဏ။

**သရလောပေ–ဟု ထပ်ဆိုရခြင်း–**

သရလောပေ–ဟု ထပ်ဆိုခြင်းသည် ဤသုတ်ဖြင့် ကျေရာ၌သာ နောက်သရကို ပကတိပြုရခြင်း အကျိုးရှိသည်။

၆။ (ပုဒ်စစ်ထင်ရှားပြီ)

၇။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ပဲခူးတိုင်း/အနောက်ပိုင်း)
ပထမငယ်တန်း။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ
၁၃၇၀–ပြည့်နှစ်၊ တပေါင်းလဆုတ် (၁၄) ရက်၊ (၂၄–၃–၂၀၀၉) အင်္ဂါနေ့

http://www.dhammadownload.com



၁။ သန္ဓိကျမ်းလာ ဩကာရာဂမဝိဓိသုတ်နှင့် နာမ်ကျမ်းလာ အာရ-ပြုသောသုတ်တို့တွင် အဆုံးသုတ်ကိုသာ သုတ်, ဝုတ္တိ, ဥဒါဟရဏ် စုံလင်စွာ ပါဠိရေးခဲ့ပါ။

၂။ အောက်ပါတို့တွင် (က)(ခ) တို့ကို ဝိဘတ်အနက်မှန်စေလျက် အနက်ပေးပြီး (ဂ)(ဃ) (င) တို့၌ သုတ်ကိုသာ အနက်ပေးပါ။

(က) မာ နော အဇ္ဇ ဝိကန္တိံသု၊

(ခ) သံယေ တေ ဒိန္နေ အပဟဋ္ဌေ ပူဇိတော ဘဝိဿာမိ၊

(ဂ) အာချာတ်ကျမ်းလာ ဘော ကံ အရာဝယ် ဓာ့, ဤ လာသောသုတ်၊

(ဃ) အာချာတ်ကျမ်း၌ မိ, မ-တို့ကို မှိ, မှ ပြုသောသုတ်၊

(င) ကိတ်ကျမ်း၌ ဂမု-ဓာတ်နောင် တ္တက-ပစ္စည်းသက်သောသုတ်။

၃။ ပုဂ္ဂလ်ကို သန္ဓိ, နာမ်ရုပ် ၂-နည်းတွက်ပြပြီး၊ အောက်ပါတို့တွင် (က) ကို ပုဒ်ဖြတ်၊ (ခ) ကို ဓာတ်, ဝိဘတ်၊ (ဂ) ကို ဓာတ်, ပစ္စည်း, သာဓနေ ခွဲပြပါ။

(က) ဗျဂ္ဃ၊ ယထယိဒံ စိတ္တံ၊ (ခ) အာဟ၊ (ဂ) နာယကော။

၄။ ဝိတာဒီန မသိမှိ-သုတ်၌ နိမိတ်မဖြစ်ထိုက်သော ဝိဘတ်တို့ကို သုတ်ထောက်၍ အရ ကောက်ပြပြီး၊ "နော" ဟူသော နာမ်ပုဒ်တစ်ခုဖြစ်လာရန် လိုအပ်သော ဝိဘတ်တို့ကို သုတ်နှင့်တကွ ယှဉ်တွဲဖော်ပြပါ။

၅။ အံဗျဉ္ဇနေ နိဂ္ဂဟိတံ-သုတ်ဖြင့် နိဂ္ဂဟိတ်ကို အံ-ပြုရခြင်းအကျိုးကို ဖော်ပြ၍၊ ခန္တိ ပရမံ တပေါ တိတိက္ခာ-၌ "တပေါ"ကို နာ, သ, သို့ဝိဘတ်တို့ဖြင့် နာမပဒမာလာစဉ်ပြပါ။

၆။ သန္ဓိမဖြစ်ရာဌာနတို့ကို ပုံစံနှင့်တကွ ရှင်းပြ၍၊ နိပါတ်ပုဒ်အပြားကိုလည်း ပုဒ်စစ်ကျမ်း လာအတိုင်း ပုံစံနှင့်တကွ ဖြေဆိုခဲ့ပါ။

## ၇။ ပဲခူးတိုင်း/ အနောက်ပိုင်း (အဖြေ)

## ပထမငယ်တန်း ။ ။ ကစ္စည်းသန္ဓိကြီးဘာသာ

၁။ ကွစိ ဩ ဗျဉ္ဇနေ၊

ဝါ နံ့မှိ-သုတ်ဆိုင်ရာတို့ကို ရေးလေ။

နိဿယ

http://www.dhammadownload.com



၂။ (က) (တနင်္သာရီ ၂၊ ခ–တွင်ရှု)

(ခ) (ကချင် ၂၊ ဂ–တွင်ရှု)

(ဂ) ဣဏ္ဍဝဏ္ဏာဂမော ဝါ–သုတ်ကို သုတ်နက်ရေးလေ။

(ဃ) အသသ္မာ မိမာန် မိုမှာန္တလောပေါ် စ–သုတ်ကို သုတ်နက်ရေးလေ။

(င) ဘမ္ဗေ ဣက–သုတ်ကို သုတ်နက်ရေးလေ။

၃။ ပုဂ္ဂ+ အံ–တည်၊ ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ–ဌ ဝါ–ဖြင့် နိဂ္ဂဟိတ်ကို လ်–ပြု၊ ကပ်၊ ပုဂ္ဂလံ–ပြီး၏။
(တစ်နည်း) ပုဂ္ဂ–တည်၊ အံ–သက်၊ နိဂ္ဂဟိတဉ္စ–ဖြင့် ဂ္ဂ–ထက်၌ နိဂ္ဂဟိတ်လာ၊ ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ–ဌ ဝါ–ဖြင့် နိဂ္ဂဟိတ်ကို လ်–ပြု၊ ကပ်၊ ပုဂ္ဂလံ–ပြီး၏။

(က) ဗျဂ္ဂ–ဝိ+ အဂ္ဂ။ ယထယိဒံ စိတ္တံ– ယထာ+ ဣဒံ စိတ္တံ။

(ခ) ပြု–ဓာတ်၊ ပရောက္ခာ အ–ဝိဘတ်၊ (တစ်နည်း)ဝတ္တမာန် တိ–ဝိဘတ်။

(ဂ) နီ–ဓာတ်၊ ဏျ–ပစ္စည်း။

၄။ အာရော ရဿမိကာရေ–သုတ်ကိုထောက်၍ သွိ–ဝိဘတ်။

**ဝိဘတ်နှင့် သုတ်–**

| | |
|---|---|
| ပထမာ ယော– | ဗဟုဝစနေသု ဝေါ နော–ဌ ဗဟုဝစနသဒ္ဒါ။ |
| ဒုတိယာ ယောနှင့် နံ–နှစ်လုံး– | ပဒတော ဒုတိယာစတုတ္ထီဆဋ္ဌီသု ဝေါ နော။ |
| တတိယာ ဟိ– | ဗဟုဝစနေသု ဝေါ နော။ |

၅။ နိဂ္ဂဟိတ်ကျေခြင်း, ပြုခြင်းကို တားမြစ်ခြင်းအကျိုးငှါ နိဂ္ဂဟိတ်ကို အံ–ပြုရသည်။

**နာမပဒမာလာ–**

နာ– တပေန, တပသာ၊

သ– တပဿ, တပသော၊

သွိ– တပသွိ, တပမှိ, တပေ, တပသိ။

၆။ (ပုဒ်စစ်ထင်ရှားပြီ)

၈။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ပဲခူးတိုင်း အရှေ့ပိုင်း)
ပထမငယ်တန်း။ ။ကစ္စည်းသဒ္ဒါကြီးဘာသာ
၁၃၇၀–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၄) ရက်၊ (၂၄–၃–၂၀၀၉) အင်္ဂါနေ့

http://www.dhammadownload.com


၁။ ဂန္ထမ္ဘောကို ပုဒ်ဖြတ်၍ မနော+ အညံကို ပုဒ်စပ်ပြီး စိရပ္ပဝါသိကို သန္ဓိရုပ်ကျဉ်း ဘောသခ ကို နာမ်ရုပ်ကျဉ်း နစ်မျိုးစီတွက်ပြပါ။

၂။ ဝဋ္ဋန္တံ ဝါ ဝဂ္ဂေ၊ ဖောဠံ၊ သယေ စ၊ ဗျဥ္ဇနေ စ – သုတ်တို့၏ အစီအရင်ကို တားမြစ်သော သုတ်နှင့် နာမ်၌ ယောဝိဘတ်ကို နောပြုသောသုတ်များမှ နောက်ဆုံးသုတ်တို့ကို သုတ်နှင့် ဥဒါဟရဏ် စုံလင်စွာ ပါဠိရေးပါ။

၃။ အောက်ဖော်ပြပါ ဥဒါဟရဏ် ပါဠိများကို အနက်ပေးပါ။

(က) သဒ္ဓိဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ၊

(ခ) အသဒ္ဓမ္မော အာရတိ ပဋိဝိရတိ၊

(ဂ) အပ္ပေါ် သဂ္ဂါယ ဂစ္ဆတိ၊

(ဃ) အဿဝနတာ ဓမ္မဿ ပရိဟာယန္တိ၊

(ဃ) ကာဒလီသု ဂဇေ ရက္ခန္တိ။

၄။ “ယဿိန္ဒြိယာနိ” ပြယုဂ်၌ ရှေ့သရကျေပြီးပါလျှက် “ယဿေန္ဒြိယာနိ” ဟု ရုပ်ပြီး မရှိခြင်း အကြောင်းနှင့်၊ ပုမန္တဿာ သိမှိ– သုတ်၌ အန္တ– သဒ္ဒါထည့်ဆိုရခြင်းအကျိုးတို့ကို ပြယုဂ် နှင့်တကွ ရှင်းပြပါ။

၅။ ဝိဘတ်၏ အဓိပ္ပါယ်ကို ရူပသိဒ္ဓိအလိုကျ ဖြေပြ၍၊ ဝိမံသတိ– ကို ဓာတ်+ ဝိဘတ်၊ ဓမ္မော ကို ဓာတ်+ ပစ္စည်း ဝေဘန်ပြီး၊ ပုလ္လိင် ဂုဏဝန္တု သဒ္ဒါနောင် ပထမာယောဝိဘတ်ဖြင့် ဝိုက်းစဉ်ပြပါ။

၆။ (က) သရဝိကာရ သန္ဓိ၊ (ခ) အ လိင် တို့၏ သဘောကို ပုဒ်စစ်အလိုကျ ဖြေခဲ့ပါ။

၈။ ပဲခူးတိုင်း/ အရှေ့ပိုင်း (အဖြေ)

ပထမငယ်တန်း။ ။ ကစ္စည်းသဒ္ဒါကြီးဘာသာ

၁။ ဂန္ထမ္ဘော။

မနည်း။

သန္ဓိရုပ်– (စစ်ကိုင်း ၃–တွင်ရှု)

နာမ်ရုပ်– ဘော သခ–တည်၊ အာလုပ် သိ–သက်၊ ဂ–မှည့်၊ သခတော ဂဿေ ဝါ–

http://www.dhammadownload.com


ဖြင့် ဂ–သိ–ကို အ–ပြု၊ ခွင်း၊ ချေ၊ ကပ်၊ ဘော သခ–ပြီး၏။
(တစ်နည်း) ဘော သခ–တည်၊ အာလုပ် သိ–သက်၊ ဂ–မှည့်၊ ခ–ခွင်း အ–ကြွင်း။
အကာရ ပိတာဒျန္တာနမာ–ဖြင့် အ–ကို အာ–ပြု၊ အာကာရော ဝါ–ဖြင့် အာ–ကို အ–ရဿပြု၊ ကပ်၊ အာလုပ် သိ–ချေ၊ ဘော သခ–ပြီး၏။

၂။ အံ ဗျဉ္ဇနေ နိဂ္ဂဟိတံ–သုတ်နှင့် ဓယောန် နော–သုတ်ဆိုင်ရာတို့ကို ရေးလေ။

၃။ (က) ဣဓ–ဤလောက၌၊ ပုရိသဿ–ယောကျ်ား၏၊ သေဋ္ဌံ–မြတ်သော၊ ဝိတ္တံ–ဥစ္စာကား၊ သဒ္ဓါ–သဒ္ဓါတရားတည်း။
(ခ) အသဒ္ဓမ္မာ–မသူတော်တို့၏ တရားမှ၊ အာရတိ–ဝေးစွာရှောင်ကြဉ်ခြင်း၊ ပဋိဝိရတိ–တစ်ဖန်ရှောင်ကြဉ်ခြင်း။
(ဂ) အပ္ပေါ–အနည်းငယ်သော သတ္တဝါသည်၊ သဂ္ဂါယ–သုဂတိရပ်ထံ မြတ်နိဗ္ဗာန်သို့၊ ဂစ္ဆတိ–ရောက်၏။
(ဃ) (ဓမ္မဿ–တရားတော်ကို) အဿဝနတာ–နာရခြင်းမရှိသည်၏ အဖြစ်ကြောင့်၊ ဓမ္မဿ–တရားတော်မှ၊ ပရိဟာယန္တိ–ဆုတ်ယုတ်ကုန်၏။
(င) ကာဒလီသု–ငှက်ပျောပင်တို့မှ၊ ဂဇေ–ဆင်တို့ကို၊ ရက္ခန္တိ–စောင့်ရှောက်ကုန်၏။

၄။ ကွစာ သဝဏ္ဏေ လုတ္တေ–သုတ်၌ ဧ–အဿဝဏ်အပြုကို ကွစိသဒ္ဒါတားမြစ်သောကြောင့် ယဿေဒ္ဓိယာနိ–ဟု ရုပ်မရှိပါ။
**အန္တသဒ္ဒါထည့် ဆိုရကျိုး–**
အန္တသဒ္ဒါသည် မဃဝါ, ယုဝါ–စသည်တို့၌ သိ–ဝိဘတ်ကြောင့် မဃဝ, ယုဝ–စသော သဒ္ဒါတို့၏ အဆုံး အ–ကို ဝိဘတ်နှင့်တကွ အာ–ပြုရခြင်း အကျိုးရှိသည်။

၅။ ကံစသည်, ဧကဝုစ်စသည်အစွမ်းဖြင့် လိင်၏အနက်ကို ဌေဖန်တတ်သောကြောင့် ဝိဘတ်မည်သည်။
**ဝိမံသတိ–** မာန–ဓာတ်၊ တိ–ဝိဘတ်။
**ဓမ္မော–** ဓရ–ဓာတ်၊ ရမ္မ–ပစ္စည်း။
**ဂိုဏ်းစဉ်–** ဂုဏဝန္တာ, ဂုဏဝန္တော။

၆။ (ပုဒ်စစ်ထင်ရှားပြီ)

http://www.dhammadownload.com


၉။ ပထမပြန်စာမေးပွဲ ကျောင်းပရေးဗဟိုအဖွဲ့ခွဲ (မကွေးတိုင်း)
ပထမငယ်တန်း။ ။ကစ္စည်းသဒ္ဒါကြီးဘာသာ
၁၃၇၀-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၄) ရက်၊ (၂၄-၃-၂၀၀၉) အင်္ဂါနေ့

၁။ အောက်ဖော်ပြပါ သုတ်တို့ကို သုတ်, ဝုတ္တိ, ဥဒါဟရုဏ် ပြည့်စုံစွာ ပါဠိသက်သက်ရေးခဲ့ပါ။
(က) သဟာသေ့န သမံ မိတာ-ဝါကျလာ သဟာသေ့န-၌ ဝိဘတ်သက်သောသုတ်၊
(ခ) သုခံ တေ ဟောတု-ဝါကျလာ ဟောတု-၌ ဝိဘတ်သက်သောသုတ်။

၂။ အောက်ဖော်ပြပါ သုတ်တို့ကို အနက်မှန်မှန်ပေးခဲ့ပါ။
(က) တမ္ဗိပရိတ္တုပပဒေ ဗျဉ္ဇနေ စ၊
(ခ) အ ကမ္မန္တဿ စ၊
(ဂ) သုနမံသု ဝါ၊
(ဃ) ရတ္တကာတ္ထာနမိတ္ထိဘံ၊
(င) ပရာဏျတ္တနော ပဒါနိ။

၃။ တေဒဝေါစ သတ္ထာ-ဝါကျ၌ တေဒဝေါစ-ကို သန္ဓိရုပ်ကျဉ်း။ သတ္ထာ-ကို နာမ်ရုပ်ကျဉ်း တွက်ပြ၍၊ သတ္ထု-သဒ္ဒါနောင် စတုတ္ထီဝိဘတ်သက်၍ ပြီးနိုင်သောရုပ်တို့ကိုလည်း ဖော်ပြပါ။

၄။ တွဥ္စ မံ နာဘိဘာသတိ-ဝါကျလာ မံ-၌ ဝိဘတ်သက်သောသုတ်, ဝိဘတ်နက်, ဝိဘတ်တို့ကို ဖော်ပြပြီး။ (က) ဇောတိ၊ (ခ)သန္ဓိ တို့ကို ဓာတ်စသည်ဖြင့် ဝေဘန်ပြပါ။

၅။ ကွစာသဝက္ကံ လုတ္တေ-သုတ်၌ ကွစိ-သဒ္ဒါ၏အကျိုးကို ရှုဆရာအလိုကျ ဖော်ပြ၍၊ သခတော ဂဿေ ဝါ-သုတ်၌ ဝါ-သဒ္ဒါ၏အကျိုးကိုလည်း ပြယုဂ်ထုတ်၍ ရှင်းပြပါ။

၆။ (က) ဗျဉ္ဇနဝိကာရသန္ဓိ၊ (ခ) ကာလသမ္ဗန္ဓနာမ်၊ (ဂ) ဥပရိဘာသာသုတ်တို့၏ သဘောသွားကို ပုဒ်စစ်ကျမ်းလာအတိုင်း ဖြေဆိုပြပါ။

၉။ မကွေးတိုင်း (အဖြေ)
ပထမငယ်တန်း။ ။ကစ္စည်းသဒ္ဒါကြီးဘာသာ

၁။ (က) သဟာဒိယောဂေ စ၊
(ခ) အာ်ဏ္ဏတျာသိဋ္ဌေနုတ္တကာလေ ပဉ္စမီ-သုတ်ဆိုင်ရာတို့ကိုရေးလေ။

http://www.dhammadownload.com


၂။ (သုတ်နက်ထင်ရှားပြီ)

၃။ ဓော်+ အံဝေါစ– တည်၊ မဒါ သရေ– ဖြင့် နိဂ္ဂဟိတ်ကို ဒ– ပြု၊ ကပ်၊ ဓောဒဝေါစ– ပြီး၏။
နာမ်ရုပ်– သတ္တု– တည်၊ သိ– သက်၊ သတ္တုပိတာဒီနမာ သိသွိ သိလောပေါ စ– ဖြင့် ဥ– ကို အာ– ပြု၍ သိ– ဝိဘတ်ကိုလည်းချေ၊ သတ္တာ– ပြီး၏။
**ပြီးနိုင်သောရုပ်–**
သတ္တု၊ သတ္တုနော၊ သတ္တုသ၊ သတ္တာရာနံ၊ သတ္တာနံ၊ သတ္တုနံ။

၄။ တတိယာသတ္တမီနဉ္စ– ဖြင့် တတိယာအနက်၌ ဒုတိယာကေဝုစ် အံ– ဝိဘတ်သက်။
(က) ဟာ– ဓာတ်၊ အ– ပစ္စည်း၊ တိ– ဝိဘတ်။
(ခ) သံရှေ့ရှိသော ဓာ– ဓာတ်၊ ဏ္ဍ– ပစ္စည်း၊ သိ– ဝိဘတ်။

၅။ ကွစိသန္ဓိသည် အ– ဝဏ်ကျေရာ၌သာ ဧ, ဩ အသဝဏ်ပြုရမည်ဟု သိစေခြင်း အကျိုးရှိသည်။
**ဝါသန္ဓိအကျိုး–**
ဝါသန္ဓိသည် ဘဒ္ဒန္တေ, ဏ္ဍသေ– စသည်တို့၌ သခ– မှ အခြားသောသန္ဓိနောက်၌လည်း ဂ– သိ– ကို ဧ– ပြုရခြင်း အကျိုးရှိသည်။

၆။ (ပုဒ်စစ်ထင်ရှားပြီ)

၁၀။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (မန္တလေးတိုင်း)
ပထမငယ်တန်း ။ ။ကစ္စည်းသန္ဓိကြီးဘာသာ
၁၃၇၀– ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် (၁၄) ရက်၊ (၂၄–၃–၂၀၀၉) အင်္ဂါနေ့

၁။ "အာဂုံရမှ အာဂလူ" ဟူသည်နှင့်အညီ အောက်ဖော်ပြပါ သုတ်တို့ကို သုတ်, ဝုတ္တိ, ဥဒါဟရဏ် ကုန်စင်အောင် ပါဠိရေးသားပြပါ။
(က) သုံ,နံ,အံ– ဝိဘတ်တို့နောင်းရာ၌ သခသန္ဓိ၏ အစိတ်ကို အချို့အာရ– ပြုသောသုတ်၊
(ခ) အလုံးစုံသော ဓာတ်တို့နောင် ဘော,ကံအနက်တို့၌ ယ– ပစ္စည်းသက်သောသုတ်။

၂။ "အနက်ဉာဏ်ရင့်သန်သူများ" ခေါ်ဆိုရလောက်အောင် အောက်ပါတို့ကို အနက်မှန်တန်စွာ ပေးပြပါ။

http://www.dhammadownload.com


(က) အပိစိတော ယာဝ ဥပရိဘဝဂ္ဂမန္တရေ ဗဟူ သတ္တနိကာယာ ဝသန္တိ၊
(ခ) အပိဿု မံ အဂ္ဂိဝေဿန တိဿော ဥပမာ ပဋိဘံသု၊
(ဂ) ယဋ္ဌာဒီနံ ဝါ။

၃။ အောက်ပါတို့တွင် (က) ကို ပုဒ်ဖြတ်၊ (ခ) ကို ပုဒ်စပ်၍ (ဂ) ကို နာမ်ရုပ်ကျဉ်း။ (ဃ)ကို အာချာတ်ရုပ်ကျဉ်း တွက်ပြပြီးလျှင်၊ (င)ကို ဓာတ်+ ပစ္စည်း ခွဲဝေ၍ပြခဲ့ပါ။
(က) နှာယောဂေါ၊ တျာဿ။ (ခ) ဝိ+ အဂ္ဂ၊ အဓိ+ အာဂမာ။
(ဂ) ဩရသော။ (ဃ) မိယျတိ။ (င) ပကတော။

၄။ ဒိဝိ စမ္မေသု ဟညတေ- ဝယ် စမ္မေသု- ပုဒ်၌ ဝိဘတ်ချွတ်ကို သုတ်ထောက်နှင့်တကွ ညွှန်ပြ၍ ပဉ္စမီဝိဘတ်သက်ရာ အနက်တို့ကို ပုံစံတစ်ခုစီထုတ်၍ ဖြေဆိုပြီးလျှင်၊ "ကတံ ဝေါ ကမ္မံ" ဝါကျ၌ ကမ္မသဒ္ဒါနောင် တတိယာကေဝုစ်ဝိဘတ်ဖြင့် ပြီးနိုင်သမျှ ရုပ်စဉ်ပြခဲ့ပါ။

၅။ နိဂ္ဂဟိတာဂမသုတ်ဖြင့် နိဂ္ဂဟိတ်လာရမည်ဟုဆိုရာ အမှတ်မရှိနောင် လာနိုင်ပါသလော? ရူပသိဒ္ဓိဆရာအလိုကျ သတ်မှတ်ပြ၍၊ ဥဿဝ္ဂ သလောပေါ စ- သုတ်ဖြင့် ဥ- ကို ဥ- ထဝ်မံပြုရကိုူးကိုလည်း ရေးသားခဲ့ပါ။

၆။ အောက်ပါတို့ကို ပုဒ်စစ်, သုတ်စစ်ကျမ်းလာအတိုင်း ပုံစံနှင့်တကွ ဆိုရိုးကျရေးခဲ့ပါ။
၁၂။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရန်ကုန်တိုင်း)
ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် (၁၅) ရက်၊ (၂၅-၃-၂၀၀၉) ဗုဒ္ဓဟူးနေ့

၁။ စာဖြေရှင်တို့အချင်းချင်း ကံခြင်းမတူကြသော်လည်း တစ်ဘဝ၌တူညီကြသည့်တရား များကိုပြဆိုသည့်သင်္ဂဟဂါထာနှင့် မဟဂ္ဂုတ်ကုသိုလ်ကံ၏ တူသောအကျိုးပေးပုံပြ သင်္ဂဟ ဂါထာကိုလည်း ပါဠိရေးပါ။

၂။ အောက်ပါသင်္ဂဟပါဠိတို့ကို အနက်ယောဇနာပါ။
(က) မဟဂ္ဂုတ်တရားကို ကေန်အာရုံပြုသောစိတ်များပြ သင်္ဂဟပါဠိ၊
(ခ) နိဗ္ဗာန်ကို ကေန်အာရုံပြုသောစိတ်များပြ သင်္ဂဟပါဠိ။

၃။ စာဖြေရှင်တို့ ပရိယတ္တိသာသနာတော်အတွက် လုံ့လအားထုတ်မှု၌ မပါဝင်သောစိတ်တို့ ကို ဖော်ပြ၍၊ ရူပဘုံ၌ မရနိုင်သောအကုသိုလ်စိတ်တို့ကို သာဓကထောက်၍ ကောက်ပြ

http://www.dhammadownload.com


ပြီးလျှင်၊ ယင်းတရားတို့ကို (က) ဒွါရ၊ (ခ) အာရုံ၊ (ဂ) ဝတ္ထုတို့ဖြင့် ဝေဘန်ပြပါ။

၄။ ရုပ်ခန္ဓာကိုယ်ကြီးအား (က) မဖြစ်စေသောကံတရား။ (ခ) မဖြစ်စေသောစိတ်များကို တိကျစွာ ကောက်ပြ၍၊ ဣန္ဒြေ (၂၂) ပါးတို့တွင် လောကုတ္တရာဣန္ဒြေတို့ကိုလည်း ဖော်ပြပါ။

၅။ မောဟမူဒွေး–၌ သခါရအပြားမရှိခြင်းအကြောင်းနှင့် အလွန်တွေဝေခြင်း၏ အကြောင်းတို့ကို ဖြေဆို၍၊ ကာယဝိညာဉ်ဒွေး၏ သုခ, ဒုက္ခဝေဒနာပြားရခြင်းအကြောင်းကိုလည်း ဖြေဆိုပါ။

၆။ လောကီဝိရတီနှင့် လောကုတ္တရာဝိရတီတို့၏ ဒုစရိုက်ပယ်ပုံအထူးကို ဖြေဆို၍၊ လောကီဝိရတီတို့ကဲ့သို့ လောကုတ္တရာဝိရတီများ ကုသိုလ်ကေန်မဖြစ်ရခြင်းအကြောင်းကိုလည်း ဖြေဆိုပါ။

## ၁၂။ ရန်ကုန်တိုင်း (အဖြေ)

### ပထမယေ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ ပဋိသန္ဓိ ဘဝင်္ဂ–စသော ဂါထာနှင့် ဣတ္ထံ မဟဂ္ဂတံ ပုည်–စသော ဂါထာတို့ကို ပါဠိရေးလေ။

၂။ (က) အာရုပ္ပေသု ဒုတိယစတုတ္ထာနိ မဟဂ္ဂတာရမ္မဏာနိ။
(ခ) လောကုတ္တရစိတ္တာနိ နိဗ္ဗာနာရမ္မဏာနီတိ။ ပါဠိတို့ကို အနက်ရေးလေ။

၃။ စိတ်– ဒွေပဉ္စဝိညာဉ် ၁၀၊ မနောဓာတ် ၃၊ သန္တီရဏ ၃၊ ပေါင်း ၁၆။
ရူပဘုံ၌မရသော အကုသိုလ်– ဒေါသမူ ၂။
သာဓက– ရူပါဝစရဘူမိယံ ပဋိဃဇဝနတဒါရမ္မဏဝဇ္ဇိတာနိ။
(က) ၆–ဒွါရ၊
(ခ) လောကုတ္တရာကြဉ် အလုံးစုံ အာရုံ၊
(ဂ) ဟဒယဝတ္ထုကို အမြဲမှီ။

၄။ (က) အရူပကုသိုလ် ၄၊ လောကုတ္တရာကုသိုလ် ၄၊ ပေါင်း ၈။
(ခ) အရူပဝိပါက် ၄၊ ဒွေပဉ္စဝိညာဏ် ၁၀၊ ရဟန္တာတို့ စုတိ။

http://www.dhammadownload.com



**လောကုတ္တရာ ဗုဒ္ဓနွေ-**

အနညာတညဿာမီတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေ။

၅။ **သစ် ၊ ဂိုရအပြား မရှိကြောင်း- (မကွေး ၅-ရှ)**

**သုခ ဒုက္ခဝေဒနာပြားရကြောင်း- (ကချင် ၂-ရှ)**

၆။ လောကီဝိရတီတို့သည် ဒုစရိုက်တို့ကို အသီးအသီး ပယ်သည်။

လောကုတ္တရာဝိရတီတို့သည် ဒုစရိုက်တို့ကို အကြွင်းမဲ့ တစ်ပြိုင်နက် ပယ်သည်။

**စေနာ ကုသိုလ်မဖြစ်ရကြောင်း-**

ဖိုလ်သည် မဂ်နှင့် အလားတူသောကြောင့်လည်းကောင်း, ဒုစရိုက် ဒုရာဇိဝတို့ကို တစ်ဖန် ငြိမ်းစေသောကြောင့်လည်းကောင်း လောကုတ္တရာဝိရတီသည် စေနာ ကုသိုလ်မဖြစ်ပါ။

## ၁၃။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရခိုင်ပြည်နယ်)

## ပထမငယ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁၃၇၀-ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၁၀) ရက်၊ (၄-၄-၂၀၀၉) စနေနေ့

၁။ လောကုတ္တရာတရားကိုသာ အရကောက်ရသော ဗုဒ္ဓနွေတို့ကို အရကောက်ရာ၌ တရားကိုယ်ကောက်ပုံပြ သင်္ဂဟပါဠိကို ပါဠိရေးခဲ့ပါ။

၂။ အာရုံငါးပါး ကာမဂုဏ်တရားကို ခံစားနေကြသောပုဂ္ဂိုလ်တို့တွင် အသက်တမ်းအရှည်ဆုံးဖြစ်သော ပုဂ္ဂိုလ်၏ အသက်တမ်းကို ဖော်ပြထားသော သင်္ဂဟပါဠိကို အနက်မှန်စွာ ယောဇနာပြခဲ့ပါ။

၃။ အောက်ပါတို့ကို မှန်ကန်စွာ အရကောက်ပြခဲ့ပါ။

(က) အကုသိုလ်၏ အကျိုးဖြစ်သောစိတ်များ။

(ခ) စေတသိက်အများဆုံးယှဉ်နိုင်သောစိတ်များ။

(ဂ) ကာမဘုံ၌သာရနိုင်သောဝတ္ထုများ။

(ဃ) တဒါရုံကျနိုင်သောဝီထိအမည်များ။

(င) အပါယ်ဘုံသားတို့၏ ပဋိသန္ဓေစိတ်။

၄။ လက္ခဏာရုပ်လေးပါးတို့ နှ ကုတောစိရုပ် ဖြစ်ရခြင်းအကြောင်းကို ရေးပြပြီးလျှင်၊ မောဓိ

http://www.dhammadownload.com


ပကိဏ္ဏကတရား ၁၇-ပါးကို တရားကိုယ်ကောက်ရာ၌ရနိုင်သော တရားကိုယ်အမျိုးအစား တို့ကိုလည်း ဖော်ပြခဲ့ပါ။

၅။ လောဘမူစိတ်ရှစ်ပါး, ဒေါသမူစိတ်နှစ်ပါး, မောဟမူစိတ်နှစ်ပါးပြားရခြင်းအကြောင်းကို ရေးပြ၍ အနာဂါမိမဂ္ဂစိတ္တုပ္ပာဒ်၌ အနာဂါမိအဓိပ္ပါယ်ကို ဋီကာကျော်လာအတိုင်း ရေးပြခဲ့ပါ။

၆။ သဒ္ဒါစေတသိက်၏ (က) အဓိပ္ပါယ်၊ (ခ) သဘော၊ (ဂ) လက္ခဏာ၊ (ဃ) တူသောဥပမာ တို့ကို ရေးပြ၍ ဉာဏ်နှင့်ယှဉ်သော ဆွမ်းဒါယကာ၏ ကုသိုလ်စိတ်သည် အရဟတ္တမဂ် ကို အာရုံပြုနိုင်, မပြုနိုင်အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

## ၁၃။ ရနိုင်ပြည်နယ် (အဖြေ)

### ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ တုမ္ဗိယေသု ပနေတ္တ-စသော ၃-ပုဒ်ကို ပါဠိရေးလေ။

၂။ နဝသတဥ္စေကဝီသ-စသော ဂါထာကို အနက်ရေးလေ။

၃။ (က) အကုသလဝိပါက် ၇။
(ခ) မဟာကုသိုလ် ပထမဒွေး။(ယှဉ်နိုင်သမျှ)
(တစ်နည်း) လောကုတ္တရာ ပထမစျာန်။ (တစ်ပြိုင်နက်)
(ဂ) ဃာန၊ ဇိဝှါ၊ ကာယ ဝတ္ထု။
(ဃ) အတိမဟန္တာရုံ၊ ဝိဘူတာရုံ။
(င) အကုသလဝိပါက် ဥပေက္ခာသန္တီရဏ။

၄။ နတုတောဇိသမုဋ္ဌာန်ဖြစ်ရကြောင်း- (ပဲခူး/ရှေ့. ၄-၅)
တရားကိုယ်-
ဆန္ဒ၊ စိတ်၊ ဥပေက္ခာ၊ သဒ္ဓါ၊ ပဿဒ္ဓိ၊ ပီတိ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ ဝီရတီ ၃-ခု။

၅။ လော, ဒေါ, မော ပြားရကြောင်း-(တနင်္သာရီ ၅-၅)
အနာဂါမိ-
ပဋိသန္ဓေ၏ အစွမ်းဖြင့် ကာမဘုံသို့ မလာတတ်သောကြောင့် အနာဂါမိ မည်သည်။

http://www.dhammadownload.com


၆။ (က) ယုံကြည်တတ်သောကြောင့် သဒ္ဓါ။
(ခ) ဘုရားအစရှိသော ကောင်းသောအာရုံ၌ ကြည်လင်ခြင်း။
(ဂ) သမ္ပယုတ်တရားတို့ကို ကြည်စေခြင်းလက္ခဏာ။
(ဃ) ရေကို ကြည်စေတတ်သော ပတ္တမြား။
ဉာဏ်ယှဉ် ကုသိုလ်နှင့် အရဟတ္တမဂ်
အရဟတ္တမဂ်ကို အာရုံမပြုနိုင်။
မဟာကုသိုလ်ဉာဏသမ္ပယုတ်သည် အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ် အလုံးစုံကို အာရုံပြုသောကြောင့်တည်း။

၁၄။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်/တောင်ပိုင်း)
ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၀-ခုနှစ်၊ တန်ခူးလဆန်း (၁၀) ရက်၊ (၄-၄-၂၀၀၉) စနေနေ့

၁။ သတ္တဝါများ၏ စုတေခါနီးကာလ စိတ်အစဉ်ဖြစ်ပုံပြ သင်္ဂဟပါဠိကို ပါဠိသက်သက်ရေးပါ။

၂။ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ မျှော်မှန်းရာဖြစ်သော နိဗ္ဗာန်၏ ဂုဏ်ပုဒ်ကို ပြဆိုသော သင်္ဂဟဂါထာကို အနက်ပေးပြပါ။

၃။ အဟိတ်စိတ်၌ လုံးဝမယှဉ်သော အညသမာန်းစေတသိက်ကို ယှဉ်ရာစိတ်နှင့်တကွ ဖော်ပြ၍၊ ဒွါဒသောပေက္ခကာ ပရံ-၌ ဒွါဒသ အရကိုလည်း ကောက်ပြခဲ့ပါ။

၄။ ရယ်ရွှင်မှု မဖြစ်နိုင်သော ပြဟ္မာများကို သင်္ဂဟသာကေပြကာ ဖြေဆို၍၊ အရိယာများ မရောက်နိုင်သော ဘုံကိုလည်း သင်္ဂဟသာကေပြ၍ ဖြေဆိုခဲ့ပါ။

၅။ အသညသတ်ပြဟ္မာတို့၏ ပဝတ္တိအခါ ရနိုင်သောရုပ်တို့ကို ဖော်ပြ၍၊ အညိန္ဒြေ၏ တရားကိုယ်ကို ကောက်ပြပြီး။ ကေဝဋ္ဋတာပါဝင်သည့် ဗောဓိပက္ခိယဌာနများကိုလည်း ဖော်ပြပါ။

၆။ ဒေါသမူစိတ်၌ ဒေါမနဿ သဟဂတံ-ဟုဆိုက ပြီးကောင်းလျက် ပဋိဃသမ္ပယုတ္တံ-ဟု ဆိုရခြင်းအကျိုးကို ရေး၍၊ ကာမဘုံ၌ ဝတ္ထုရုပ် ၆-ပါးလုံး ရခြင်း၏အကြောင်းကိုလည်း ဋီကာလာသည့်အတိုင်း ရေးခဲ့ပါ။

http://www.dhammadownload.com


## ၁၄။ ရှမ်းပြည်နယ်/တောင်ပိုင်း (အဖြေ)
## ပထမငယ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ တတော ပရံ တမေဝ တံထောပဋ္ဌိတံ-စသော ပါဠိကို ပါဠိရေးလေ။

၂။ ပဒမစ္စုတာမစ္စန္တံ-စသော ဂါထာကို အနက်ရေးလေ။

၃။ **စေတသိက်-** ဆန္ဒ။
**စိတ်-** မောဟမူကြဉ် အကုသိုလ်စိတ် ၁၀၊ သောဘနစိတ် ၅၉၊ ပေါင်း-၆၉။
ဒွါဒသ အရ- မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာ ၅၊ မဂ် ဥပေက္ခာ ၄၊ အောက်ဖိုလ် ဥပေက္ခာ ၃၊ ပေါင်း ၁၂။

၄။ မြုပ္ပာ- အရူပမြုပ္ပာ။
**သာတေ-** အရူပါဝစရဘူမိယံ ပဋ္ဌမဝဋ္ဋရူပါဝစရဟာသနပောဋ္ဌမာရုပ္ပဝဋ္ဌိတာနိ စ လဗ္ဘန္တိ။
အသညသတ်ဘုံ၊ အပါယ်ဘုံ။
**သာဓေ-** အရိယာ နောပလဗ္ဘန္တိ အသညာပါယဘူမိသု။

၅။ အဝိနိဗ္ဘောဂရုပ် ၈၊ ဇီဝိတ၊ အာကာသ၊ လဟုတာဒိ ၃၊ လက္ခဏာရုပ် ၄၊ ပေါင်း ၁၇။
**အညီနွေ-** အလယ် လောကုတ္တရာပညာ ၆-ပါး။
**ကေဝ္ဂတာဒှာန-**
သမာဓိန္ဒြေ၊ သမာဓိဗိုလ်၊ သမာဓိသမ္ဗောဇ္ဈင်၊ သမ္မာသမာဓိ၊ ပေါင်း ၄။

၆။ **ပဋ္ဌိယသမ္မယုတ္တ-** ဒေါမနဿ ပဋိဃ ၂-ပါး စင်စစ် အတူဖြစ်လေ့ရှိသည်ကို ပြခြင်း အကျိုးငှါ ပဋိဃသမ္မယုတ္တံ ဟုဆိုသည်။
**ဝတ္ထု ၆-ပါးလုံးရကြောင်း-** (ပဲခူး/ရေ့. ၆-၅)

## ၁၅။ ပထမပြန်စာမေးပွဲ ကျင်းပရေးဇဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်/မြောက်ပိုင်း)
## ပထမငယ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁၃၇၀-ပြည့်နှစ်၊ တန်ခူးလဆန်း (၁၀) ရက်၊ (၄-၄-၂၀၀၉) စနေနေ့

၁။ ဈာန်ရသောပုဂ္ဂိုလ်၏ သန္တာန်၌ ဈာန်ဇောများ စောပြီးနောက် ဘဝင်ကျပုံနှင့် မဂ်ဖိုလ်

http://www.dhammadownload.com



ရသောပုဂ္ဂိုလ်၏ သန္တာန်၌ မဂ်ဇော, ဖိုလ်ဇောများ ဇောပြီးနောက် ဘဝင်ကျပုံပြ စုဏ္ဏိယ ဝါကျတို့ကို ကုန်စင်အောင် ဖြေဆိုပါ။

၂။ ဘုံဘဝအမျိုးမျိုး၌ ရောက်နိုင်သောပုဂ္ဂိုလ်, မရောက်နိုင်သောပုဂ္ဂိုလ်တို့ကို ခွဲခြားပြသော သင်္ဂဟဂါထာများကို မှန်ကန်စွာ အနက်ပေးပါ။

၃။ အဟိတ်စိတ် ၁၈–ပါးတို့တွင် ရဟန္တာအရှင်မြတ်တို့ ရယ်ရွှင်သောစိတ်ကို ဖော်ပြ၍ ၎င်းစိတ်ကို ဟိတ်, ကိစ္စ, ဒွါရသင်္ဂဟတို့ဖြင့် အသီးသီး ဝေဘန်ပြခဲ့ပါ။

၄။ တရားနာခိုက်ဝယ် ပျံ့လွင့်သော ဥဒ္ဓစ္စစိတ်ဖြင့် စုတေခဲ့သော် ထိုဥဒ္ဓစ္စစိတ်သည် အပါယ်ပဋိသန္ဓေကို ဖြစ်စေနိုင်, မဖြစ်စေနိုင် သင်္ဂဟသာကေပြ ဖြေဆိုပြီးလျှင် "ဆ စိတ္တာနိ မဟဂ္ဂတေ"၌ ဆ အရ၊ "သုခိတက္ကိယတော အဋ္ဌ"၌ အဋ္ဌ အရတို့ကို ဖြေဆိုခဲ့ပါ။

၅။ အဘိဝါဒိယ ဘာသိဿံ–၌ အဘာယ်သို့သော ရှိခိုးခြင်းမျိုးကို "အဘိဝါဒိယ"ဟုခေါ်ဆိုပါသနည်း? ဋီကာအဖွင့်နှင့်အညီ ဖြေဆိုပြီးလျှင်၊ ကာမာဝစရသောဘနစိတ်တို့တွင် ကုသိုလ်စိတ်ကို ရှေးဦးစွာ ဆိုရခြင်းအကြောင်းကိုလည်း တိကျစွာ ဖြေဆိုပါ။

၆။ မာနစေတသိက်၏ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်တို့၌သာ ယှဉ်ရခြင်းအကြောင်းကို မှန်ကန်စွာ ဖြေဆိုပြီးလျှင်၊ ရူပါရမ္မဏံ–၌ ရူပ၏အဓိပ္ပါယ်ကိုလည်း ဋီကာဆရာအလိုကျ ရှင်းပြခဲ့ပါ။

## ၁၅။ ရှမ်းပြည်နယ်/မြောက်ပိုင်း (အဖြေ)

### ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ တတ္ထ ဉာဏသမ္ပယုတ္တကာမာဝစရဇဝနာနမဋ္ဌန္နံ–စသောပါဠိနှင့် စတ္တာရော ပန မဂ္ဂုပ္ပါဒါ–စသော ပါဠိတို့ကိုရေးလေ။

၂။ ပုထုဇ္ဇနာ န လဗ္ဘန္တိ–စသော ၂–ဂါထာတို့ကို အနက်ရေးလေ။

၃။ စိတ်– ဟသိတုပ္ပါဒ်စိတ်။
အဟိတ်၊ ဇောကိစ္စ၊ ၆–ဒွါရ။

၄။ အပါယ်ပဋိသန္ဓေကို မဖြစ်စေနိုင်ပါ။

http://www.dhammadownload.com


**သာဓက–** ဇတ္တာကုသလကမ္မမုဒ္ဓစ္စရဟိတံ အပါယဘူမိယံ ပဋိသန္ဓိ ဇနေတိ။
**ဆ အရ–** ဝိညာဏဥ္စာယတနစိတ် ၃၊ နေဝသညာနာသညာယတနစိတ် ၃၊ ပေါင်း ၆။
**အဋ္ဌ အရ–** မဟာဂ္ဂုတ်ကြိယာ သောမနဿ ၄၊ အရဟတ္တဖိုလ် သောမနဿ ၄၊ ပေါင်း ၈။

၅။ ဘယ လာဘ ကုလာစာရ စသည်မှ ကင်းသော ရှိသေစွာ ကာယဝစီမနောဒွါရတို့ဖြင့် ရှိခိုးခြင်း။
**ကုသိုလ် ရှေးဆိုရကြောင်း–**
အဗျာကတတို့သည် ကုသိုလ်လျှင် ရှေ့သွားရှိသောကြောင့် ကုသိုလ်စိတ်ကို ရှေးဦးစွာ ဆိုသည်။

၆။ အဟံမာန၏ အစွမ်းဖြင့် ဖြစ်သည့်အတွက် ဒိဋ္ဌိနှင့်တူသော်လည်း ဒိဋ္ဌိနှင့် အတူတကွ မဖြစ်နိုင်သောကြောင့်လည်းကောင်း။ မိမိ၌ ချစ်ခြင်းလျှင် မှီရာရှိသည့်အတွက် လောဘ လျှင် နီးစွာသော အကြောင်းရှိသောကြောင့်လည်းကောင်း မာနသည် ဒိဋ္ဌိဂတဝိပ္ပယုတ် စိတ်တို့၌ ယှဉ်ရသည်။
**ရူပ–**
အဆင်း၏ ထူးခြားပြောင်းလွဲခြင်းသို့ ရောက်လျက် စိတ်နှလုံး၌ဖြစ်သော သဘောကို ထင်ရှားပြတတ်သောကြောင့် ရူပ မည်သည်။

## ၁၆။ ပထမပြန်စာမေးပွဲ ကျင်းပရေးဖဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်/အရှေ့ပိုင်း)
## ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
## ၁၃၇၀–ခုနှစ်၊ တန်ခူးလဆန်း (၁၀) ရက်၊ (၄–၄–၂၀၀၉) စနေနေ့

၁။ ကာမ္မဇရုပ်, စိတ္တဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ် လေးပါးတို့၏ ရှေးဦးစွာ ဖြစ်ပုံပြ ပါဠိကို မှန်ကန်စွာ ရေးခဲ့ပါ။

၂။ ဝီထိမုတ်ပိုင်းလာ သံသရာစက်ပြတ်ပုံကို ပြဆိုသော သင်္ဂဟဂါထာကို အနက်ယောဇနာ ခဲ့ပါ။

၃။ သောဘနစိတ်အကျယ် ၉၁–ပါးကို (က) အကြောင်းစိတ်၊ (ခ) အကျိုးစိတ်၊ (ဂ) အကြောင်းအကျိုးမှ လွတ်သောစိတ်တို့ကို အသီးအသီး ခွဲခြားရေတွက်ပြ၍၊ သနား

http://www.dhammadownload.com


ကြင်နာမှု, ဝမ်းမြောက်မှုတရားနှစ်ပါး အတူတကွ ဖြစ်နိုင် မဖြစ်နိုင် သင်္ဂဟ သာဓကပြ၍ ဖြေဆိုခဲ့ပါ။

၄။ ဒွိဟိတ်စိတ်များကို မိမိဆိုင်ရာ ဟိတ်များနှင့် အသီးသီး ယှဉ်တွဲပြပြီးလျှင်၊ ဝိသယပ္ပဝတ္တိ ၆-ပါးကိုလည်း ဒွါရနှင့် တွဲစပ်ပြပါ။

၅။ "သောတာပတ္တိမဂ္ဂစိတ္တံ"၌ အဘယ့်ကြောင့် အဘယ်တရားကို "သောတ"ဟု ခေါ်ပါသနည်း? ဖြေဆို၍၊ "သောတာပတ္တိ"ဟု ခေါ်ဆိုပုံအကြောင်းကိုလည်း ဋီကာနှင့်အညီ ရေးခဲ့ပါ။

၆။ ဟသိတုပ္ပါဒ်စိတ်, ရူပါဝစရစိတ်တို့သည် အရူပဘုံ၌ အဘယ့်ကြောင့် မရပါသနည်း ဋီကာကျော်လာသည့်အတိုင်း ဖြေဆိုခဲ့ပါ။

## ၁၆။ ရှမ်းပြည်နယ်/အရှေ့ပိုင်း (အဖြေ)
### ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ ဣစ္စေဝံ ပဋိသန္ဓိမုပါဒိယ- စသော ပါဠိကို ပါဠိရေးလေ။

၂။ ပဋိသန္ဓိယ ပနေတမဒ္ဒုဝံ- စသော ပါဠိကို အနက်ရေးလေ။

၃။ (က) ကုသိုလ် ၂၁။
(ခ) သောဘန ဝိပါက် ၂၁။
(ဂ) သောဘန ကြိယာ ၁၇။
**တကွ ဖြစ်/မဖြစ်**
အတူတကွ မဖြစ်နိုင်ပါ။
**သာဓက-**
ကရုဏာမုဒိတာ ပနေတ္ထ ပစ္စေကမေဝ ယောဇေတဗ္ဗာ။

၄။ လောဘမူစိတ်- လောဘဟိတ်၊ မောဟဟိတ်။
ဒေါသမူစိတ်- ဒေါသဟိတ်၊ မောဟဟိတ်။
ကာမာဝစရသောဘနဉာဏဝိပ္ပယုတ်စိတ်- အလောဘဟိတ်၊ အဒေါသဟိတ်။

http://www.dhammadownload.com


**ဒွါရနှင့် ဝိသယပ္ပဝတ္တိ**

ပဉ္စဒွါရ– အတိမဟန္တ၊ မဟန္တ၊ ပရိတ္တ၊ အတိပရိတ္တ။

မနောဒွါရ– ဝိဘူတ၊ အဝိဘူတ။

၅။ နိဗ္ဗာန်သို့ ကပ်ရောက်တတ်သောကြောင့်လည်းကောင်း နိဗ္ဗာန်တည်းဟူသော မဟာသမုဒ္ဒရာသို့ ညွတ်တတ်သည့်အတွက် ရေအယဉ်နှင့်တူသောကြောင့်လည်းကောင်း အရိယ အဋ္ဌင်္ဂိကမဂ်ကို သောတ ဟု ခေါ်သည်။

**သောတာပတ္တိ –**

အရိယာမဂ်တည်းဟူသော သောတသို့ သကဒါဂါမိမဂ်စသည်တို့၏ ရှေးဦးအစ၌ ရောက်ခြင်းကြောင့်လည်းကောင်း။ အရိယာမဂ်တည်းဟူသော သောတသို့ သကဒါဂါမိစသော ပုဂ္ဂိုလ်တို့၏ ရှေးဦးစွာ ရောက်ခြင်းရှိသူဖြစ်သောကြောင့်လည်းကောင်း သောတာပတ္တိ မည်သည်။

၆။ ပြုးဖို့ရာ ကိုယ်မရှိသောကြောင့် ဟသိတုပ္ပါဒ်စိတ်ကို မရပါ။
အရူပဗြဟ္မာတို့အား ရူပဝိရာဂဘာဝနာ၏ အစွမ်းကြောင့် ထိုရုပ်လျှင် အာရုံရှိသော ဈာန်တို့၌လည်း တပ်ခြင်းကင်းသောကြောင့် ရူပစိတ်ကို မရပါ။

၁၇။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ ခွဲ (ရောဝတီတိုင်း)
ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁၃၇၀–ပြည့်နှစ်၊ တပေါင်းလကွယ်နေ့ (၁) ရက်၊ (၂၅-၃-၂၀၀၉) ဗုဒ္ဓဟူးနေ့

၁။ (က) တဒါရုံအင်္ဂါပြ စုဏ္ဏိယပါဠိ၊
(ခ) တစ်ဘဝ၌ တူမြဲတရား ၃–ပါးပြ သင်္ဂဟဂါထာတို့ကို အနက်မစွက် ပါဠိသက်သက် ရေးခဲ့ပါ။

၂။ နိရောဓသမာပတ္တိဝီထိ၌ ဇောဖြစ်ပုံပြ သင်္ဂဟပါဠိနှင့် အပါယ်ပဋိသန္ဓေကို ပြဆိုသော သင်္ဂဟပါဠိတို့ကို အနက်ရေးသားခဲ့ပါ။

၃။ ဟဒယဝတ္ထုရုပ်ကို အမြဲမှီသော စိတ်သရုပ်ကို ရေတွက်ပြပြီးလျှင်၊ ကိလေသာ ဒသ ဝတ္ထူနိ၊ နဝဓာ ပါပသင်္ဂဟော–၌ နဝဓာ–၏ သရုပ်ကိုလည်း ဖော်ထုတ်ရေးသားပါ။

http://www.dhammadownload.com



၄။ အကုသိုလ်စေတသိက် သမ္ပယောဂနည်း ငါးပါးတို့ကို ရေတွက်ပြ၍ ကံတရားကြောင့် သတ္တဝါအမျိုးမျိုးဖြစ်ပေါ်လျက်ရှိရာ မည်သည့်ကံကြောင့် လူဟူသော သတ္တဝါများ ဖြစ်ပေါ်လာရပါသနည်း? သင်္ဂဟသာကေပြ ဖြေဆိုပါ။

၅။ မဝိစိတ်, ဖိုလ်စိတ်တို့၏ လောကုတ္တရာအမည်ရပုံကို ဖြေဆို၍ ယနေ့ခေတ် လူ့မှုနယ်ပယ်၌ ရေပန်းစားနေသော "ကရုဏာ" ဟူသော ဝေါဟာရ၏ အဓိပ္ပါယ်ကို ဋီကာဆရာအလိုကျ ဖြေဆိုပါ။

၆။ စက္ခုဒွါရေ ယထာရဟံ ဥပ္ပဇ္ဇန္တိ- ၌ ယထာရဟ သဘောကို ဋီကာအာဘော်ကျ ဖြေဆိုပြ၍ ရူပဖြစ်ပွားများ စက္ခု သောတဝတ္ထုရုပ်နှစ်ပါး ရရှိခြင်းအကြောင်းကိုလည်း ဖြေဆိုပါ။

၁၇။ ရောဝတီတိုင်း (အဖြေ)

ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ (က) တထာ ကာမာဝစရဇဝနာဝသာနေ- စသော ပါဠိ၊
(ခ) ပဋိသန္ဓိ ဘဝင်္ဂ- စသော ဂါထာတို့ကို ပါဠိရေးလေ။

၂။ နိရောဓသမာပတ္တိကာလေ- စသောပါဠိနှင့် တတ္ထ အကုသလဝိပါကောပေက္ခာသဟ- စသော ပါဠိတို့ကို အနက်ရေးလေ။

၃။ ဟသိတုပ္ပါဒ်၊ မနောဓာတ် ၃၊ တဒါရုံ ၁၁၊ ဒေါသမူ ၂၊ သောတာပတ္တိမဂ်၊ ရူပစိတ် ၁၅။
နဝဓာ-
အာသဝ၊ ဩဃ၊ ယောဂ၊ ဂန္ထ၊ ဥပါဒါန်၊ နီဝရဏ၊ အနုသယ၊ သံယောဇဉ်၊ ကိလေသာ။

၄။ ၁။ သမ္မာပုညေသု စတ္တာရော။
၂။ လောဘမူလေ တယော ဂတာ။
၃။ ဒေါသမူလေသု စတ္တာရော။
၄။ သသင်္ခါရေ ဒွယံ။
၅။ ဝိစိကိစ္ဆာ ဝိစိကိစ္ဆာစိတ္တေ စ။
လူဖြစ်ကြောင်းကံ- ကာမာဝစရကုသိုလ်ကံကြောင့် လူဖြစ်ရသည်။
သာကေ- ကာမာဝစရကုသလမ္ပိ ကာမသုဂတိယမေဝ ပဋိသန္ဓိံ ဇနေတိ။

http://www.dhammadownload.com


၅။ ဥပါဒါနက္ခန္ဓာဟုဆိုအပ်သော လောကမှ အာသဝေါတရားတို့၏ အာရုံမဟုတ်သည်၏ အဖြစ်ဖြင့် ထွက်မြောက်တတ်သောကြောင့် မဂ်စိတ်သည် လောကုတ္တရာ။
ဥပါဒါနက္ခန္ဓာဟုဆိုအပ်သော လောကမှ အာသဝေါတရားတို့၏ အာရုံမဟုတ်သည်၏ အဖြစ်ဖြင့် ထွက်မြောက်ပြီးဖြစ်သောကြောင့် ဖိုလ်စိတ်သည် လောကုတ္တရာ။
**ကရုဏာ-**
သူတစ်ပါး ဆင်းရဲဖြစ်လသော် သူတော်ကောင်းတို့စိတ်နှလုံးပင်ပန်းခြင်းကို ပြုတတ် ဖြစ်စေတတ်သောကြောင့်လည်းကောင်း သူတစ်ပါးဒုက္ခကို ပစ်လွှင့်တတ်သောကြောင့် လည်းကောင်း သူတစ်ပါးဒုက္ခကို ညှဥ်းဆဲတတ်သောကြောင့်လည်းကောင်း ဒုက္ခိတ သတ္တဝါတို့၌ အာရုံ ပြုသောအားဖြင့် ဖြန့်အပ်သောကြောင့်လည်းကောင်း ကရုဏာ မည်သည်။

၆။ ဣဋ္ဌ စသောအာရုံ၌ ယောနိသောမနသိကာရ အယောနိသောမနသိကာရ နိရာနုသယ သန္တာနစသည်တို့အား လျော်သည်၏အစွမ်းအားဖြင့် ဖြစ်ခြင်းသည် ယထာရဟ မည် သည်။
**စက္ခု သောတ ၂-ပါးရကြောင်း- (မကွေး ၆-၅)**

### ၁၈။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (အထူးအောင်)
### ပထမငယ်တန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
### ၁၃၇၁-ခုနှစ်၊ နယုန်လပြည့်ကျော် (၁၄) ရက်၊ (၂၁-၆-၂၀၀၉) တနင်္ဂနွေနေ့

၁။ သတ္တဝါများ သေခါနီးအခါ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် အာရုံများ ထင်လာပုံပြ သင်္ဂဟ စုဏ္ဏိယပါဠိကို ပါဠိသက်သက်ရေးပြပါ။

၂။ ရုပ်တရားများ တစ်ဘဝပြီးတစ်ဘဝ စဥ်ဆက်မပြတ် လည်ပတ်နေသော သံသရာ သဘောကို ပြဆိုသော သင်္ဂဟဂါထာကို အနက်ယောဇနာပြပါ။

၃။ အသိဉာဏ်မပါဘဲ သူတစ်ပါးကို အားကျပြီးပြုသော ဘာသာခြားပုဂ္ဂိုလ်တစ်ယောက်၏ ဒါနစေတနာသည် နိဗ္ဗာန်ကို အာရုံပြုနိုင်/မပြုနိုင် သင်္ဂဟပါဠိ အထောက်ပြ ဖြေဆိုပါ။

၄။ သောမနဿနှင့်သာ ယှဥ်သောစေတသိက်၏ ယှဥ်ရာစိတ်တို့ကို ဖော်ထုတ်ပြ၍ ယင်း စိတ်တို့တွင် အကုသိုလ်စိတ်ကိုလည်း ကိစ္စ, ဒွါရ, အာရုံတို့ဖြင့် ဝေဖန်ပြပါ။

http://www.dhammadownload.com


၅။ သေသာနိ သမ္ပာနိပိ ပဉ္စပညာသ စိတ္တာနိ၌ သေသအပါဒါန်, သေသအရတို့ကို ဋီကာကျော်ဆရာအလိုကျ ကောက်ပြပါ။

၆။ ပရိတ္တာရုံဝီထိများ၌ ဝုဋ္ဌောစိတ်နှစ်ကြိမ်, သုံးကြိမ်ဖြစ်ရခြင်းအကြောင်းကို ဖော်ပြ၍ ရှုပဘုံ၌ မရနိုင်ကောင်းသော ကလာပ်စည်းများကိုလည်း ရေတွက်ပြပါ။

## ၁၈။ အထူးအောင် (အဖြေ)

## ပထမငယ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ တထာ စ မရဏ္ဏာန်-စသောပါဠိကို ပါဠိရေးလေ။

၂။ ဣစ္စေဝံ မတာသတ္တာန်-စသောဂါထာကို အနက်ရေးလေ။

၃။ နိဗ္ဗာန်ကို အာရုံမပြုနိုင်ပါ။
**အထောက်-** အကုသလာနိ စေဝ ဉာဏဝိပ္ပယုတ္တကာမာဝစရဇဝနာနိ စေတိ လောကုတ္တရဝဇ္ဇိတသမ္ဗာရမ္မဏာနိ။

၄။ လောဘမူသောမနဿ ၄၊ အဟိတ်သောမနဿ ၂၊ ကာမာဝစရသောဘန သောမနဿ ၁၂၊ ပထမဈာန် ၁၁၊ ဒုတိယဈာန် ၁၁၊ တတိယဈာန် ၁၁၊ ပေါင်း ၅၁။
**ဝေဖန်ပုံ-**
ဖောက်စွ၊ ၆-ဒွါရ၊ လောကုတ္တရာကြဉ် အလုံးစုံ အာရုံ။

၅။ **သေသအပါဒါန်-** သုခသဟဂုတ်စိတ်၊ ဒုက္ခသဟဂုတ်၊ သောမနဿသဟဂုတ်စိတ်၊ ဒေါမနဿသဟဂုတ်စိတ်။
**သေသ အရ-** အဆိုပါ စိတ်တို့မှ ကြွင်းကုန်သော အကုသိုလ် ဥပေက္ခာ ၆၊ အဟိတ် ဥပေက္ခာ ၁၄၊ ကာမာဝစရသောဘန ဥပေက္ခာ ၁၂၊ ပဉ္စမဈာန် ၂၃၊ ပေါင်း ၅၅။

၆။ ဖော မဖြစ်သောကြောင့် ဝုဋ္ဌော ၂ ကြိမ် ၃-ကြိမ် ဖြစ်ရသည်။
**တလာပ်စည်း**
ဃာန, ဇိဝှါ, ကာယ, ဘာဝဒသက ကလာပ်။

http://www.dhammadownload.com


၁။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကချင်ပြည်နယ်)
ပထမငယ်တန်း။ ။တိကမာတိကာ၊ ဒုကမာတိကာနှင့် ဓာတုကထာဘာသာ
၁၃၇၀-ခုနှစ်၊ တန်ခူးလဆန်း (၁၂) ရက်၊ (၆-၄-၂၀၀၉) တနင်္လာနေ့

၁။ မင်္ဂဖြင့်လည်း မပယ်သတ်နိုင်, မင်္ဂကိုလည်း အာရုံပြုပါလျက်, နည်းသောအာနုဘော်ရှိသောတရားဟု အခေါ်ခံရသော တရားစုကို ရွေးထုတ်ပြပါ။

၂။ အောက်ဖော်ပြပါတို့ကို တိကျ သေချာစွာ ကောက်ပြပါ။
(က) ပစ္စုပ္ပန်ကို အမြဲတမ်း အာရုံပြုသောတရား။
(ခ) အပြင်အပ ဗဟိဒ္ဓကို အမြဲတမ်း အာရုံပြုသောတရား။
(ဂ) လောကုတ္တရာစိတ် ၈-ခု၊ စေတသိက်ဆတ္တိံသ၊ နိဗ္ဗာန်ကို အရကောက်ရသော တိက်တို့၏ အမည်။

၃။ (က) ကံ, စိတ်, ဥတု, အာဟာရ-ဟူသော အကြောင်းတရား လေးပါးမှ လွတ်သော တရားကို ထုတ်ပြ၍၊ (ခ) သံယောဇဉ်သာမည်၍ သံယောဇဉ်နှင့် မယှဉ်သောတရားကို လည်း ကောက်ပြပြီးလျှင်၊ ယင်းတရားစုကို သစ္စာမျှ ဖွဲ့ပြပါ။

၄။ အောက်ဖော်ပြပါ တရားများကို ဒုကမာတိကာကို ရှုမျှော်၍ သေချာစွာ ကောက်ပြပါ။
(က) ဝဋ်ဆင်းရဲ၌ အကျုံးဝင်သော တရား။
(ခ) ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း တရား။
(ဂ) ငိုကြွေးကြောင်းဖြစ်သော တရား။

၅။ ဥပါယာသ၏ အရကို ဆိုရိုးကျ ရေးသားပြ၍၊ ဖဿသတ္တကရာသိ ဥဒ္ဒေသ၏ သရုပ်ကို လည်း ထုတ်ပြပါ။

၆။ ကာမဘဝေါ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတော ဟူသော ပုစ္ဆာ၏ ဝိဿဇ္ဇနာပါဠိမျှကိုသာ ထုတ်ပြ၍၊ သမုဒယသစ္စေန ယေ ဓမ္မာ-၌ ယေ ဓမ္မာ အရကိုလည်း (က) တတိယနယ၊ (ခ) စတုတ္ထနယ၊ (ဂ) ပဥ္စမနယ အလို အားဖြင့် ဖော်ပြပါ။

http://www.dhammadownload.com


## ၁။ ကချင်ပြည်နယ် (အဖြေ)

ပထမငယ်တန်း။ ။ တိကမာတိကာ၊ ဒုကမာတိကာနှင့် ဓာတုကထာဘာသာ

၁။ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု။

၂။ (က) ပစ္စုပ္ပန်တရားကို မြဲသောအားဖြင့် အာရုံပြုသော ဒွေပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃၊ ဆန္ဒ, ပီတိ, ဝီရိယကြဉ်သော အညသမာန်းစေတသိက် ၁၀။

(ခ) ဗဟိဒ္ဓတရားကို မြဲသောအားဖြင့် အာရုံပြုသော (အဘိညာဏ်ဒွေမှတစ်ပါး) ရူပစိတ် ၁၅၊ အာကာသာနဉ္စာယတနစိတ် ၃၊ လောကုတ္တရာစိတ် ၈၊ စေတသိက် ၃၈။

(ဂ) ဥပါဒိန္နတိက် တတိယပဒ၊ သံကိလိဋ္ဌတိက် တတိယပဒ၊ ပရိတ္တတိက် တတိယပဒ၊ ဟီနတိက် တတိယပဒ။

၃။ (က) နိဗ္ဗာန်။

(ခ) ဥဒ္ဓစ္စသဟဂုတ်စိတ်၌ မောဟ။

သစ္စာ- ဒုက္ခသစ္စာ။

၄။ (က) လောကီစိတ် ၈၁၊ စေတသိက် ၅၂၊ ရုပ် ၂၈။ (ပရိယာပန္နာ)

(ခ) မဂ်စိတ် ၄၊ စေတသိက် ၃၆။ (နိယျာနိကာ)

(ဂ) ရာဂအစရှိသော ကိလေသာ။ (ရဏာ)

၅။ ဉာတိဗျသန အစရှိသည်တို့ဖြင့် တွေ့သောသူအား လွန်စွာဖြစ်သော စိတ်၏ ဆင်းရဲခြင်းသည် နှိပ်စက်အပ်သည်ဖြစ်၍ ပြင်းစွာပင်ပန်းခြင်း၏ အစွမ်းဖြင့်ဖြစ်သော ဒေါသမူဒွေး၌ ရှိသော ဒေါသစေတသိက်သည် ဥပါယာသမည်၏။

ဖဿသတ္တကတရားသိ ဥဒ္ဒေသ၏ သရုပ်-

ဖဿ, ဝေဒနာ, သညာ, စေတနာ, စိတ်, အဓိမောက္ခ, မနသိကာရ။

၆။ ကာမဘာဝေါ-

ပဉ္စဟိ ခန္ဓေဟိ၊ ဧကာဒသဟာယတနေဟိ၊ သတ္တရသဟိ ဓာတူဟိ သင်္ဂဟိတော။

(က) ဝေဒနာ, သညာ, သုခုမရုပ်, နိဗ္ဗာန်။

(ခ) သမုဒယသစ္စာကြဉ်သော သင်္ခါရက္ခန္ဓာ ၄၉။

(ဂ) ဩဠာရိကရုပ်၊ စိတ်။

http://www.dhammadownload.com


၂။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကယားပြည်နယ်)

ပထမငယ်တန်း။ ။ တိက, ဒုကမာတိကာနှင့် ဓာတုကထာဘာသာ

၁၃၇၀-ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၁၂) ရက်၊ (၆-၄-၂၀၀၉) တနင်္လာနေ့

၁။ အနုပါဒိန္နုပါဒါနိယာ ဓမ္မာ-ကို အရကောက်၍ အာယတနဖွဲ့ပြပါ။

၂။ အတိတ်တရားကိုအာရုံပြုသောတရားများကို အရကောက်ပြ၍ မဂ်စိတ် ၄-ခု, စေတသိက် ၃၆-ခုကို ကောက်ရသော တိကမာတိကာပဒများကိုလည်း ဖော်ပြပါ။

၃။ အောက်ပါ ဒုကမာတိကာပုဒ်တို့ကို မှန်ကန်အောင် အနက်ပေးပါ။

(က) ကေနစိဝိညေယျာ ဓမ္မာ၊

(ခ) နော ပရာမာသာ ဓမ္မာ၊

(ဂ) အပရိယာပန္နာ ဓမ္မာ။

၄။ အဘိဓမ္မာ ဒုကမာတိကာလာ "သပစ္စယာ ဓမ္မာ" ဟူသောပဒကို အရကောက်ပြ၍ သစ္စာဖွဲ့ပြပြီးလျှင်၊ နိယျာနိကာ ဓမ္မာ- ဟူသောပဒ၏ အရကိုလည်း ဓာတ်ဖွဲ့ပြခဲ့ပါ။

၅။ အောက်ဖော်ပြပါ တရားတို့ကို ဥဒ္ဒေသလာသည့်အတိုင်း အရကောက်ပြခဲ့ပါ။

(က) သမာဓိန္ဒြေ၊ (ခ) သညာဘဝ၊ (ဂ) ပဉ္စဝေါကာရဘဝ၊ (ဃ) ပရိဒေဝ။

၆။ စက္ခာယတနေန ယေ ဓမ္မာ-ဋ္ဌ "ယေ ဓမ္မာ" အရကို ဒုတိယနယ, ပဉ္စမနယတို့နှင့်အညီ စွဲပြ၍၊ ဣတ္ထိန္ဒြိယေန ယေ ဓမ္မာ-ဋ္ဌ "ယေ ဓမ္မာ" အရကိုလည်း တတိယနယ, စတုတ္ထနယတို့နှင့် အညီ အသီးသီးစွဲပြခဲ့ပါ။

၂။ ကယားပြည်နယ် (အဖြေ)

ပထမငယ်တန်း။ ။ တိက, ဒုကမာတိကာနှင့် ဓာတုကထာဘာသာ

၁။ အကုသိုလ်စိတ် ၁၂၊ လောကီကုသိုလ် ၁၇၊ ကြိယာ ၂၀၊ စေတသိက် ၅၂၊ စိတ္တဇရုပ် ၁၇၊ ဥတုဇရုပ် ၁၅၊ အာဟာရဇရုပ် ၁၄။

အာယတန-

တိဇရုပ်တို့တွင် ရူပါရုံသည် ရူပါယတန၊ သဒ္ဒါရုံသည် သဒ္ဒါယတန၊ ဂန္ဓာရုံသည် ဂန္ဓာယတန၊ ပထဝီ, တေဇော, ဝါယောဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန၊

http://www.dhammadownload.com


အကုသိုလ်စိတ် ၁၂၊ လောကီကုသိုလ် ၁၇၊ ကြိယာ ၂၀–သည် မနာယတန၊ စေတသိက် ၅၂၊ အပေါ်, အာဟာရရုပ်, ပရိစ္ဆေဒရုပ်, ကာယဝိညတ်, ဝစီဝိညတ်, ရူပဿ လဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ, သန္တတိအားဖြင့် (တစ်နည်းကား) ဇရတာ, အနိစ္စတာ အားဖြင့် သုခုမရုပ် ၁၀–ခု၊ ၁၂–ခုသည် ဓမ္မာယတန ဤသို့လျှင် အာယတန ၇–ပါး။

၂။ အတိတ်တရားကို မြဲသောအားဖြင့်အာရုံပြုသော ဝိညာဏဉ္စာယတနစိတ် ၃၊ နေဝသညာ နာသညာယတနစိတ် ၃၊ စေတသိက် ၃၀။
အတိတ်တရားကို အာရုံပြုခိုက် မနောဒွါရာဝဇ္ဇန်း၊ ကာမဇော ၂၉၊ တဒါရုံ ၁၁၊ အဘိညာဏ်ဒွေ၊ ဝိရတီ, အပ္ပမညာကြဉ်သော စေတသိက် ၄၇။
**တိကမာတိကာပဒ–**
အပစယဂါမိနော ဓမ္မာ၊ သမ္မတ္တနိယတာ ဓမ္မာ။

၃။ (က) ကေနစိဝိညေယျာ–စက္ခုဝိညာဏ်အစရှိသော တစ်စုံတစ်ခုသော စိတ်သည် သိအပ်ကုန်သော၊ ဓမ္မာ– နိဿတနိဗ္ဗိဝသဘာဝါ–သတ္တလည်း မဟုတ်, ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ– ရှိကုန်၏။
(ခ) နော ပရာမာသာ–ပရာမာသ မဖည့်ကုန်သော၊ ဝါ–မှားသောအားဖြင့် မသုံးသပ်တတ်ကုန်သော၊ (ဓမ္မာ၊ သံဝိဇ္ဇန္တိ)။
(ဂ) အပရိယာပန္နာ–ထိုတရား၌ အကျုံးမဝင်ကုန်သော၊ (ဓမ္မာ၊ သံဝိဇ္ဇန္တိ)။

၄။ စိတ် ၈၉၊ စေတသိက် ၅၂၊ ရုပ် ၂၈။
**သစ္စာ–** လောကီစိတ် ၈၁၊ လောဘကြဉ်သော စေတသိက် ၅၁၊ ရုပ် ၂၈–သည် ဒုက္ခသစ္စာ၊ လောဘသည် သမုဒယသစ္စာ၊ မဂ်စိတ် ၄–ခု၌ရှိသော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဟုဆိုအပ်သော သောတာပတ္တိမဂ် ၈–ပါး, ၇–ပါး ။ပ။ အရဟတ္တမဂ် ၈–ပါး, ၇–ပါးသည် မဂ္ဂသစ္စာ၊ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉–ခု, ဖိုလ်စိတ္တုပ္ပါဒ် ၃၇–ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏။
**နိယျာနိကာ အရ ဓာတ်–**
မဂ်စိတ် ၄–ခုသည် မနောဝိညာဏဓာတ်၊ စေတသိက် ၃၆–ခုသည် ဓမ္မဓာတ်။

http://www.dhammadownload.com


၅။ (က) မာဝိသတိန္ဒြိယလာ သမာဓိန္ဒြေ အရ- ဝိစိကိစ္ဆာ, ဒွေပဉ္စဝိညာဏ် ၁၀, မနောဓာတ် ၃၊ သန္တီရဏ ၃-ခုကြဉ်သော စိတ် ၇၂-ခုဒ္ဒရှိသော ကေဂ္ဂတာစေတသိက်၊ ပဥ္စိန္ဒြိယာလာ သမာဓိန္ဒြေ အရ- လောကုတ္တရာစိတ် ၈- ခုဒ္ဒရှိသော ကေဂ္ဂတာ စေတသိက်။

(ခ) နေဝသညာနာသညာယတနဝိပါက်ကြဉ်သော လောကီဝိပါက် ၃၁၊ စေတသိက် ၃၅၊ ကမ္မဇရုပ် ၂၀။

(ဂ) ကာမဝိပါက် ၂၃၊ ရူပဝိပါက် ၅၊ စေတသိက် ၃၅၊ ကမ္မဇရုပ် ၂၀။

(ဃ) ဆွေမျိုးတို့၏ ပျက်စီးခြင်းအစရှိသော အကြောင်းကြောင့် ဝိုကြွေးမြည်တမ်းသော အခြင်းအရာအားဖြင့်ဖြစ်သော စိတ္တဇဝိပလ္လာသ သဒ္ဒသည် ပရိဒေဝ။

၆။ ဒုတိယ-ယေ ဓမ္မာ- အကြင် စက္ခာယတနကြဉ်သော ရုပ် ၂၇-ခုတို့ကို။
ပဉ္စမ- ယေ ဓမ္မာ- အကြင် ဝေဒနာ, သညာ, သင်္ခါရ, စိတ်, နိဗ္ဗာန်တို့ကို။
ဃ္ကုတ္တိန္ဒြိယေန ယေ ဓမ္မာ-
တတိယ-ယေ ဓမ္မာ-အကြင် ဝေဒနာ, သညာ, သင်္ခါရ, နိဗ္ဗာန်တို့ကို။
စတုတ္ထ-ယေ ဓမ္မာ- အကြင် ဃ္ကုတ္တိန္ဒြေကြဉ်သော သုခုမရုပ် ၁၅-ခုတို့ကို။

၃။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကရင်ပြည်နယ်)
ပထမယေ်တန်း ။ ။ မာတိကာ၊ ဓာတုကထာဘာသာ
၁၃၇၀-ပြည့်နှစ်၊ တန်ခူးလဆန်း (၁၂) ရက်၊ (၆-၄-၂၀၀၉) တနင်္လာနေ့

၁။ အလောင်းတော်နတ်သား၏ နတ်စည်းစိမ်ခံစားရာသက်တမ်းကို တုသိတာ, ယာမာ, တာဝတိံသာ, စာတုမဟာရာဇ်, လူတို့၏ အရေအတွက်အားဖြင့် ခွဲခြားဖော်ပြပြီးလျှင်၊ ပကရဏပရိစ္ဆေဒအားဖြင့် အဘိဓမ္မာဒေသနာတော် အပြားကိုလည်း သရုပ်အားဖြင့် ဖော်ပြခဲ့ပါ။

၂။ ဝိပါကတိက်၏ တတိယပုဒ်ကို ကျနစွာ အနက်ယောဇနာ၍ မိစ္ဆတ္တတိက်နှင့် ဥပ္ပန္နတိက် တို့၏ တိက်ပုဒ်ပါဠိတော်များကိုလည်း ပြည့်စုံအောင် ဖော်ပြခဲ့ပါ။

၃။ အောက်ပါ (က) (ခ)အရ တရားတို့ကို ကောက်ပြ၍ (ခ)အရတရားများကိုသာ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ ဖွဲ့ပြပါ။

http://www.dhammadownload.com


(က) ဝဏ္ဏနှင့်ယှဉ်သောတရား။
(ခ) ဝဏ္ဏလည်းမည်, ဝဏ္ဏနှင့်လည်း ယှဉ်သောတရား။

၄။ မိမိ, စုတိတို့၏ အခြားမဲ့၌ အကျိုးပေးမြဲသောတရားတို့ကို ကောက်ပြ၍ ယင်းတရားတို့ကို သစ္စာမျှ ဖွဲ့ပြပါ။

၅။ (က) တဏှာ၊ (ခ) မေတ္တာတို့၏ တရားကိုယ်တို့ကို ဓာတုကထာ ဥဒ္ဒေသနှင့်အညီ ကောက်ပြ၍၊ ကာမဘဝေါ ကတိဟိ ခန္ဓေဟိ ကတိဟိ အာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတော ဟူသောပုစ္ဆာပါဠိ၏ ဝိဿဇ္ဇနာပါဠိကိုလည်း အနက်ယောဇနာ ပြခဲ့ပါ။

၆။ ပရိဒေဝေန ယေ ဓမ္မာ– ၌ ယေ ဓမ္မာ အရကို (က) ဒုတိယနယ၊ (ခ) စတုတ္ထနယ၊ (ဂ) ပဉ္စမနယတို့နှင့်အညီ အသီးသီး ယေစွဲပြပါ။

၁။ ကရင်ပြည်နယ် (အဖြေ)

ပထမငယ်တန်း ။ ။ မာတိကာ၊ ဓာတုကထာဘာသာ

၁။ **တုသိတာ–** အနှစ် ၄–ထောင်၊
**ယာမာ–** အနှစ် ၈–ထောင်၊
**တာဝတိံသာ–** အနှစ် ၁–သောင်း, ၆–ထောင်၊
**စာတုမဟာရာဇ်–** အနှစ် ၃–သောင်း, ၂–ထောင်၊
**လူ–** အနှစ် ၅၇–ကုဋေ, ၆–သန်း။
**အဘိဓမ္မာဒေသနာ အပြား–**
ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်း။

၂။ နေဝဝိပါက န ဝိပါက ဓမ္မ ဓမ္မာ– အချင်းချင်းထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကို ဖြစ်စေခြင်း သဘောရှိသည်လည်း မဟုတ်ကုန်သော သတ္တလည်း မဟုတ်, ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ– ရှိကုန်၏။
**မိစ္ဆတ္တတိက်–** မိစ္ဆတ္တနိယတာ ဓမ္မာ၊ သမ္မတ္တနိယတာ ဓမ္မာ၊ အနိယတာ ဓမ္မ။
**ဥပ္ပန္နတိက်–** ဥပ္ပန္နာ ဓမ္မာ၊ အနုပ္ပန္နာ ဓမ္မာ၊ ဥပ္ပါဒိနော ဓမ္မာ။

http://www.dhammadownload.com


၃။ (က) လောဘမူ ၈၊ ဒေါသမူ ၂၊ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၌ လောဘ၊ ဒေါသမူဒွေ၌ ဒေါသ၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၂၅။

(ခ) ဒိဋ္ဌိဂတသမ္ပယုတ် ၄-ခု၌ရှိသော လောဘ, ဒိဋ္ဌိ-ဟုဆိုအပ်သော ဂန္ထတရားကိုယ် ၂-ပါး။

ခန်, အာ, ဓာတ်, သစ္စာ- သင်္ခါရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊
ဒိဋ္ဌိသည် ဒုက္ခသစ္စာ၊ လောဘသည် သမုဒယသစ္စာ။

၄။ နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄၊ သတ္တမဇော၊ မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၂၁၊ ပဉ္စာနန္တရိယကံ၏ အစွမ်းအားဖြင့် ဖြစ်သော ဒေါသမူဒွေ၊ သတ္တမဇော၊ ပီတိ, လောဘ, ဒိဋ္ဌိ, မာန, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၂၂၊ မဂ်စိတ် ၄၊ စေတသိက် ၃၆။

**သစ္စာဖွဲ့-**

အကုသိုလ်စိတ် ၆၊ လောဘကြဉ်သော စေတသိက် စတုဝီသည် ဒုက္ခသစ္စာ၊ လောဘသည် သမုဒယသစ္စာ၊ မဂ်စိတ် ၄-ခု၌ရှိသော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဟုဆိုအပ်သော သောတာပတ္တိမဂ် ၈-ပါး, ၇-ပါး ။ပ။ အရဟတ္တမဂ် ၈-ပါး, ၇-ပါးသည် မဂ္ဂသစ္စာ၊ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉-ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏။ ဤသို့လျှင် သစ္စာအားဖြင့် ၃-ပါး။

၅။ (က) လောဘမူစိတ် ၈-ခု၌ရှိသော လောဘစေတသိက်။

(ခ) ရူပါဝစရ ပ, ဒု, တ, စတုတ္ထဈာန်၌ရှိသော အဒေါသစေတသိက်။

**အနက်ပေး-**

ကာမဘဝေါ-ကာမဘဝကို၊ ပဉ္စဟိ- ၅-ပါးကုန်သော၊ ခန္ဓေဟိ-တို့ဖြင့်၊ ကောဒသဟိ-ကုန်သော၊ အာယတနေဟိ-သဒ္ဒါယတနကြဉ်သော အာယတနတို့ဖြင့်၊ သတ္တရသဟိ-ကုန်သော၊ ဓာတူဟိ-သဒ္ဒဓာတ်ကြဉ်သော ဓာတ်တို့ဖြင့်၊ သင်္ဂဟိတော-ရေတွက်အပ်၏။

၆။ (က) ယေ ဓမ္မာ- အကြင် သဒ္ဒကြဉ်သော ရုပ် ၂၇-ခုတို့ကို။

(ခ) ယေ ဓမ္မာ- အကြင် အပရိဒေဝ စိတ္တဇသဒ္ဒ၊ ဥတုဇသဒ္ဒတို့ကို။

(ဂ) ယေ ဓမ္မာ- အကြင် ဝေဒနာ, သညာ, သင်္ခါရ, စိတ်, နိဗ္ဗာန်တို့ကို။

http://www.dhammadownload.com


## ၄။ ပထမပြန်စာမေးပွဲ ကျင်းပရေးဇဟိုအဖွဲ့ခွဲ (ချင်းပြည်နယ်)

ပထမငယ်တန်း။ ။ တိကမာတိကာ၊ အဘိဓမ္မဒုကမာတိကာနှင့် ဓာတုကထာဘာသာ

၁၃၇၀-ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၁၂) ရက်၊ (၆-၄-၂၀၀၉) တနင်္လာနေ့

၁။ သုမေဓာရှင်ရသေ့အဖြစ်မှသည် ဝေဿန္တရာမင်းအဖြစ်တိုင်အောင် မရေမတွက်နိုင်သောဘဝတို့၌ ဖြည့်ဆည်းခဲ့ရသော ဒါနပါရမီ၊ ဒါနဥပပါရမီ၊ ဒါနပရမတ္ထပါရမီတို့၏ သဘောအဓိပ္ပါယ်ကို ဖြေဆိုပြပါ။

၂။ နှစ်သက်မှုပီတိနှင့် အတူတကွဖြစ်ကုန်သော ပရမတ္ထသဘောတရားတို့ကို မှန်ကန်စွာ ကောက်ပြ၍၊ ယင်းတရားတို့၏ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတို့ကို သချာမှုလောက်သာ ရေးသား ဖြေဆိုပြပါ။

၃။ ဟေတုဂေါစ္ဆက သဟေတုကဒုက်၏ ပထမပုဒ်အရကို တိကျစွာ ကောက်ပြပြီးလျှင်၊ အာသဝတရားတို့၏ အာရုံဖြစ်သော ပရမတ္ထတရားတို့ကိုလည်း ဒုကမာတိကာပါဠိသာဓကပြလျက် ကျနစွာ ကောက်ပြခဲ့ပါ။

၄။ အောက်ပါ ပါဠိတော်တို့ကို မှန်ကန်စွာ အနက်ပေးပြပါ။
(က) သညောဇနာ စေဝ ဓမ္မာ သညောဇနိယာ စ၊
(ခ) စိတ္တဝိသံသဋ္ဌာ ဓမ္မာ။

၅။ အဘယ်သဘောတရားတို့ကို သုဒ္ဓခန္ဓာဟု ခေါ်ဆိုရပါသနည်း? အကြောင်းနှင့်တကွ ဖြေဆိုပြ၍ သောကဓာ၏ တရားကိုယ်ကိုလည်း ဓာတုကထာဥဒ္ဒေသနှင့်အညီ ဖြေဆိုပြပါ။

၆။ ဣတ္ထိန္ဒြိယေန ယေ ဓမ္မာ-၌ ယေ ဓမ္မာ-၏ အရတရားများကို စတုတ္ထနယနှင့်အညီ မှန်ကန်စွာ ကောက်ပြပြီးလျှင်၊ ဓာတုယော သစ္စတော တယော-ဟူသော ပဥ္စမနယဆိုင်ရာ ဥဒါန်းစဥ်ဂါထာပါဠိ၌ "တိ" သရုပ်ကိုလည်း တိကျစွာ ကောက်ပြခဲ့ပါ။

## ၄။ ချင်းပြည်နယ် (အဖြေ)

ပထမငယ်တန်း။ ။ တိကမာတိကာ၊ အဘိဓမ္မဒုကမာတိကာနှင့် ဓာတုကထာဘာသာ

၁။ ရွှေ၊ ငွေ၊ ဆင်၊ မြင်း အစရှိသော အပဝတ္ထုကို လှူခြင်းတည်းဟူသော ဒါနပါရမီ၊

http://www.dhammadownload.com


ခြေ, လက်, နား, နှာခေါင်း အစရှိသည်တို့ကို လှူခြင်းတည်းဟူသော ဒါနဥပပါရမီ၊ ကိုယ်, အသက်ကို လှူခြင်းတည်းဟူသော ဒါနပရမတ္ထပါရမီ။

၂။ ပီတိသဟဂုတ်စိတ် ၅၁၊ ပီတိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၆။
ခန်- ၄၊ အာ- ၂၊ ဓာတ်- ၂၊ သစ်- ၁။

၃။ သဟိတ်စိတ် ၇၁၊ မောဟဒွေ့ဒ္ဓိ မောဟကြဉ်သော စေတသိက် ၅၂။
ပရမတ္ထတရား- လောကီစိတ် ၈၁၊ စေတသိက် ၅၂၊ ရုပ် ၂၈။
သာကေ- သာသဝါ။

၄။ (က) သညောဇနာ စေဝ- သံယောဇဉ်လည်း မည်ကုန်သော၊ သညောဇနိယာ စ- သံယောဇဉ်၏ အာရုံလည်း ဖြစ်ကုန်သော၊ (ဓမ္မာ၊ သံဝိဇ္ဇန္တိ)။
(ခ) စိတ္တဝိသံသဋ္ဌာ- စိတ်နှင့် မနှီးနှောကုန်သော၊ (ဓမ္မာ၊ သံဝိဇ္ဇန္တိ)။

၅။ အခြား ခန္ဓာများနှင့် မရောစပ်ဘဲ ခန္ဓာတစ်ပါးစီ သီးခြားဟောသော ခန္ဓာများကို သုဒ္ဓခန္ဓာ-ဟုခေါ်သည်။
သောတ- ဒေါသမူဒွေး၌ရှိသော ဒေါမနဿဝေဒနာ။

၆။ စတုတ္ထနယ- ဣတ္ထိန္ဒြေကြဉ်သော သုခုမရုပ် ၁၅။
တိ သရုပ်- သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။

၅။ ပထမပြန်စာမေးပွဲ ကျောင်းပရေးဗဟိုအဖွဲ့ချုပ် (စစ်ကိုင်းတိုင်း)
ပထမယော်တန်း ။ ။ တိကာမာတိကာနှင့်ဓာတုကထာဘာသာ
၁၃၇၀-ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း(၂) ရက်၊ (၂၆-၃-၂၀၀၉) ကြာသပတေးနေ့

၁။ မာတိကာနိဒါန်းလာ အောက်ပါတို့ကို ဖြေဆိုခဲ့ပါ။
(က) ဒါနဥပပါရမီ၊
(ခ) နိမိကြီးလေးပါး၊
(ဂ) ပဋိသန္ဓေယူသောနေ့ နက္ခတ်၊
(ဃ) ကြည့်ခြင်းကြီး ငါးပါး။

http://www.dhammadownload.com


၂။ အောက်ဖော်ပြပါ ပါဠိတော်တို့၏ အရကို ကောက်ပြခဲ့ပါ။

(က) သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ၊

(ခ) အနာဂတာရမ္မဏာ ဓမ္မာ။

၃။ ဒုကမာတိကာလာ အောက်ပါတို့ကို ကောက်ပြခဲ့ပါ။

(က) ဩဃ၏ အာရုံဖြစ်သော်လည်း ဩဃမမည်သောတရား။

(ခ) စိတ်နှင့်လည်း နီးနှော စိတ်ကြောင့်လည်း ဖြစ်သောတရား။

(ဂ) ဥပါဒါန်နှင့်ယှဉ်သော်လည်း ဥပါဒါန်မမည်သောတရား။

၄။ ဒုကမာတိကာလာ အောက်ဖော်ပြပါ ပါဠိတော်တို့ကို အနက်ပေးခဲ့ပါ။

(က) နိယတာ ဓမ္မာ၊ (ခ) သရဏာ ဓမ္မာ။

၅။ ပဋ္ဌိစ္စသမုပ္ပါဒ်ကို အင်္ဂါအားဖြင့်ရေတွက်ရာ၌ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ– တို့ကို အဘယ့်ကြောင့် သီးခြားမရေတွက်ပါသနည်း? ဖြေဆို၍ လက္ခဏာမာတိကာ ပါဠိတော်တို့ကိုလည်း ရေးပြခဲ့ပါ။

၆။ အောက်ဖော်ပြပါ ပါဠိတို့၌ ယေ ဓမ္မာ– အရ တရားတို့ကို ညွှန်ကြားချက်နှင့်အညီ ခွဲပြပါ။

(က) ဝေဒနာက္ခန္ဓေန ယေ ဓမ္မာ၊ (တတိယနယ)

(ခ) မဂ္ဂသစ္စေန ယေ ဓမ္မာ၊ (စတုတ္ထနယ)

(ဂ) အရူပဘဝေန ယေ ဓမ္မာ၊ (ပဥ္စမနယ)

## ၅။ စစ်ကိုင်းတိုင်း (အဖြေ)

### ပထမငယ်တန်း ။ ။ တိကာမာတိကာနှင့်ဓာတုကထာဘာသာ

၁။ (က) ခြေ, လက်, နား, နှာခေါင်း အစရှိသည်တို့ကို လှုပ်ခြင်းတည်းဟူသော ဒါနဥပပါရမီ၊

(ခ) သူ့အိုး သူ့နှာ၊ သူ့သေ၊ ရဟန်း။

(ဂ) နေ့– ဝါဆိုလပြည့်နေ့၊ နက္ခတ်– အာသဠ္ဍနက္ခတ်။

(ဃ) ကာလ၊ ဒီပ၊ ဒေသ၊ ကုလ၊ မာတုအာယုပရိစ္ဆေဒ။

၂။ (က) သုခသဟဂုတ်စိတ်, မြဲ၊ ဝေဒနာ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ၄၆။

http://www.dhammadownload.com

(ခ) အနာဂတ်တရားကို အာရုံပြုနိုက် မနောဒွါရာဝဇ္ဇန်း၊ ကာမဇော တခုယုတ် ၃၀၊ တဒါရုံ ၁၁၊ အဘိညာဉ် ၂၊ အပ္ပမညာကြဉ်သော စေတသိက် ၅၀။

၃။ (က) လောကီစိတ် ၈၁၊ ဩဠာရိကတရားကိုယ် ၃-ပါးကြဉ်သော စေတသိက် ၄၉၊ ရုပ် ၂၈။
(ခ) စေတသိက် ၅၂။
(ဂ) လောဘမူ ၈၊ ဥပါဒါန်တရားကိုယ် ၂-ပါးကြဉ်သော စေတသိက် ၂၀။

၄။ (က) နိယတာ-စုတိ၏အခြားမဲ့၌လည်းကောင်း, မိမိ၏အခြားမဲ့၌လည်းကောင်း အကျိုးပေးသည်၏ အစွမ်းဖြင့် မြဲကုန်သော၊ (ဓမ္မာ၊ သံဝိဇ္ဇန္တိ)။
(ခ) သရဏာ-ငိုကြွေးကြောင်းဖြစ်သော ရာဂအစရှိသော ကိလေသာနှင့်တကွဖြစ်ကုန်သော၊ (ဓမ္မာ၊ သံဝိဇ္ဇန္တိ)။

၅။ သောကစသည်သည် ဇာတိ၏ မုချအကျိုးမဟုတ်၊ အကျိုးဆက်မျှသာ ဖြစ်သောကြောင့်လည်းကောင်း။ ဇရာ မရဏလျှင် အကြောင်းရှိသော ဒုက္ခ၏အဖြစ်ဖြင့် ဇရာ မရဏ၌ အကျုံးဝင်သောကြောင့်လည်းကောင်း သောက စသည်ကို သီးခြား အင်္ဂါမယူပါ။
ပါဠိတော်- သဘာဂေါ၊ ဝိသဘာဂေါ။

၆။ (က) ယေ ဓမ္မာ- အကြင် သညာ, သင်္ခါရ, သုခုမရုပ်, နိဗ္ဗာန်တို့ကို။
(ခ) ယေ ဓမ္မာ- အကြင် မဂ္ဂသစ္စာကြဉ်သော သင်္ခါရက္ခန္ဓာ ၅၀-တို့ကို။
(ဂ) ယေ ဓမ္မာ- အကြင် ဩဠာရိကရုပ် ၁၂-ပါးတို့ကို။

၆။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ ခွဲ (တနင်္သာရီတိုင်း)
ပထမငယ်တန်း ။ ။ တိကာ ဒုကမာတိကာနှင့်ဓာတုကထာဘာသာ
၁၃၇၀-ပြည့်နှစ်၊ တန်ခူးလဆန်း (၁၂) ရက်၊ (၆-၄-၂၀၀၉) တနင်္ဂနွေနေ့

၁။ ပု,ဒိ,အာ သုံးပါးကို ရရှိရာအချိန်ကာလနှင့် အဘိဓမ္မာခုနစ်ကျမ်းတွင် ပထမဆုံးဟောကြားသောကျမ်း၏ ကဏ္ဍများကို နိဒါန်းလာအတိုင်း ဖော်ပြ၍၊ နောက်ဆုံးတိက်၏ နောက်ဆုံးပဒကိုလည်း အနက်ယောဇနာပြပါ။

၂။ အကျိုးလည်းမဟုတ် အကျိုးလည်းမဖြစ်သောတရားများကို သစ္စာမျှသာဖွဲ့ပြ၍၊ ပရိတ္တာရမ္မဏတိက်၏ ဒုတိယပဒကို အရကောက်ပြပါ။

http://www.dhammadownload.com


၃။ သံယောဇဉ်၏ ကျက်စားရာအာရုံဖြစ်သော်လည်း သံယောဇဉ်မမည်သောတရားများကို ဖော်ပြ၍ (က) ဥပါဒိ၊ (ခ) ဥပါဒိန္န၊ (ဂ) ဥပါဒိန္နာ အရတို့ကို အသီးသီး ကောက်ပြပါ။

၄။ "မနာလိုကင်း ဝန်တိုရှင်း လက်ငင်းချမ်းသာမည်" ဟုဆိုရာ မနာလိုမှုဣဿာ ဝန်တိုမှု မစ္ဆရိယတရားသည် ကိလေသာ မည်နိုင်/မမည်နိုင် ဆုံးဖြတ်ပြ၍ (က) ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းတရား။ (ခ) ဝိုကြွေးခြင်း အကြောင်းတရားများကိုလည်း ဖော်ပြပါ။

၅။ အောက်ပါတို့၏ အရကို ဓာတုကထာ ဥဒ္ဒေသလာအတိုင်း ကောက်ပြ၍ (က)ကိုသာ ခန္ဓာဖွဲ့ပြပါ။

(က) နာမ် ဇာတိ၊ (ခ) ဆွေမျိုးသေ၍ စိတ်ဆင်းရဲသူ။

၆။ ပုရိသိန္ဒြိယေန ယေ ဓမ္မာ-၌ "ယေ ဓမ္မာ" အရတို့ကို ဒုတိယ၊ စတုတ္ထ၊ ပဉ္စမနယ အားလျော်စွာ ကောက်ပြပါ။

## ၆။ တနင်္သာရီတိုင်း (အဖြေ)

ပထမငယ်တန်း ။ ။ တိကာ ဒုကမာတိကာနှင့် ဓာတုကထာဘာသာ

၁။ ပုရိမယာမ်၌- ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊
မဇ္ဈိမယာမ်၌- ဒိဗ္ဗစက္ခုဉာဏ်၊
ပစ္ဆိမယာမ်၌- အာသဝက္ခယဉာဏ်။
ကလ္လာများ- စိတ္တုပ္ပါဒကလ္လာ၊ ရူပကလ္လာ၊ နိဂ္ဂဟကလ္လာ၊ အဋ္ဌကထာကလ္လာ။
**အနက်ပေး-**
အနိဒဿနအပ္ပဋိဃာ-မြင်ခြင်းလည်း မရှိ ထိပါးခြင်းလည်း မရှိကုန်သော၊ ဝါ-မြင်အပ်သည်၏ အဖြစ်လည်း မရှိ ထိပါးတတ်သည်၏အဖြစ်လည်း မရှိကုန်သော၊ ဝါ-မြင်အပ်သည်လည်း မရှိ ထိပါးတတ်သည်လည်း မရှိကုန်သော၊ (ဓမ္မာ၊ သံဝိဇ္ဇန္တိ)။

၂။ ကြိယာစိတ် ၂၀၊ စေတသိက် ၃၅၊ ရုပ် ၂၈-ခုသည် ဒုက္ခသစ္စာ၊ နိဗ္ဗာန်သည် နိရောဓသစ္စာ၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါး။
(မှတ်ချက်) ဝိပါကတိက် တတိယပဒကို ရည်ရွယ်၍ ဖြေထားသည်၊ ပုစ္ဆာ၌ အကျိုးလည်း မဖြစ်ဟူသော စကားသည် အကျိုးကို မဖြစ်စေဟု မေးလိုဟန်တူသည်၊ ယခုပုစ္ဆာအတိုင်း ဆိုလျှင် ဒုတိယပဒ, တတိယပဒ ၂-မျိုးလုံးနှင့် ဆိုင်နေသည်။

http://www.dhammadownload.com

ဒုတိယပဒ အရကောက်–

မဟဂ္ဂုတ်တရားကို မြဲသောအားဖြင့် အာရုံပြုသော ဝိညာဏဉ္စာယတနစိတ် ၃၊ နေဝသညာနာသညာယတနစိတ် ၃၊ စေတသိက် ၃၀။

မဟဂ္ဂုတ်တရားကို အာရုံပြုခိုက် အကုသိုလ် ၁၂၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် ၈၊ မဟာကြိယာ ၈၊ အဘိညာဉ် ၂၊ ဝိရတီ, အပ္ပမညာကြဉ်သော စေတသိက် ၄၇။

၃။ လောကီစိတ် ၈၁၊ သံယောဇဉ်တရားကိုယ် ၈–ပါးကြဉ်သော စေတသိက် ၄၄၊ ရုပ် ၂၈။

(က) ဥပါဒါရုပ် ၂၄၊

(ခ) လောဘ, ဒိဋ္ဌိဟုဆိုအပ်သော ဥပါဒါန်တရားကိုယ် ၂–ပါး။

(ဂ) လောကီဝိပါက် ၃၂၊ စေတသိက် ၃၅၊ ကမ္မဇရုပ် ၂၀။

၄။ ကုသလာ, မဂ္ဂရိယတရားတို့သည် ကိလေသာ မမည်နိုင်။

(က) (ခ)– (ကချင် ၄–ရှု)

၅။ (က) နာမက္ခန္ဓာ ၄–ပါးတို့၏ ဖြစ်ဆဲသည့် နာမ်၏ ဇာတိ။

ခန္ဓာအားဖြင့် သင်္ခါရက္ခန္ဓာ။

(ခ) (ကယား ၅၊ ဃ–ရှု)။

၆။ ဒုတိယ– ဩဠာရိကရုပ် ဒွါဒသ၊

စတုတ္ထ– ပုရိသိန္ဒြေကြဉ်သော သုခုမရုပ် ပန္နရသ၊

ပဉ္စမ– ဩဠာရိကရုပ် ဒွါဒသ၊ ဝိညာဏက္ခန္ဓာ။

၇။ ပထမပြန်စာမေးပွဲ ကျင်းပရေးဖဟိုအဖွဲ့ခွဲ (ပဲခူးတိုင်း/အနောက်ပိုင်း)
ပထမငယ်တန်း ။ ။ တိကမာတိကာ၊ ဒုကမာတိကာနှင့်ဓာတုကထာဘာသာ
၁၃၇၀–ပြည့်နှစ်၊ တန်ခူးလဆန်း (၁) ရက်၊ (၂၆–၃–၂၀၀၉) ကြာသပတေးနေ့

၁။ မာတိကာနိဒါန်းလာ ဘုရားရှင်သည် မည်သည့် ယာမ်၌ မည်သည့် ဉာဏ် ရရှိတော်မူသည်ကို ဖြေဆိုပြီး ရှစ်ခုမြောက်တိကဲ၏ ပဒများကိုလည်း ကျနစွာ အနက်ပေးခဲ့ပါ။

၂။ ပရိတ္တာရမ္မဏတိကဲလာ ဆိုင်ရာတရားတို့အား အမြဲအာရုံပြုသော တရားတို့ကိုသာ ဖြေဆိုပြီး ပရမတ္ထတရားလေးပါးတို့ကိုလည်း ကာလသုံးပါးဖြင့် ဝေဖန်ပြပါ။

http://www.dhammadownload.com


၃။ ဒုကမာတိကာလာ အောက်ပါတရားတို့ကို အရကောက်ပြခဲ့ပါ။
(က) မြင်ခြင်းမရှိကုန်သောတရား။
(ခ) သံယောဇဉ်နှင့်ယှဉ်ကုန်သောတရား။
(ဂ) အာရုံပြုခြင်းမရှိကုန်သောတရား။
(ဃ) ကိလေသာနှင့်ယှဉ်ကုန်သောတရား။
(င) ဝဋ်ဆင်းရဲ၌ အကျုံးမဝင်ကုန်သောတရား။

၄။ နိယျာနိကဒုက်၌ နိယျာနိက ပဒအရ မဂ်စိတ် ၄-ပါးယူရခြင်းအကြောင်းဖြေဆိုပြီး မိမိ ထက်လွန်မြတ်သောတရားစုတို့ကိုလည်း အရကောက်လျက် ခန္ဓာမျှ ဖွဲ့ပြခဲ့ပါ။

၅။ ပဋိစ္စသမုပ္ပါဒ် တစ်ဆယ့်နှစ်ရပ်တွင် ဇာတိတရား၏ အပြားတို့ကို အဓိပ္ပါယ်နှင့်တကွ ဖြေဆိုပြီး၊ အရာရာကိစ္စပြီးစေတတ်သော ဣဒ္ဓိပါဒ်လေးပါးတရားတို့ကိုလည်း တရားကိုယ်များနှင့်တကွ ပြဆိုခဲ့ပါ။

၆။ ဒုတိယနယ၌ ဟောသောတရားအမျိုးအစားကို ဖြေဆိုပြီး၊ ဥပေက္ခိန္ဒြိယေန ယေ ဓမ္မာ ၌ ယေ ဓမ္မာအရတို့ကို တတိယ, စတုတ္ထ, ပဥ္စမနယများနှင့်အညီ ဖြေဆိုခဲ့ပါ။

## ၇။ ပဲခူးတိုင်း/အနောက်ပိုင်း (အဖြေ)

**ပထမငယ်တန်း ။ ။ တိကမာတိကာ၊ ဒုကမာတိကာနှင့်ဓာတုကထာဘာသာ**

၁။ **ယာမ်၌ ဉာဏ်ရရှိခြင်း-** (တနင်္ဂနွေ ၁-၅)

**အနက်ပေး-**

ဒဿနေန ပဟာတဗ္ဗာ-သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်သော၊ (ဓမ္မာ၊ သံဝိဇ္ဇန္တိ)။
ဘာဝနာယ ပဟာတဗ္ဗာ-အထက်မဂ် ၃-ခုသည် ပယ်အပ်ကုန်သော၊(ဓမ္မာ၊ သံဝိဇ္ဇန္တိ)။
နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗာ-သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်သည်လည်း မဟုတ်, အထက်မဂ် ၃-ခုသည် ပယ်အပ်ကုန်သည်လည်း မဟုတ်ကုန်သော၊ (ဓမ္မာ၊ သံဝိဇ္ဇန္တိ)။

၂။ ပရိတ္တတရားကို မြဲသောအားဖြင့် အာရုံပြုသော ဒွေပဥ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃၊ သန္တီရဏ ၃၊ မဟာဝိပါက် ၈၊ ဟသိတုပ္ပါဒ်စိတ် ၁၊ စေတသိက် ၃၃။

http://www.dhammadownload.com


မဟဂ္ဂုတ်တရားကို မြဲသောအားဖြင့် အာရုံပြုသော ဝိညာဏဉ္စာယတနစိတ် ၃၊ နေဝသညာယတနစိတ် ၃၊ စေတသိက် ၃၀။

အပ္ပမာဏတရားကို မြဲသောအားဖြင့် အာရုံပြုသော လောကုတ္တရာစိတ် ၈၊ စေတသိက် ၃၆။

**ပရမတ္ထနှင့် ကာလ ၃-ပါး-**

စိတ်, စေတသိက်, ရုပ်သည် ပစ္စုပ္ပန်, အတိတ်, အနာဂတ်၊

နိဗ္ဗာန်သည် ကာလဝိမုတ်။

၃။ (က) စိတ် ၈၉၊ စေတသိက် ၅၂၊ ရှုပါရုံကြည်သော ရုပ် ၂၇၊ နိဗ္ဗာန်။

(ခ) အကုသိုလ်စိတ် ၁၂၊ (ဉဒ္ဓစ္စ မှောဟ်ကြည်သော) စေတသိက် ၂၇။

(ဂ) ရုပ် ၂၈၊ နိဗ္ဗာန်။

(ဃ) အကုသိုလ်စိတ် ၁၂၊ စေတသိက် ၂၇။

(င) လောကုတ္တရာစိတ် ၈၊ စေတသိက် ၃၆၊ နိဗ္ဗာန်။

၄။ ဝဋ်မြစ်ကို ဖြတ်လျှက် နိဗ္ဗာန်ကို အာရုံပြု၍ ဝဋ် ၃-ပါးမှ ထွက်မြောက်တတ်သောကြောင့် မဂ် ၄-ပါးကိုသာ နိယျာနိက အရ ယူရသည်။

**လွန်မြတ်သော တရားစု-**

လောကုတ္တရာစိတ် ၈၊ စေတသိက် ၃၆၊ နိဗ္ဗာန်။

စေတသိက် ၃၆-ခုတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ၊ သညာသည် သညာက္ခန္ဓာ၊ ဝေဒနာ, သညာမှကြွင်းသော စေတသိက် ၃၄-ခုသည်၊ သင်္ခါရက္ခန္ဓာ၊ လောကုတ္တရာစိတ် ၈-ခုသည် ဝိညာဏက္ခန္ဓာ၊ နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏။

**(မှတ်ချက်)** ဉတ္တရ-လွန်မြတ်သောတရားက လောကုတ္တရာတရား။

သဉတ္တရ-လွန်မြတ်သောတရားနှင့်တကွဖြစ်သောတရားကား လောကီတရား။

၅။ နိပ္ဖန္နရုပ် အဌာရသတို့၏ ဖြစ်ဆဲသည် ရုပ်၏ ဇာတိ၊

နာမက္ခန္ဓာ ၄-ပါးတို့၏ ဖြစ်ဆဲသည် နာမ်၏ ဇာတိ။

**ဣန္ဒြိယပါဒ် ၄-ပါး-**

ဆန္ဒိဒ္ဓိပါဒ်- လောကုတ္တရာစိတ် ၈-ခု၌ရှိသော ဆန္ဒ၊

ဝီရိယိဒ္ဓိပါဒ်- လောကုတ္တရာစိတ် ၈-ခု၌ရှိသော ဝီရိယ၊

http://www.dhammadownload.com


စိတ္တိဒ္ဓိပါဒ်- လောကုတ္တရာစိတ် ၈- ခု၊
ဝီမံသိဒ္ဓိပါဒ်- လောကုတ္တရာစိတ် ၈- ခု၌ရှိသော ပညာ။

၆။ ခန္ဓာတူ၊ အာယတနကွဲ၊ ဓာတ်ကွဲ။
(တစ်နည်း) ခန္ဓာတူ၊ အာယတနတူ၊ ဓာတ်ကွဲ။
ဥပေက္ခိန္ဒြိယေန ယေ ဓမ္မာ အရ-
တတိယ- သညာ၊ သင်္ခါရ၊ သုခုမရုပ်၊ နိဗ္ဗာန်။
စတုတ္ထ- ဥပေက္ခာနွေကြဉ်သော ဝေဒနိန္ဒြေ ၄- ပါး။
ပဉ္စမ- ဩဠာရိကရုပ် ၁၂ပါးဒသ၊ ဝိညာဏက္ခန္ဓာ။

၈။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ပဲခူးတိုင်း အရှေ့ပိုင်း)
ပထမငယ်တန်း။ ။ တိကမာတိကာနှင့်ဓာတုကထာဘာသာ
၁၃၇၀- ခုနှစ်၊ တန်ခူးလဆန်း (၁) ရက်၊ (၂၆-၃-၂၀၀၉) ကြာသပတေးနေ့

၁။ ပါဠိရှိသုံးပါး ကဏ္ဍလေးပါးတို့ကို မာတိကာနိဒ်န်းလာသည့်အတိုင်း ဖြေဆိုပြီး၊ သံကိလိဋ္ဌ တိက် တတိယပဒကိုလည်း အနက်ပေးပြပါ။

၂။ အောက်ပါ (က)(ခ)(ဂ)တို့၏အရကို ကောက်ပြ၍ (ဂ)အရ တရားကိုသာ သစ္စာမှုဖွဲ့ပြပါ။
(က) အနိယတာ ဓမ္မာ၊
(ခ) ဥပ္ပါဒိနော ဓမ္မာ၊
(ဂ) အနာဂတာရမ္မဏာ ဓမ္မာ။

၃။ အောက်ဖော်ပြပါ တရားတို့ကို ဒုကမာတိကာနှင့်အညီ ကောက်ပြပါ။
(က) သံယောဇဉ်နှင့် မယှဉ်သော်လည်း သံယောဇဉ်၏ အာရုံနယ်ပယ်မှ မလွတ် မြောက်နိုင်သေးသောတရား၊
(ခ) ကာသိုလ်တရားတို့ကို ပိတ်ပင်တားဆီးတတ်သော နီဝရဏတို့နှင့် ယှဉ်သောတရား။
(ဂ) ပရာမာသသမ္ပယုတ္တဒုက်မှ အလွတ်ဖြစ်သော တရား၊
(ဃ) ပြင်းစွာစွဲလမ်းတတ်သော ဥပါဒါန်တို့နှင့် ယှဉ်သော တရား၊
(င) ပူပန်စေတတ် နှိပ်စက်တတ်သော တရား။

http://www.dhammadownload.com


၄။ အောက်ပါ (က)(ခ)(ဂ)တို့၏အရကို ကောက်ပြ၍ (ဂ)အရတရားကိုသာ သစ္စာမျှဖွဲ့ပြပါ။
(က) နိယျာနိကာ ဓမ္မာ၊ (ခ) နိယတာ ဓမ္မာ၊ (ဂ)သရဏာ ဓမ္မာ။

၅။ အောက်ပါတို့၏ အရကို ဥဒ္ဒေသနှင့်အညီ ဆိုရိုးကျ ရေးပါ။
(က) ဥပပတ္တိဘဝ၊ (ခ) ပရိဒေဝ၊ (ဂ) ဥပါယာသ။

၆။ အောက်ပါ ဓာတုကထာပါဠိတို့၏ ယေ ဓမ္မာ- အရတို့ကို ညွှန်ကြားချက်နှင့်အညီ စွဲပြပြီး။ ပဋ္ဌမနယအကျဉ်းဆောင်ပုဒ်ကိုလည်း ရေးသားခဲ့ပါ။
(က) သပ္ပဋိဃေဟိ ဓမ္မေဟိ ယေ ဓမ္မာ၊ (ဒုတိယနယနှင့်အညီ)
(ခ) နိရောဓသစ္စေန ယေ ဓမ္မာ၊ (တတိယနယနှင့်အညီ)
(ဂ) ပရိဒေဝေန ယေ ဓမ္မာ၊ (စတုတ္ထနယနှင့်အညီ)
(ဃ) မနိန္ဒြိယေန ယေ ဓမ္မာ။ (ပဋ္ဌမနယနှင့်အညီ)

## ၈။ ပဲခူးတိုင်း/ အရှေ့ပိုင်း (အဖြေ)

### ပထမယေ်တန်း။ ။ တိကမာတိကာနှင့်ဓာတုကထာဘာသာ

၁။ ပါရမီ ၃-ပါး- (ချင်း ၁-ရှု)
တဏှာ ၄-ပါး- (တနင်္သာရီ ၁-ရှု)
အနက်ပေး- (ထင်ရှားပြီ)

၂။ (က) နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ် ၄၊ သတ္တမဇော၊ မာတုဃာတက၊ ပိတုဃာတက၊ အရဟန္တဃာတက၊ လောဟိတုပ္ပါဒက၊ သံဃဘေဒက တည်းဟူသော ပဉ္စာနန္တရိယကံ၏ အစွမ်းဖြင့်ဖြစ်သော ဒေါသမူ ၂၊ သတ္တမဇောမှ တစ်ပါး အကုသိုလ် ၁၂၊ လောကီကုသိုလ် ၁၇၊ ဝိပါက် ၃၆၊ ကြိယာ ၂၀၊ စေတသိက် ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန် ရ၏။
(ခ) အနာဂတ်ဖြစ်သော ဝိပါက် ၃၆၊ စေတသိက် ၃၈၊ ကမ္မဇရုပ် ၂၀။
(ဂ) (စစ်ကိုင်း ၂၊ ခ-ရှု)
သစ္စာဖွဲ့- အနာဂတာရမ္မဏစိတ် ၄၃၊ လောဘကြဉ်သော စေတသိက် ၃၇နှင့်ပညာ သ သည် ဒုက္ခသစ္စာ၊ လောဘသည် သမုဒယသစ္စာ၊ ဤသို့လျှင် သစ္စာ ၂-ပါး။

http://www.dhammadownload.com


၃။ (က) လောကီကုသိုလ် ၁၇၊ လောကီဝိပါက် ၃၂၊ ကြိယာ ၂၀၊ စေတသိက် ၃၈၊ ဥဒ္ဓစ္စ သဟဂုတ်စိတ်၌ မောဟ၊ ရုပ် ၂၈။

(ခ) အကုသိုလ်စိတ် ၁၂-ခု၊ စေတသိက် ၂၇-ခု။

(ဂ) ဒိဋ္ဌိ။

(ဃ) လောဘမူစိတ် ၈၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခုရှိသော လောဘ၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၂၂။

(င) ကိလေသာတရားကိုယ် ၁၀-ပါး။

၄။ (က) မဂ်စိတ် ၄၊ စေတသိက် ၃၆။

(ခ) (စစ်ကိုင်း ၄၊ က-ရှု)။

(ဂ) အကုသိုလ်စိတ် ၁၂၊ စေတသိက် ၂၇။

**သစ္စာဖွဲ့**-အကုသိုလ်စိတ် ၁၂ လောဘကြဉ်သော စေတသိက် ၂၆-ခုသည် ဒုက္ခသစ္စာ၊ လောဘသည် သမုဒယသစ္စာ။

၅။ (က) လောကီဝိပါက် ၃၂၊ ဝိရတီကြဉ် စေတသိက် ၃၅၊ ကမ္မဇရုပ် ၂၀။

(ခ) (ကယား ၅၊ ဃ-ရှု)။

(ဂ) (ကချင် ၅-ရှု)။

၆။ (က) ယေ ဓမ္မာ- အကြောင် သုခုမရုပ် ၁၆-ခုတို့ကို။

(ခ) ယေ ဓမ္မာ- အကြောင် ဝေဒနာ, သညာ, သင်္ခါရ, သုခုမရုပ်တို့ကို။

(ဂ) ယေ ဓမ္မာ- အကြောင် အပရိဒေဝ စိတ္တဇသဒ္ဒ၊ ဥတုဇသဒ္ဒတို့ကို။

(ဃ) ယေ ဓမ္မာ- အကြောင် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, နိဗ္ဗာန်တို့ကို။

**အကျဉ်းဆောင်**-ရူ, ဝေ, ဝိ, စ, သ, အ။

## ၉။ ပထမပြန်စာမေးပွဲ ကျောင်းပရေးဗဟိုအဖွဲ့ ခွဲ (မကွေးတိုင်း)
## ပထမငယ်တန်း ။ ။ တိကမာတိကာနှင့်ဓာတုကထာဘာသာ
## ၁၃၇၀-ခုနှစ်၊ တန်ခူးလဆန်း (၁) ရက်၊ (၂၆-၃-၂၀၀၉) ကြာသပတေးနေ့

၁။ အောက်ပါတို့တွင် (က၊ခ)တို့ကို ဖော်ပြ၍ (ဂ)ကို အနက်ပေးခဲ့ပါ။

(က) အလောင်းတော်နတ်သား၏ နတ်စည်းစိမ်ကို လူတို့၏အရေအတွက်ဖြင့် ခံစားသောနှစ်၊

http://www.dhammadownload.com


(ခ) ဓမ္မသင်္ဂဏီကျမ်း၏ ကဏ္ဍ ၄-ပါး။
(ဂ) သံကိလိဋ္ဌတိက် ပထမပဒ။

၂။ အောက်ဖော်ပြထားသော (က)ကို အရကောက်ပြီးလျှင် (ခ)ကို သစ္စာမျှ ဖွဲ့ပြခဲ့ပါ။
(က) ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ၊
(ခ) အပစယဂါမိနော ဓမ္မာ။

၃။ အောက်ပါတို့တွင် (က)ကို အနက်ယောဇနာ၍၊ (ခ)ကို အရကောက်ပြပါ။
(က) လောကုတ္တရာ ဓမ္မာ၊
(ခ) သံယောဇဉ်နှင့်ယှဉ်၍ သံယောဇဉ်မမည်သောတရား။

၄။ အောက်ပါတို့ကို အသီးသီးဖြေဆိုခဲ့ပါ။
(က) အတွင်းသန္တာန်၌ဖြစ်သောတရား။
(ခ) ဥပါဒါန်နှင့် ယှဉ်ကုန်သောတရား။
(ဂ) တိက်, ဒုက် နှစ်ပါးတို့တွင် တိက်ကိုရှေးဦးစွာ ဟောရခြင်းအကြောင်း။

၅။ ဥပပတ္တိဘဝ၊ မုဒိတာ အမည်ရသော ပရမတ္ထဓမ္မတို့ကို ထုတ်ပြပြီးလျှင်၊ ဓမ္မဓာတု ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတာ-ဟူသော ပုစ္ဆာ၏ ဝိဿဇ္ဇနာပါဠိတော်ကိုလည်း ထုတ်ပြပါ။

၆။ ဖော်ပြပါတို့၌ ယေ ဓမ္မာ-အရ တရားများကို အညွှန်းနယတို့နှင့်အညီ ခွဲပြပါ။
(က) ဖောဋ္ဌဗ္ဗာယတနေန ယေ ဓမ္မာ၊ (ဒုတိယနယ)
(ခ) သမုဒယသစ္စေန ယေ ဓမ္မာ၊ (တတိယနယ၊ စတုတ္ထနယ)
(ဂ) နာမရူပပစ္စယာ သဠာယတနေန ယေ ဓမ္မာ။(ပဉ္စမနယ)

## ၉။ မကွေးတိုင်း (အဖြေ)

ပထမယေ်တန်း။ ။ တိကမာတိကာနှင့်ဓာတုကထာဘာသာ

၁။ (က) ၅၇-ကဏ္ဍ, ၆-သန်း။
(ခ) (တနသာ်ရီ ၁-ရှ)။
(ဂ) (အနက်ပေး ထင်ရှားပြီ)။

http://www.dhammadownload.com


၂။ (က) သောတာပတ္တိမဂ်သည် အကြွင်းမရှိသောအားဖြင့် ပယ်အပ်သော ဒိဋ္ဌိဂတသမ္ပယုတ် ၄၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁၊ မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စကြဉ်သော စေတသိက် ၂၂။
သောတာပတ္တိမဂ်သည် တနကရအားဖြင့် ပယ်အပ်သော အပါယဂမနီယဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄၊ ဒေါသမူ ၂၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာကြဉ်သော စေ ၂၅။
(ခ) မဂ်စိတ် ၄-ခု၌ရှိသော သမ္မာဒိဋ္ဌိ ။ပ။ သမ္မာသမာဓိဟုဆိုအပ်သော သောတာပတ္တိမဂ် ၈-ပါး, ၇-ပါး ။ပ။ အရဟတ္တမဂ် ၈-ပါး, ၇-ပါးသည် မဂ္ဂသစ္စာ၊
ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉-ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏။

၃။ (က) (အနက်ထင်ရှားပြီ)။
(ခ) အကုသိုလ်စိတ် ၁၂၊ သံယောဇဉ်တရားကိုယ် ၈-ပါးကြဉ်သော စေ ၁၉။

၄။ (က) အဗျာကတသင်္ဂြိုဟ်၌ဖြစ်သော စိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈။
(ခ) လောဘမူ ၈၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၌ရှိသော လောဘ၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေ ၂၂။
(ဂ) ယူလွယ်သောကြောင့်လည်းကောင်း, နည်းသောအပြားရှိသောကြောင့်လည်းကောင်း တိက်ကို ရှေးဦး ဟောသည်။

၅။ ဥပပတ္တိဘဝ- (ပဲခူးအရေး, ၅၊ က-ရှု)
မုဒိတာ- ရှုပါဝစရ ပ, ဒု, တ, စတုတ္ထဈာန်၌ရှိသော မုဒိတာစေတသိက်။
**ဝိသုဒ္ဓိမဂ္ဂပါဠိ-**
ဓမ္မာတော အသင်္ခတံ ခန္ဓတော ဌပေတွာ၊ စတူဟိ ခန္ဓေဟိ၊ ဧကေနာယတနေန၊ ဧကာယ ဓာတုယာ သင်္ဂဟိတာ။

၆။ (က) ယေ ဓမ္မာ- အကြင် ပထဝီ, တေဇော, ဝါယောဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံကြဉ်သော ရုပ်ပဉ္စဝိသတို့ကို။
(ခ) ယေ ဓမ္မာ- အကြင် ဝေဒနာ, သညာ, သုခုမရုပ်, နိဗ္ဗာန်တို့ကို။ (တတိယ)
ယေ ဓမ္မာ- အကြင်သမုဒယသစ္စာကြဉ်သော သင်္ခါရက္ခန္ဓာ ၄၉-တို့ကို။(စတုတ္ထ)
(ဂ) ယေ ဓမ္မာ- အကြင် ဝေဒနာ, သညာ, သင်္ခါရ, နိဗ္ဗာန်တို့ကို။

http://www.dhammadownload.com

၁၀။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (မန္တလေးတိုင်း)
ပထမယေ်တန်း။ ။ သုတ္တန္တိကဒုကမာတိကာနှင့် ဓာတုကကထာဘာသာ
၁၃၇၀-ပြည့်နှစ်၊ တန်ခူးလဆန်း (၁) ရက်၊ (၂၆-၃-၂၀၀၉) ကြာသပတေးနေ့

၁။ ဘုရားလောင်း သုမေဓာရှင်ရသေ့ဘဝမှစ၍ ဝေဿန္တရာမင်းဘဝတိုင်အောင် ဘဝတစ်လျှောက်လုံး၌ ဖြည့်ကျင့်ဆည်းပူးခဲ့သော ပါရမီသုံးမျိုးတို့ကို အဓိပ္ပါယ်နှင့်တကွ ရေးပြ၍၊ အဘိဓမ္မာဒေသနာ၏ အကျိုးပေးစွမ်းရည်ကို ဖော်ပြပြီးလျှင်၊ မဂ်လေးပါးတို့ မပယ်အပ်သောတရားတို့ကိုလည်း ကုန်စင်အောင် ရေးပြခဲ့ပါ။

၂။ အောက်ဖော်ပြပါ တိကမာတိကာပါဠိတော်တို့ကု အနက်ပေးပြခဲ့ပါ။
(က) သံကိလိဋ္ဌသံကိလေသိကာ ဓမ္မာ၊
(ခ) အပ္ပမာဏာ ဓမ္မာ၊
(ဂ) အနိဒဿနအပ္ပဋိဃာ ဓမ္မာ။

၃။ အောက်ဖော်ပြပါ (က) (ခ)တို့ကို အရကောက်ပြ၍ (ဂ)အရတရားတို့ကို အာယတနဖွဲ့ပြခဲ့ပါ။
(က) အာသဝနှင့် မယှဉ်သောတရား။
(ခ) ဂန္ထနှင့်သာယှဉ်၍ ဂန္ထမမည်သောတရား။
(ဂ) မှီ၍သာ ဖြစ်သည်မဟုတ်သောတရား။

၄။ ဥပါဒါနဝိပ္ပယုတ္တဥပါဒါနိယဒုက်၏ ဒုက်မုတ်ဖြစ်သောတရားတို့ကို ထုတ်ပြ၍၊ ဝိတက်နှင့်တကွဖြစ်သောတရားတို့ကို ဓာတ်ဖွဲ့ပြပြီးလျှင်၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းတရားတို့ကိုလည်း ဖော်ပြခဲ့ပါ။

၅။ နယမာတိကာ မည်မျှရှိသည်ကို သချိုမျှဖော်ပြ၍၊ လက္ခဏမာတိကာ၏ သဘောအဓိပ္ပါယ်ကို ရေးပြီးလျှင်၊ (က) အညဒြေ (ခ) ပရိဒေဝတို့၏ တရားကိုယ်များကိုလည်း ဓာတုကထာဥဒ္ဒေသနှင့်အညီ ကောက်ပြခဲ့ပါ။

၆။ ဒုတိယနယ၌ မဟောသော အာယတနတို့ကို ဖော်ပြ၍ သမုဒယသစ္စေန ယေ ဓမ္မာ-၌ "ယေ ဓမ္မာ" အရကို (က) တတိယနယ၊ (ခ) စတုတ္ထနယ၊ (ဂ)ပဉ္စမနယတို့နှင့်အညီ ကောက်ပြခဲ့ပါ။

http://www.dhammadownload.com



## ၁၀။ မန္တလေးတိုင်း (အဖြေ)

ပထမငယ်တန်း ။ ။ သုတ္တန္တိကဒုကမာတိကာနှင့် ဓာတုကကထာဘာသာ

၁။ ပါရမီ ၃-မျိုး- (ချင်း ၁-ရှု)

**စွမ်းရည်-** လူ, နတ်, နိဗ္ဗာန် ၃-တန်ချမ်းသာကို ပေးစွမ်းနိုင်သည်။

**မပယ်အပ်သောတရား-**

ကုသိုလ် ၂၁၊ ဝိပါက် ၃၆၊ ကြိယာ ၂၀၊ စေ ၃၈၊ ရုပ် ၂၈၊ နိဗ္ဗာန်။

၂။ (အနက်ပေး ထင်ရှားပြီ)

၃။ (က) ကုသိုလ် ၂၁၊ ဝိပါက် ၃၆၊ ကြိယာ ၂၀၊ စေ ၃၈၊ ဒေါသမူ ၂ မောဟမူဒွေ့ ၂ မောဟ၊ ရုပ် ၂၈၊ နိဗ္ဗာန်။

(ခ) လောဘမူ ၈၊ ဒေါသမူ ၂၊ ဂန္ထတရားကိုယ် ၃, ဝိစိကိစ္ဆာကြဉ်သော စေ ၂၃။

(ဂ) ပထဝီ, တေဇော, ဝါယောဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန၊ စိတ် ၈၉-ခုသည် မနာယတန၊ စေ ၅၂ အာပေါ, နိဗ္ဗာန်သည် မနာယတန၊ ဤသို့လျှင် အာယတန ၃-ပါး။

၄။ လောဘမူ ၈၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၌ရှိသော လောဘ၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေ ၂၂။

**ဓာတ်ဖွဲ့-** ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်းဒွေ့သည် မနောဓာတ်၊ ကြွင်းသော သဝိတက္ကစိတ် ၅၂-ခုသည် မနောဝိညာဏဓာတ်၊ စေတသိက် ၅၁-ခုသည် ဓမ္မဓာတ်၊ ဤသို့လျှင် ဓာတ် အားဖြင့် ၃-ပါး။

**ထွက်မြောက်ကြောင်းတရား-** (ကချင် ၄၊ ခ-ရှု)။

၅။ နယမာတိကာ ၁၄-ပါး။

**သဘောအဓိပ္ပါယ်-**

သမ္ပယောဂနည်း, သင်္ဂဟနည်းတို့နှင့် သင့်တင့်သော သဘောလက္ခဏာ၊

သမ္ပယောဂနည်း, သင်္ဂဟနည်းတို့နှင့် မသင့်တင့်သော သဘောလက္ခဏာ။

(က) အထက်မင် ၃၊ အောက်ဖိုလ် ၃-ခု၌ရှိသော ပညာစေတသိက်။

(ခ) (ကယား ၅၊ ဃ-ရှု)။

http://www.dhammadownload.com


၆။ မနာယတန၊ ဓမ္မာယတန။
ယေ ဓမ္မာ အရများ– (ကချင် ၆–၅)။

၁၁။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (မွန်ပြည်နယ်)
ပထမငယ်တန်း ။ ။ မာတိကာ/ ဓာတုကထာဘာသာ
၁၃၇၀–ခုနှစ်၊ ဓနှောင်တန်ခူးလဆန်း (၁၂) ရက်၊ (၆–၄–၂၀၀၉) တနင်္လာနေ့

၁။ ဓမ္မသင်္ဂဏီကျမ်း၌ ပောတော်မူအပ်သော ကဏ္ဍကြီး ၄–ရပ်နှင့် အလောင်းတော်နတ်သား နတ်စည်းစိမ် ခံစားရသော နှစ်အပိုင်းအခြားကို တုသိတာနတ်တို့၏ အရေအတွက်, လူတို့၏ အရေအတွက်အားဖြင့် ဖော်ပြ၍ အရကောက်ရာ၌ နိမ္မာန်မပါဝင်သော တိက်များကိုလည်း အမည်မျှ ဖော်ပြပါ။

၂။ အောက်ပါ (က–ခ) တို့ကို အနက်ယောဇနာ၍ (ဂ) ကို အရကောက်ပြီးလျှင် ခန့်,အာ, ဓာတ်တို့ကို သချ်ာမျှ ဖော်ပြပါ။
(က) မဂ္ဂါဓိပတိနော၊ (ခ) အနုပ္ပန္နာ ဓမ္မာ၊ (ဂ) ရဟန္တာတို့၏ ဥစ္စာဖြစ်သောတရား။

၃။ နိမ္မာန်တစ်ခုတည်းကို ကောက်ရသော ဒုက်အမည်များကို ဖော်ပြ၍ အောက်ပါတရားတို့ကိုလည်း မမှားအောင် ကောက်ပြပါ။
(က) နီဝရဏ၏ အာရုံသာဖြစ်၍ နီဝရဏ လုံးဝမမည်သောတရား။
(ခ) သံယောဇဉ်နှင့် မယှဉ်သော်လည်း သံယောဇဉ်မည်သောတရား။
(ဂ) ကေနစိဝိညေယျာ–၌ ကေနစိ အရ မနောဓာတ် ၃–ခုကို ယူခဲ့သော် ဝိညေယျာ အရ ဖြစ်သင့်သော်တရား။

၄။ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်သောတရားကို သစ္စာမျှ ဖွဲ့ပြ၍ နိယျာနိက အရ မဂ်လေးခုကိုသာ ကောက်၍ ဖိုလ်လေးခုကို မကောက်ရခြင်း အကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။

၅။ ဗာဝီသတိန္ဒြိယာနိ–၌လာသော ဝီရိယိန္ဒြေနှင့် ပဥ္စိန္ဒြိယာနိ–၌လာသော ဝီရိယိန္ဒြေတို့၏ အရကောက်ထူးခြားပုံကို ဖြေဆို၍ တတိယနယလာ အကျဉ်းဥဒ္ဒိန်းစဉ်ဂါထာကိုလည်း ပါဠိရေးပြပါ။

http://www.dhammadownload.com


၆။ အောက်ဖော်ပြပါတို့၌ ယေ ဓမ္မာ အရတရားများကိုလည်း အညွှန်းနယများနှင့်အညီ ခွဲဆိုပြပါ။

(က) ပရိဒေဝေန ယေ ဓမ္မာ- စတုတ္ထနယ၊

(ခ) ကေဝေါကာရဘဝေန ယေ ဓမ္မာ-ပဥ္စမနယ၊

(ဂ) အသညာဘဝေန ယေ ဓမ္မာ- ဒုတိယနယ။

၁၁။ မွန်ပြည်နယ် (အဖြေ)

ပထမငယ်တန်း။ ။ မာတိကာ/ ဓာတုကထာဘာသာ

